www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အသင်

## အကြင်နာတကယ်စစ်ရှင်

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅. ၈၃

အသင်

အကြင်နာတကယ်စစ်ရှင် အသင် (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၃

၂၄၀ -စာ၊ ၅×၇

(၁) အကြင်နာတကယ်စစ်ရှင်

BURMESE CLASSIC .com



# အသင်

## အကြင်နာ
## တကယ်စစ်ရှင်

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အသင်၏ ထွက်ရှိပြီးစာအုပ်များ

၁။ ညဉ်၏ ရစ်ပတ်နှောင်ဖွဲ့တတ်သော
(လ‌ပ်ကီးဘော့စ်) ဗီဒီယိုမှဝယ်ယူပြီး)
၂။ မိုးပြောတဲ့နှင်းဆီပုံပြင်
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)
၃။ ဝိုင်ချိုချိုလေးတစ်ခွက်
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)
၄။ ကောင်းကင်ဘုံသို့တမ်းချင်းတစ်ပုဒ်
၅။ ကြင်ယာတော် ခခလေး
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)
၆။ ပန်းနုရောင်သင်္ကေတလေးရဲ့ အနားသက်မှာ
(စိမ်းဝါနီ ဗီဒီယိုမှဝယ်ယူပြီး)
၇။ ရင်သို့ကြွေလင်းလတစ်စင်း
၈။ စံပယ်တစ်ခင်းပေးရန်ရှိသည်
ယခုလ
၉။ အကြင်နာတကယ်စစ်ရင်
ဆက်လက်၍
၁၀။ အချစ်မှော်နှင်တဲ့ အမုန်းယာဉ်

BURMESE CLASSIC .com



## ၁

လမိုက်ညရဲ့သန်းခေါင်ယံ၊ တိမ်သလ္လာတွေ လွှမ်းခြုံထားတဲ့ ကောင်းကင်တစ်ခွင်မှာ ဘော်ငွေကြယ်လေးတွေပါ ပျောက်ဆုံးလို့ ပိန်းပိတ်အောင် မည်းမှောင်နေသည်။ တန်ဆာမရှိတဲ့ အာကာသယံက အရုပ်ဆိုးသလို အထီးကျန်လည်း ဆန်လွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်းကင်ရဲ့အောက် အသည်းကွဲလူသားတစ်ယောက်ရဲ့ ရင်ထဲမှာလည်း အလင်းမရှိ မှောင်မိုက်လွန်းနေသည်။

"မေ့လိုက်တော့နော်"

ဒီလိုစကားမျိုး သုန္ဒြာရဲ့ နှုတ်ဖျားက ထွက်ကျလာမည်ဟု သူ စိုးစဉ်းမျှ မတွေးမိဖူးခဲ့။ သူတို့အတွက် လှပတဲ့ အနာဂတ်တွေသာ စောင့်ကြိုနေလိမ့်မည်ဟု သူ ယုံကြည်ထားခဲ့သည်လေ။

"ချစ်လို့မရတော့လို့ပါ"တဲ့။

အကြောင်းပြချက်က ထက်လှတဲ့ ဓားသွားတစ်ခုနှယ် သူ့နှလုံးသားကို ပွစာကြဲသွားအောင် နုပ်နုပ်စင်းပစ်လိုက်သည်။ သူ ခပ်တိုးတိုး ရယ်မောမိသည်။ ဝရန်တာဆီ မျက်စိလည်လမ်းမှား ရောက်လာသော ပိုးစုန်းကြူးလေးခမျာ သူ့ရယ်သံခြောက်ကပ်ကပ်ကြောင့် လန့်ဖျပ်သွားရှာသည်။

ဘာကြောင့်လဲ သုန္ဒြာ၊ ဘာကြောင့် ပြောင်းလဲသွားရတာလဲ။ ရင်ထဲမှာ မထွေးနိုင်မအန်နိုင်အောင် တင်းကျပ်တစ်ဆို့





နေသည်။ ဘယ်လိုတွေးတွေး အဖြေရှာမရသော ဒီပုစ္ဆာကိုသာ သူ အချိန်ရှိသရွေ့ တွက်ထုတ်နေမိသည်။

လေတိုက်တာနဲ့ လွင့်မြောသွားတတ်တဲ့ တိမ်လိုအချစ်မျိုးတို့ မဟုတ်ခဲ့ဘူး။ ရေပေါ်မှာ အရုပ်ရေးသလို အရာမထင်တဲ့ သံယောဇဉ်မျိုးတို့ မဟုတ်ခဲ့ဘူးလေ သုန္ဒြာ။ မေတ္တာကိုအုတ်မြစ်ချ၊ အချစ်တွေနဲ့ တံတိုင်းခတ်ပြီး သံယောဇဉ်နဲ့ အုပ်မိုးလို့ နားလည်မှုတွေနဲ့ တည်ဆောက်ထားတဲ့ ဒီဆက်ဆံရေးကိုမင်း ဘာကြောင့်အမြစ်ပါမကျန်အောင် ရှင်းထုတ်ချင်ရတာလဲ။

"ဟင့်အင်း သုန္ဒြာ ... မင်းကို မစွန့်လွှတ်ပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂

သုန္ဒြာနဲ့ မတွေ့ခင်ကအထိတော့ သူက စာကြမ်းပိုး တစ်ယောက် ဖြစ်ခဲ့ဖူးသည်။ ရသမှုအချိန်အနည်းငယ်လေးကအစ သူ့အတွက် စာကြည့်ချိန်အဖြစ် သုံးခဲ့သလို၊ ကွန်ပျူတာရှေ့မှာလည်း သူ့အချိန်တွေကို အရည်ဖျော်ခဲ့ဖူးသည်။ သူ့အတွက်





ကွန်ပျူတာတစ်လုံးနဲ့ စာအုပ်တွေရှိနေရင် အားလုံးပြည့်စုံပြီလို့ အထင်ရောက်တုန်း ကံကြမ္မာကကျီစယ်လို့ သုန္ဒြာ ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို သူ့နှလုံးသား နယ်နိမိတ်ထဲ တွန်းပို့ခဲ့သည်။

"ဟဲ့ ... ဟိုကိုယ်တော်က ဘာအထာလဲဟ"

ကွန်ပျူတာတက္ကသိုလ်ရဲ့ ကန်တင်းတစ်ခုအတွင်း ဆက်ရက်တစ်အုပ်ကျလာသလို ဘေးဘီဝဲယာ ဂရုမစိုက်ဘဲ တစ်ယောက်နဲ့တစ်ယောက် စကားတွေ ရေပက်မဝင်အောင် ဆူညံတွတ်ထိုးတတ်သော ဆွေသုန္ဒြာတို့ အုပ်စုကို တစ်ချက်ကလေးတောင် မျက်လုံးလှန်မကြည့်တဲ့ ထောင့်စားပွဲက ကျောင်းသားတစ်ယောက်ကို ဆွေသုန္ဒြာ သတိပြုမိသွားသည်။

"သူ့ကို ငါ မဲ့စတာတန်းဘက်မှာ တွေ့ဖူးသလိုပဲ"

ရွှန်းပပ စကားကြောင့် ဆွေသုန္ဒြာ မျက်ခုံးလေးပင့်၊ ပခုံးလေးတွန့်ရင်း ...

"ဒါဆို သူက ဆရာကြီးပေါ့"

"ဘာလဲ ... နင် သူ့ကို စိတ်ဝင်စားလို့လား သုန္ဒာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငါက သူချိုးထားတဲ့ Style က အစစ်လား၊ အတုလား သိချင်ရုံလေးပါ"

"ဘာကိုပြောတာလဲ သုန္ဒြာရဲ့"

သွဲ့သဥ္ဇာက ဆွေသုန္ဒြာရဲ့စကားကို နားမလည်ဟန် နဝေတိမ်တောင်နဲ့ အမေးကို ဆွေသုန္ဒြာက လည်ချောင်းတစ်ချက်ဟန့်လိုက်ပြီး ...

"တချို့က မိန်းကလေးတွေ အထင်ကြီးအောင် မခုတ်တတ်တဲ့ကြောင်လေးလို ရိုးသားတဲ့ ဖိုးသခွားလို စတိုင်လ်အပြည့်ဖမ်းတတ်ကြတယ်လေ၊ အချဉ်မိသွားတဲ့ မိန်းကလေးတွေမှာတော့ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ ဆိုသလို ဒဏ်ရာကြီးကြီး ရသွားမှ နောင်တ,ရကြတာပေါ့"

"ဘာလဲ ... နင်က သူ ဟန်ဆောင်ထားတယ်လို့ ထင်တာလား၊ တကယ်လို့ အဲဒီ style က အစစ်ဆိုရင်ရော"

"အစစ်ဆိုရင်တော့ ဖြစ်နိုင်ချေ နှစ်ခုရှိနေတယ်၊ တစ်ခုကတော့ သူက သိပ်အတ္တကြီးတဲ့လူ ဖြစ်ရမယ်၊ ဒါကြောင့်





သူ့အလုပ်သူပဲ ဂရုစိုက်ပြီး တခြားကို ဂရုမစိုက်တတ်တာ၊ နောက်တစ်ခုကတော့ သူက 'ဆိုခဲစေ မြဲစေ'လူစားမျိုးပဲ၊ မချစ်ရင်လည်းနေရော ချစ်မိပြန်ရင်လည်း သေတဲ့အထိ အချစ်ကြီးမယ့်သူမျိုးပေါ့"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

သူငယ်ချင်းမလေးတွေက ဆွေသုန္ဒြာရဲ့စကားကို သဘောကျဟန် လက်ခုပ်ထ,တီးကြသည်။ ဒါကိုလည်း သူကြားဟန်မတူ။ သူ့ခေါင်းက လုံးဝမော့မလာခဲ့။ နားရောပါရဲ့လားမသိ။

"ဟုတ်ပြီ ... ဒီတော့ နင် သူ့ကို ဘယ်လိုထင်လဲ သုန္ဒြာ၊ နင့်အထင်ပေါ့"

"အင်း"

ဆွေသုန္ဒြာက ပညာရှိတစ်ယောက် စဉ်းစားဟန်မေးစေ့ကိုပွတ်လျက် သူမနှင့် မျက်နှာချင်းဆိုင် အနေအထားတွင် ရှိနေသော ရိုးသားအေးဆေးပုံရသော ထိုလူသားဆီ အကြည့်ပို့ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ဘဲလ် တီးသံနှင့်အတူ သူကလည်း သံပတ်ပေးထားသလို စာအုပ်ကို သူ့ကျောပိုးအိတ်ထဲထည့်ပြီး ခေါင်းမော့လာသည်။ ဆံပင်ကို သပ်သပ်ရပ်ရပ် တိုတိုကတ်ကတ် ညှပ်ထားပြီး ယောကျ်ားချော ချောသော သူ့ရဲ့မျက်နက်ဝန်းတွေနှင့် သူ့ဆြာ မျက်ဝန်းတွေ လမ်းခုလတ်မှာ ဆုံသွားခဲ့သည်။

ကြည်လင်ဝိုင်းစက်သော မျက်လုံးတစ်စုံနှင့် အမှတ်တမဲ့ဆုံခိုက် သူ့နှလုံးသားက ရုတ်တရက် ထဲ့ခုန်သွားသည်။ ဒီမျက်လုံးလေးတွေ၊ ဒီမျက်လုံးလေးတွေက သူနဲ့ သိပ်ရင်းနှီးဖူးသလိုလို။ လှိုက်မောသွားသော သူ့ရင်တွင်းခံစားမှုကို သူကိုယ်တိုင်တောင် နားမလည်ခဲ့။

"ဟင်း ဟင်း ဟင်း ... ငါသိသွားပြီ အစစ်ပော့ ... အစစ်"

ထိုကောင်မလေးအုပ်စုနား သူဖြတ်အလျှောက် လှပသောမျက်ဝန်းပိုင်ရှင် ကောင်မလေးဆီက အသံလွင်လွင်လေး ထွက်လာသည်။ ဘာကိုရည်ရွယ်မှန်းတော့ သူ မသိ။ နောက်နားဆီမှ ထိုကောင်မလေးအုပ်စု၏ တိုးစိတိုးစိ ပြောသံနှင့် ရယ်သံ





လေးတွေ သူ ကြားနေရသည်။ သူမ ဘယ်သူလဲ။ ဘာကြောင့် ဒီမျက်ဝန်းတွေရဲ့အကြည့်မှာ သူ တုန်လှုပ်သွားရတာလဲ။

ထွက်သွားတဲ့လူရဲ့နောက်ကျောကို ကြည့်ပြီး ဆွေသုန္ဒြာ လွန့်လွန့်လေး ပြုံးနေသည်။

"အစစ်ကတော့ ဟုတ်ပါပြီ၊ ဘယ်လိုအစစ်မျိုးလဲ သုန္ဒြာ၊ အတ္တကြီးတဲ့လူလား၊ အချစ်ကြီးမယ့်လူလား"

"သူက အချစ်ကြီးမယ့်သူမျိုးပါ"

"ခိ ခိ ... ခစ် ခစ်"

ရယ်နေရာမှ သွဲ့သဥ္ဇာ၊ ရွှန်းပပနှင့် ပန်းစက်ရာတို့က မျက်နှာပိုး ပြန်သတ်လိုက်ကာ ...

"နင် ဘာကြောင့်ပြောနိုင်တာလဲ သုန္ဒြာ၊ ငါတို့ယုံအောင် သက်သေပြနိုင်မလား"

ပန်းစက်ရာရဲ့ သွေးတိုးစမ်းစကားကြောင့် ဒီမိန်းမတွေ သူမကို အချွန်နဲ့လာမ,နေပြီမှန်း သုန္ဒြာ အတပ်သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ငါ့ကိစ္စ မဟုတ်ဘူးလေ၊ သက်သေပြရလောက်အောင် ငါစိတ်မပါဘူး၊ ငါက အလန်းစားတွေပဲ မျက်လုံးထဲထည့်တာ နင်တို့ သိပါတယ်"

"ကျောင်းတက်တော့ ကျောင်း uniform ပဲဝတ်တာ ဘာဆန်းလို့လဲ၊ အပြင်သွားရင်တော့ သူလန်းချင် လန်းမှာပေါ့၊ gentleman style လေးပါဟာ။ ချောလည်းတော်တော်ချောပါတယ်"

"နေပါဦး ... ရှင်တို့ ကျွန်မကို ဘာဖြစ်စေချင်ကြတာလဲ"

"ဟဲ ဟဲ"

သုံးယောက်သား မျက်နှာပေါ်မှာ တူညီသောအရောင်တစ်ခု ဖြတ်ပြေးသွားသည်။ တော်ငယ်ကတည်းက တတွဲတွဲမခွဲခဲ့သော သူငယ်ချင်းတွေမို့ သင်းတို့စိတ်ထဲမှာ ဘာတွေရှိနေမှန်း ထုတ်မပြောလည်း သုန္ဒြာ သိလိုက်သည်။

လေးယောက်သား ထ,ရပ်လို့ အတန်းပြန်ဝင်ရန် ပြင်ဆင်လိုက်ကြသည်။ ထမင်းချိုင့်ကောက်ကိုင်ရင်း ပန်းစက်ရာက စကားပြန်ဆက်သည်။





"အဲဒီလိုလူတစ်ယောက်ရဲ့ အချစ်ကြီးအချစ်ခံရမယ့် မိန်းကလေးက နင်လားလို့ ငါတို့ သိချင်တယ်"

"ဟုတ်တယ် သုန္ဒြာ ... သူ့နှလုံးသားထဲကို နင်ထိုးဖောက်ဝင်ရောက်နိုင်ပါ့မလား"

"ဘာရယ် ... ငါက ... ဟုတ်လား၊ ဘာကြောင့် ငါဖြစ်ရမှာလဲ"

"ဘာကြောင့်လဲဆိုတော့ နင်က သိပ်လှတယ်လေ၊ လုပ်စမ်းပါဟာ၊ ငါတို့ တကယ်သိချင်လို့ပါ"

ချီးမွမ်းသလိုလိုနဲ့ မြှောက်ထိုးပင့်ကော် လုပ်နေကြပြီမှန်း သုန္ဒြာ သိလိုက်သည်။ ငြင်းပြန်ရင်လည်း ဒီမိန်းမတွေ ခဏခဏ အနားက စကားနာထိုးတာ ခံရမည်။ လက်ခံလိုက်ပြန်တော့လည်း ရန်သူတစ်ယောက် တိုးမည်လေ။ ဘာလို့လဲဆိုတော့ သုန္ဒြာက propose လာလုပ်တဲ့ ယောကျ်ားတွေကို အဖြေပေးဖို့ ဝါသနာမပါခဲ့လို့ပေါ့။ အင်းလေ ... ဘာတတ်နိုင်မှာလဲ။ ပရိသတ်တွေက ပွဲတောင်းနေပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... တစ်လအတွင်း သူ ငါ့ကိုအကြွေကြီး ကြွေစေရမယ်"

"ဒါမှ ဆွေသုန္ဒြာကွ"

သုန္ဒြာရဲ့အကြည့်တစ်ချက်မှာ သူ့နှလုံးသားတစ်ချက် ယိုင်သွားတာ အပိုင်သိထားတာပဲ။ ဘာခက်တာမှတ်လို့။





## ၃

"သူနာမည်က မင်းဆန္ဒ,တဲ့။ အလုံမှာနေတယ်။ သူ့မှာ အစ်မတစ်ယောက်နဲ့ ညီတစ်ယောက်ရှိတယ်၊ သူ့အစ်မက အမေရိကန်ကကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေတယ်၊ သူ့ညီလေးက ဒီနှစ်မှ ဆယ်တန်း"



www.burmeseclassic.com

www.burmeseclassic.com



ဆွေသုန္ဒြာရဲ့ တစ်ပတ်အတွင်း စုံစမ်းထားတဲ့ သတင်းကြောင့် သုံးယောက်သား မျက်လုံးပြူးသွားကြသည်။

အချိန်တို လေးအတွင်း ဒီမိန်းမ ဘယ်လိုသိသွားလဲ စဉ်းစားလို့မရကြ။

"မာစတာတန်းမှာ ငါ့အစ်မသူငယ်ချင်းတစ်ယောက်ရှိတယ်လေ၊ အခန်းထဲမှာ သူ့ကို 'တေမိ' လို့ ခေါ်ကြတာတဲ့၊ သူ့မှာ ကောင်မလေးမရှိဘူး၊ မိန်းကလေးတွေလည်း စိတ်မဝင်စားဘူးဆိုပဲ"

"စိတ်ဝင်စားစရာပဲ၊ နင့်ကို ကြွေသွားအောင် သူ့ကိုလုပ်ဖို့ တစ်လလောက်နဲ့ ဖြစ်ပါ့မလား"

"တစ်လဆိုတာ ရက်သုံးဆယ်ကြီးများတောင်လေ၊ ဆွေသုန္ဒြာအတွက် အချိန်က အဓိက မဟုတ်ပါဘူး"

ကျောတစ်ဝက်အထိ ရှည်အိစင်းနေသော ဆံပင်လေးတွေကို ဘီးကျဲကျဲနှင့် ဖြီးသင်ရင်း သုန္ဒြာဆိုသည်။ အင်ဂျလီနာဂျိုလီလို အောက်နှုတ်ခမ်းအချိုင့်လေးနှင့် သူမ ပြုံးလိုက်လျှင်





တွေ့တွေ့သမျှ ပုရိသတို့က အသက်ရှုရပ်မတတ် ငေးစိုက်မိသွားသည်ချည်းလေ။ တောက်ပစွန်းလဲ့သော မျက်ဝန်းတစ်စုံရဲ့ တစ်ချက်ဝင့်အကြည့်မှာ ကြွေဆင်းသွားတဲ့သူတွေကလည်း တစ်ပုံတစ်ပင်ပေါ့။

"ဖုန်းနဲ့အီးမေးလ်ရောလား"

"ရှိးပါတယ်ဟာ"

"စာရေးမှာလား"

"အဲဒီခေတ် ကျန်ခဲ့ပြီလေ"

"ဒါဆို သူ့ account ကို message ပို့မှာလား"

"ဟင့်အင်း ... ဝေးပါတယ်၊ အဲဒါကို စုံစမ်းနေရတာနဲ့တင် အချိန်ကုန်သွားမှာပေါ့၊ နင်တို့ ပြောတာတွေအားလုံး တစ်ခုမှ ငါမလုပ်ဘူး၊ စဉ်းစားကြည့် ... ဒါတွေအားလုံး တစ်ခုမှ လူလုံးထွက်မပြတဲ့ ခိုးကြောင်ခိုးဝှက်လုပ်ရပ်တွေပဲ၊ အဓိက,က ငါ့အလှနဲ့ သူ့ကိုဖြားယောင်းမှာ၊ ငါ့အလှကို သူ သတိပြုမိအောင် လုပ်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး … ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ သူက မကြည့်တော့ အခက်သားလား … ဟား ဟား ဟား"

ရွှန်းပပ စကားက သူမကို ခနဲ့သလိုလိုမို့ သုန္ဒြာ မျက်မှောင်ကြုတ်လိုက်သည်။

"ဒါကတော့ ငါ့အကြောင်းပဲလေ၊ တစ်လပြည့်လို့ သူ ငါ့ရှေ့ဒူးထောက်လာရင် နင်တို့ ငါ့ကိုဘယ်လိုဂုဏ်ပြုမယ် စဉ်းစားထားလဲ"

အပိုင်ကြီးပြောနေသော ဆွေသုန္ဒြာ စကားကြောင့် သုံးယောက်သား တစ်ချက်တွေဝေသွားပြီးမှ …

"နင် ရှော့ပင်တစ်ခါထွက်စာကို ငါတို့သုံးယောက် အချိုးကျ အကုန်ကျခံမယ်ဟာ"

"That's great"

ဆွေသုန္ဒြာက လက်ဖျောက်တစ်ချက်တီးရင်း အလုပဆုံး ပြီးထားသည်။ ဘာခက်တာမို့လို့လဲ၊ ဆွေသုန္ဒြာ အလိုရှိရင် နတ်သားတစ်ပါးတောင် ကြွေဆင်းသွားစေရမယ်။





## ၄

ထိုင်နေရာမှ သုတ်ခနဲထသွားသော ဆွေသုန္ဒြာရဲ့ အပြုအမူကြောင့် သူငယ်ချင်းမသုံးယောက်တို့ သူမခြေဦးတည်ရာ ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။ ထောင့်စားပွဲမှာ ကော်ဖီတစ်ခွက် ရှေ့ချလို့ လောကကြီးကို ဖုတ်လေတဲ့ငါးပိ ရှိနေသည်



www.burmeseclassic.com

www.burmeseclassic.com



သဘောမထားဘဲ စာအုပ်ထဲစျာန်ဝင်စားနေသည့် မင်းဆန္ဒဆီ တည့်တည့်ကိုသွားနေတာ။

"ဟယ် ... ဒုက္ခပဲ၊ ဒီမိန်းမ ဘာသွားလုပ်မလို့လဲ၊ ပရိုပိုဇ် များ လုပ်မလို့လား"

"အေး ... ဒါမှ ပြဿနာ၊ ဒီမိန်းမတော့ လုပ်ချလိုက်ပြန် ပြီ"

"နင်တို့ကလည်း ... သူ ဘာလုပ်မလဲဆိုတာပဲ ကြည့်ပါ၊ ထင်တာတွေ စွတ်စွတ်ပြောမနေနဲ့"

ရှန်းပပ စကားကြောင့် ပန်းစက်ရာနှင့် သွဲ့သဥ္စာတို့ ပါးစပ်ပိတ်သွားကြပြီး ခေါင်းကိုထောင်လို့ အသက်ပင်ဝဝမရှူမိ ကြဘဲ မျက်တောင်မခတ်တမ်း ဆွေသုန္ဒြာကိုလှမ်းကြည့်နေကြသည်။

"ဒီမှာရှင့်"

ကောင်မလေးတစ်ယောက် သူ့စားပွဲရှေ့ ခြေစုံရပ် ပြီး ခပ်ဆတ်ဆတ် ခေါ်သံကြောင့် သူ မော့အကြည့် မေ့မရသော မျက်ဝန်းပိုင်ရှင်မလေးကိုအတွေ့ ရင်ထဲ လုပ်ခနဲ အေးသွားသည်။





"ကျွန်တော့်ကို ခေါ်တာလား"

"ဟုတ်တယ်လေ ... ဒီစားပွဲမှာ ရှင်ပဲရှိတာ၊ ရှင့်မခေါ်လို့ ဘယ်သူ့ခေါ်ရမလဲ"

"ဘာကိစ္စများလဲ"

"အပန်းမကြီးဘူးဆိုရင် မမမိုးသောက်ပန်းကို ဒီစာအုပ်လေး ပေးပေးပါလား၊ ရှင်က မာစတာတန်းက မဟုတ်လား"

"အင်း ... ရပါတယ်၊ ဘယ်သူပေးတယ် ပြောပေးရ မလဲ"

ဆွေသုန္ဒြာ ကမ်းပေးတဲ့စာအုပ်ကို လှမ်းအယူ သူမ ရဲ့ဖြူသွယ်ရှည်လျားသော လက်ချောင်းလှလှလေးတွေ၊ အဲဒီမှ တစ်ဆင့် သပြေသီးမှည့်ရောင် ဆိုးထားသော မတိုမရှည် လက် သည်းလှလှလေးတွေဆီ သူ အကြည့်ရောက်သွားသည်။ ပြီးတော့ သူမရဲ့ စိမ်းဖန့်ဖန့်လက်မွေးနုနုလေးတွေဆီ။

"ဆွေသုန္ဒြာလို့ ပြောလိုက်ပါ၊ သူ သိပါတယ်၊ ပေးဖြစ် အောင် ပေးပေးပါနော်၊ ကျေးဇူးပဲ"



www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်ကြည့်လေ သူမလေးက ပြစ်မျိုးမဲ့မတင် ချောမောလေပဲဖြစ်သည်။ မျက်နှာလေးကလည်း တည်တည်တင်းတင်းလေး။

စိုက်ကြည့်နေတဲ့ သူ့မျက်ဝန်းတွေကြောင့် အောင်မြင်မှုပန်းဝင်ဖို့ လမ်းတစ်ဝက်ရောက်နေပြီမှန်း သုန္ဒြာ အတွေ့အကြုံအရ သိလိုက်သည်။ ဒီလိုပဲ ဖြစ်ရမှာပဲပေါ့။

ချာခနဲ လှည့်ထွက်သွားသော သူမဆီမှ ရေမွှေးနံ့လေး သူ့နှာခေါင်းကို လာရောက်မိတ်ဆက်သည်။ စံပယ်ရနံ့လိုလို၊ ပုန်းညက်နံ့လိုလို၊ မွှေးပြီးကြည်နေသည်။ ဆွေသုန္ဒြာ နောက်ကျောဆီ ကပ်ပါသွားသော သူ့အကြည့်တွေကို သူမ သူငယ်ချင်းတွေဖမ်းမိသွားတာမို့ သူ အရှက်သည်းစွာ ခေါင်းငုံ့ကျလိုက်သည်၊ တကယ်တော့ သူက မိန်းကလေးတွေချောတိုင်း၊ လှတိုင်း ငမ်းတတ်တဲ့လူစားမျိုးမှ မဟုတ်တာ။

"ဟော့ ... မိန်းမတွေ မကြည့်နဲ့လေ၊ ရှင်တို့လုပ်တာနဲ့တော့ ဟိုက ရိပ်မိသွားလိမ့်မယ်"





ဆွေသုန္ဒြာရဲ့ ခပ်အုပ်အုပ်စကားကြောင့် သူငယ်ချင်းမသုံးယောက် မျက်လုံးတွေက မင်းဆန္ဒဆီကနေ လွှဲဖယ်သွားကြသည်။ သုန္ဒြာကိုကြည့်လိုက်တော့ ဒီမိန်းမမျက်နှာက ယုံကြည်မှုအပြည့်နှင့် လင်းတောက်နေသည်။

"ဒါ ငါ့ရဲ့ first step (ပထမခြေလှမ်း)ပဲ"

"ဒါပေမဲ့ စာအုပ်ကို ဘလိုင်းကြီးသွားပေးတော့ သူ ဘယ်လိုထင်မလဲ"

"ဘယ်သူမဆို ဒါကို ရိုးရိုးသားသားပဲ ထင်ကြမှာပါ၊ လမ်းကြုံလို့ မမမိုးသောက်ပန်းကို ပေးခိုင်းတဲ့သဘောမျိုးမို့လေ၊ သူ့ရှေ့လာရပ်တဲ့ ငါ့အလှကို သူ ခံစားတတ်မှာပါ၊ ငါ့နာမည်ကိုကြားတော့ သူ အံ့သြသွားတယ်ဟဲ့၊ ကြည့်ရတာ နာမည်နဲ့လူကို တွဲမသိထားတာ ထင်ပါတယ်၊ သိတယ် မဟုတ်လား၊ ဆွေသုန္ဒြာ ဆိုတာက အားလုံးပါးစပ်ဖျားမှာ ရေပန်းစားနေတာဆိုတော့လေ၊ ရုပ်တည်လေးနဲ့ ဆက်ဆံခဲ့တယ်ဟဲ့ ... ဇာတ်လမ်းလာလုပ်တယ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမထင်အောင်ပေါ့၊ သူလိုလူစားမျိုးကျတော့ ဒီလိုမျိုး ဝင်ရတယ်”

“နှင် သိပ်လည်တယ် မိသုန္ဒြာ”

“ဟင်း ဟင်း ဟင်း ဟင်း”

သုန္ဒြာက တိုးညင်းညင်း ရယ်နေသည်။ မင်းဆန္ဒဘက်ကို ယောင်လို့တောင်မှ ငဲ့မကြည့်။အခု သူ စာသာဖတ်နေတာ။ သူ့စိတ်တွေ လှုပ်ရှားနေမှာတော့ သေချာသည်။ သုန္ဒြာကို ကြည့်တဲ့ သူ့အကြည့်တွေက နွေးထွေးတဲ့ နေခြည်လေး ဖြာကျသွားသလိုပဲ။ အေးစက်တဲ့အကြည့်မျိုး မဟုတ်ခဲ့ဘူး။ ဒါ သုန္ဒြာစိတ်ထင်တာ မဟုတ်။ အတိအကျ သိလိုက်တာ။

“ဒီလောက်နဲ့တော့ ဘယ်ရဦးမလဲ မိသုန္ဒြာ၊ သူလိုလူမျိုးက စိတ်ဝင်စားတယ်ဆိုတောင် မြုံထားမယ့်ဟာမျိုး၊ တော်တော်ကြာ စိတ်ထဲမှာပဲ ခံစားပြီး ရှေ့နှုတ်ပိတ်နေရင် ဘယ့်နှယ်လုပ်မလဲ၊ ငါတို့ပါဝါနဲ့ လာပြိုင်ပြီး နှင့်ကိုပရိုပို့စ်လုပ်ရအောင် သူ့မှာသတ္တိရှိပုံလည်း မရပါဘူး”





“ဟုတ်ပါ့ ... နှင်ယူထားတဲ့အချိန်က တစ်လတည်းနော် မိသုန္ဒြာ”

“သေချာတယ် ... တစ်လနဲ့တော့ သူ နှင့်ကို ပရိုပို့စ်လုပ်မှာ မဟုတ်ဘူး”

သူငယ်ချင်းမ,သုံးယောက်ကို သုန္ဒြာက ခပ်ထေ့ထေ့ပြုံးကြည့်ကာ ...

“အိုး ... နေပါဦး၊ တို့တွေ အလောင်းအစား လုပ်ထားတုန်းက တစ်လအတွင်း သူ ငါ့ကိုပရိုပို့စ်လုပ်စေရမယ်လို့ ငါပြောခဲ့လို့လား၊ ကြွေသွားစေရမယ်လို့ပဲ ပါတာလေ၊ ယောကျ်ားတစ်ယောက် မိန်းမတစ်ယောက်ကို ကြွေမကြွေ ပါးစပ်က ဖွင့်ပြောစရာမလိုဘဲ သိနိုင်တာ၊ ငါတို့မိန်းကလေးတွေရဲ့ မွေးရာပါအစွမ်းသတ္တိပဲ မဟုတ်လား၊ ဒီတော့ တို့အစွမ်းသတ္တိနဲ့ ခံစားကြည့်ကြတာပေါ့”

“ဟဲ့ ... သုန္ဒြာ၊ သူ နှင့်ကိုကြည့်နေတယ်”

ရွှန်းပပက မနေနိုင် မထိုင်နိုင် မင်းဆန္ဒစားပွဲဆီ မျက်စိရောက်ပြီး ကျိတ်ကျိတ်လေး သတင်းပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ ဖြစ်ရမယ်လေ၊ သုန္ဒြာကြဲရင် ဘာခံနိုင်မှာလဲ၊ ပိုက်ဆံတွေ ကြိုစုထားကြနော် မိန်းမတွေ။ ကတိက ကတိပဲ"

ဆွေသုန္ဒြာကို သူငယ်ချင်းသုံးယောက် တိုင်ပင်မထားဘဲ မျက်စောင်းလေးတွေ ၅ယ်မိလိုက်ကြသည်။ ဒီပုံအတိုင်းဆို သူတို့သုံးယောက် ရှုံးဖို့က သေချာသလောက်ပင်။





## ၁

ဝိုးတဝါးနှင်းမှုန်ဖွဲဖွဲထဲ သူမြင်နေရတာက ဝိုင်းစက်ကြည်လဲ့နေသော မျက်ဝန်းတစ်စုံ။ ထိုမျက်ဝန်းတွေက ပျော်ရွှင်မှုကြောင့် အရည်လဲ့ပြီး တောက်ပနေသည်။ ကြည့်နေရင်းက ရုတ်တရက် ထိုမျက်ဝန်းတွေမှာ သွေးအလိမ်းလိမ်း ကပ်ငြိသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ နာနာကျင်ကျင် ညည်းတွားသည့် အသံသဲ့သဲ့ သူကြားလိုက်ရသည်။ သူ သွေးပျက်မတတ် ချောက်ချားသွားရင်း ကယောင်ကတမ်း ထ,အော်လိုက်သည်။

"အား"

"ကိုကြီး ... ကိုကြီး ... ဘာဖြစ်တာလဲ"

လင်းသူရိန် စာကြည့်နေရာက အပြေးအလွှား သူ့ခုတင်ဆီ ရောက်လာသည်။ မင်းဆန္ဒ တစ်ကိုယ်လုံး ချွေးတွေရွှဲရွှဲ စိုနေသည်။

အသက်ရှူနှုန်း မြန်မှုကြောင့် သူ့ရင်အုံတစ်ခုလုံး အနိမ့်အမြင့် မြန်ဆန်လှုပ်ရှားလွန်းနေသည်။ ဒီအိပ်မက်ကို သူ မက်နေတာ နှစ်ကြိမ်ရှိသွားပြီ။ မက်တိုင်းလည်း တစ်ပုံစံတည်းပဲ။

"Sorry ကွာ၊ မင်း လန့်သွားလား"

ညီဖြစ်သူကို ဘာမှမဖြစ်သလိုနှင့် သူ ပြန်ပြောသိမ့်လိုက်သည်။

"ကိုကြီး ... အိပ်မက်,မက်တာလား"





"ဟုတ်တယ် ... ညက အိပ်ခါနီး သရဲကားကြည့်လိုက်လို့ဖြစ်မယ်၊ ကဲ ... ကဲ ... အခု ဘယ်နှနာရီထိုးပြီလဲ"

"တစ်နာရီထိုးပြီ ကိုကြီး"

"အိပ်တော့လေကွာ၊ စာကြိုးစားတာတော့ ကောင်းပါတယ်၊ ကျန်းမာရေးလည်း ဂရုစိုက်မှပေါ့၊ ကိုကြီး ဘာမှမဖြစ်ဘူး၊ သွား ... သွား ... မင်း အိပ်ရာဝင်တော့"

လင်းသူရိန်က သူ့ကို စိတ်မချဟန် ပေကတ်ကတ်ကြည့်နေသေးတာမို့ သူ အတင်းတွန်းလွှတ်လိုက်ရသည်။

ထမင်းစားခန်းထဲက ရေခဲသေတ္တာကိုဖွင့်ပြီး ရေသန့်ဘူးတစ်ဘူး ထုတ်လိုက်သည်။ သူ့စိတ်တွေက နောက်ကျိရှုပ်ထွေးနေသည်။

မျက်ဝန်းလေးတွေ၊ ဒီမျက်ဝန်းလေးတွေက တစ်ယောက်ယောက်ရဲ့မျက်ဝန်းတွေနဲ့ တူနေသလိုလို။

"ဆွေသုန္ဒြာ"

နာမည်လေးတစ်ခု သူ့မှတ်ဉာဏ်ထဲ ပေါ်လာသည်။ ဒီမျက်ဝန်းတွေရဲ့ပိုင်ရှင်က ဆွေသုန္ဒြာလား။



www.burmeseclassic.com

www.burmeseclassic.com



"သား"

သူ့အော်သံကို မေမေ ကြားသွားသည်ထင့် စိုးရိမ်ပူပန်ဟန်ဖြင့် သူ့အနား ရောက်လာသည်။

"ဘာဖြစ်တာလဲ သား၊ သားအော်သံကြောင့် မေမေရင်တုန်လို့ ချက်ချင်းတောင် ထ,မလာနိုင်ဘူး"

"ဘာမှမဟုတ်ပါဘူး မေမေရယ်၊ အိပ်မက်,မက်တာပါ"

"ဘာမက်လို့လဲ သားရဲ့"

"မျက်လုံးလေးတွေ"

သူ တစ်လုံးချင်းပြောတော့ မေမေက တုန်တုန်ယင်ယင်နှင့် နီးရာထမင်းစားခုံတစ်လုံးပေါ် ထိုင်ချလိုက်တာမို့ ကမန်းကတန်း ဖက်ခွက်တစ်လုံးထဲ ရေထည့်ပြီး မေမေ့ကို ကမ်းပေးရင်းက ...

"ဘာဖြစ်တာလဲ မေမေ"

"ဘာမှမဟုတ်ပါဘူး သားရယ်၊ ခုနက သားအော်လိုက်တာ ရင်တွေတုန်နေတုန်းမို့လို့ပါ"





"အားနာလိုက်တာ မေမေရယ်၊ သူရိန် ကြောက်မှာစိုးလို့ သား အခန်းတံခါးဖွင့်ထားမိတာ တံခါးသာပိတ်ထားရင် မေမေ ကြားရမှာ မဟုတ်ဘူး၊ ရေသောက်လိုက်ပါ မေမေ"

သူ့ကိုမော့ကြည့်နေတဲ့ မေမေ့မျက်ဝန်းတွေက သူ့ဆီက တစ်ခုခုကို ဖွေရှာနေသလိုပင်။

ပါးစပ်တပြင်ပြင်နဲ့ သူ့ကို မေးခွန်းထုတ်လိုဟန်ရှိပြီး ဘာရယ်ကြောင့်မှန်းမသိ မေမေ့နှုတ်ဖျားက ဘာစကားတစ်ခွန်းမှ ထွက်မလာခဲ့။

"မေမေ ဘာမေးချင်လို့လဲ"

"ဟင့်အင်း ... သား အိပ်ပျော်အောင် အိပ်လိုက်ပါ၊ အိပ်မက်ဆိုတာ ဒီလိုပါပဲ၊ အိပ်မပျော်နိုင်သေးရင် မေတ္တာသုတ်လေး အဆက်မပြတ် ရွတ်နေလေ၊ အိပ်မက်ဆိုးတွေ မမက်တော့ဘူးပေါ့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ အိပ်ခန်းထဲ ပြန်ဝင်လာတော့ မျက်လုံးကကြောင်သွားသည်။ အိပ်ချင်စိတ်လည်းမရှိ။ ဒီအိပ်မက်ကို သူ စ,မက်တုန်းက မှတ်မှတ်ရရ ဆွေသုန္ဒြာရဲ့မျက်ဝန်းတွေနဲ့ ဆုံတဲ့နေ့က ပေါ့။





## ၄

သူ ကိုယ့်ကို သတိပြုမိသွားပြီဆိုတော့ ဒုတိယအဆင့်အနေနဲ့ လုပ်ရမှာက သူရှိနေတဲ့ နေရာတိုင်းမှာ လူလုံးပြဖို့ပဲ။ ကန်တင်းထိုင်ရင် သူ့ရှေ့စားပွဲနားလောက် သူမြင်ရတဲ့ အနေအထား မျိုးမှာထိုင်ပြီး သူ့ကို သတိမပြုတဲ့ရုပ်မျိုးဖမ်းပြီး ရယ်မောစကား



www.burmeseclassic.com

www.burmeseclassic.com



ပြော။ သူက ခိုးခိုးကြည့်ပြီးထိ။ ဘယ်လောက် နဲ့ရမှာမို့လို့လဲ။ မကြာခင် အမြစ်ပါမကျန်အောင် သူ့နှလုံးသား ကျွတ်ထွက်လာတော့မှာ။

"မမမိုးသောက်ပန်း"

ကန့်ကလျနဲ့ သူတို့အခန်းဝ,ရှေ့ သွားရပ်လိုက်သည်။ ကဲ ... ရှင် ဘယ်ပြေးနိုင်မှာလဲ။ ရှင့်နှလုံးသားကို ရယူဖို့ ကျွန်မ ကြိုးစားနေမှန်း ရှင်တောင်မသိလိုက်ရဘဲ အခိုးခံလိုက်ရမှာ။

အခန်းထဲက ကျောင်းသားတွေ သုန္ဒြာရဲ့အလှမှာ မျောသွားကြသည်။ သို့သော်လည်း နာမည်ကြီးအသည်းစားဘုရင်မမို့ အားလုံးက ဒီကလေးမဆိုရင် ခပ်လန့်လန့်။ ဒါ့အပြင် သူမတို့ တစ်အုပ်စုလုံး သာလိကာနဲ့ ကြက်တူရွေးစပ်ကျပြီး၊ ကွက်စိပ်ဆရာသေလို့ ဝင်စားသလား ပြောရလောက်အောင် တစ်ဖက်လူဘာမှမပြောနိုင်အောင် နှုတ်သွက်လွန်းလှသည်မို့ တော်ရုံတန်ရုံသတ္တိမျိုးနဲ့တော့ အနားမကပ်ရဲကြ။





မိုးသောက်ပန်းကတော့ ပြုံးစိစိနှင့်။ သုန္ဒြာတို့ ကြံနေပြီမှန်း သဘောပေါက်လိုက်သည်။ အခန်းထဲက "တောမိ" မင်းသားတော့ ရှာန်လျှောတော့မယ် ထင်ပါရဲ့။ သူမကလည်း ဒီလိုပွဲကောင်းကောင်းလေးကို ကြည့်ချင်လှသည်။ သုန္ဒြာကိုမျက်တောင်မခတ် သင်းကြည့်နေပုံထောက်တော့ ဘိုးတော်ဦးဝိုင်းရဲ့ကြောင်လို အရင်သူ့အကြိုက်မတွေ့သေးလို့ပဲ ဖြစ်ရမည်။

သုန္ဒြာထွက်သွားတော့ မင်းဆန္ဒ ညက အိပ်မက်ကို သတိရရင်း သုန္ဒြာနောက် ကမန်းကတန်း ပြေးလိုက်မိသည်။ သူ့ကိုနှိုးဆော်လိုက်တာက စိုးရိမ်စိတ်လေးတစ်ခု။

"ခဏ ... ခဏ ဆွေသုန္ဒြာ"

အနောက်ကနေ တဖတ်ဖတ် ပြေးလိုက်သံနှင့်အတူ သူ သုန္ဒြာနားသို့ အမောတကော ရောက်လာသည်။ အံ့စရာကြီးပါလားနော်။ ထိတ်ခနဲ ဝမ်းသာစိတ်ကို ခပ်တင်းတင်းမျက်နှာကြောနှင့် ဖမ်းထိန်းထားလိုက်သည်။ ဒါကလည်း မာယာတစ်မျိုးပေါ့။

"ဘယ်လိုမှ သဘောမထားပါနဲ့။ မင်း အခုတလော သွားတာလာတာ သတိရှိပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဘာကြောင့်"

မထင်မှတ်ထားသော သူ့စကားကြောင့် သုန္ဒြာ ခေါင်းရှုပ်သွားသည်။ သူ ဘာကိုဆိုလိုတာပါလိမ့်။

"ထိမိခိုက်မိတာတွေ ဖြစ်မှာစိုးလို့ပါ"

သူ့မျက်နှာပေါ်မှာ နောက်တီးနောက်တောက် အမူအရာမျိုး တစ်ပြားသားတောင် ကပ်ငြိမနေပါ။ သူ့ပုံစံက တကယ်ပဲ သုန္ဒြာကို စိုးရိမ်နေသည့်ပုံ။

သုန္ဒြာရဲ့သံသယမျက်ဝန်းတွေကို သူ အသံတိတ်ခေတ္တမျှ ငေးမောကြည့်နေသည်။ ပြီးမှ ...

"ငါတကယ်ပြောတာပါ ဆွေသုန္ဒြာ၊ ဘာပဲဖြစ်ဖြစ် ငါပြောတဲ့စကားကို အလေးအနက်ထားပြီး မင်း သတိထားပေးပါ၊ အထူးသဖြင့် မင်းမျက်လုံးတွေကို"

"ဘာ"

ဒီလူ အတည်ပေါက်နှင့် လာနောက်နေတာလား။ ဒါမှမဟုတ် သုန္ဒြာ စိတ်ဝင်စားလာအောင် ဉာဏ်ဆင်နေတာလား။





ဒါမှမဟုတ် သုန္ဒြာတို့ရဲ့အလောင်းအစားတစ်ခုကို သိသွားလို့များ ပညာပြန်ပေးဖို့ ကြံနေတာလား။ ဆွေသုန္ဒြာ အတွေးတွေ ယောက်ယက်ခတ်သွားသည်။

"ဒါပါပဲ ... မင်း ဂရုစိုက်ပါလို့ ထပ်ပြောပါရစေ"

"နေပါဦး ... ရှင်က ဘာလဲ၊ ဗေဒင်ဆရာလား၊ အကြားအမြင် ဆရာလား"

"မဟုတ်ပါဘူး ... ငါ အိပ်မက်တစ်ခုမက်လို့ပါ၊ အိပ်မက်ထဲမှာ မင်းမျက်လုံးတွေ ငါတွေ့တယ်၊ အသေးစိတ်တော့ မမေးပါနဲ့ မပြောချင်ဘူး"

"မမေးပါဘူး၊ စိတ်လည်းမဝင်စားဘူး"

သုန္ဒြာ အပြတ်ပြောပြီး ထွက်လာခဲ့သည်။ စိတ်ပျက်သွားတဲ့ သူ့ရုပ်သွင်နွမ်းနွမ်းက သုန္ဒြာ မျက်ဝန်းထဲ တောက်လျှောက်ကပ်ပါလာသည်။ ဘယ်လိုလဲ ဆွေသုန္ဒြာ။ ဒီလူ့ကို ဘယ်လိုထင်လဲ။ သူ့စကားကိုယုံရင် သုန္ဒြာက ကြောင်နေလို့ပဲ။ သူ့စကားကို မယုံဘူးဆိုရင်တော့ သူ့ကို ခပ်ဂေါက်ဂေါက်လို့ သတ်မှတ်ရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခန်းရောက်လို့ သူငယ်ချင်းမ,တွေကို ဖောက်သည်ချတော့ "သုန္ဒြာတို့ ခံရပြီ"ဟု မှတ်ချက်ချကြပြီး တသောသောနဲ့ ရယ်မောမဆုံးကြ။ သူ တကယ်စိတ်ပူနေတာ သုန္ဒြာပဲ သိနေသည်။ ယုံရလည်းအခက်၊ မယုံရလည်းအခက်။ စိုးရိမ်နေတဲ့ သူ့မျက်ဝန်းတွေ မြင်ယောင်စဥ်ခဏ ရင်ထဲမှာ တစ်မျိုးလေး ထိရှသွားသလို။ ဘယ်လိုခံစားမှုခေါ်မလဲ မခံစားဖူးခဲ့တာမို့ နာမည်မတပ်တတ်။





## ၇

ဟုတ်သည် မဟုတ်သည် အပ,ထား။ သုန္ဒြာ မသိစိတ်မှာ သူ့စကားစွဲသွားသည်ထင့်။

သူပြောသည့်နေ့မှစ၍ မျက်လုံးကို အထူးတလည် ဂရုစိုက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အငယ်ကောင်၊ နင့်ခြင်ရိုက်တံက ငါ့မျက်နှာနား ရောက်ရောက်လာတယ်နော်၊ တော်ကြာ ငါ့မျက်လုံးနိုက်မိ မှဖြင့်"

"မထိပါဘူးဗျာ ... မမသုန္ဒြာကလည်း၊ အကဲပိုလိုက်တာ"

"ဟဲ့ ... ပိုရမယ်ဟဲ့၊ တစ်ခုခုဖြစ်သွားရင် နင်ပြန်လျော် မလား၊ ဒီလောက်လှတဲ့ မျက်လုံးကို"

အငယ်ကောင့်မျက်နှာ ပုပ်သိုးသွားသည်။ စိတ်ထဲ ကတော့ သုန္ဒြာကို ရန်တွေတွေ့နေလိမ့်မည်။ အပြင်မှာတော့ ဘာသံမှ ထွက်မလာခဲ့။

"ဩော် ... ဩော် ... မမမူယာရယ်၊ လူကိုလည်းဝင်တိုက် မိပါဦးမယ်၊ အဲဒီလောက်တောင် မျက်လုံးတစ်စက္ကန့်လေး မှ မလွှဲနိုင်အောင် ကိုရီးယားကားကြိုက်တယ် ဟုတ်လား"

ထမင်းပန်းကန်ကိုင်ပြီး တီဗီကို မျက်လုံးမလွှဲဘဲ သုန္ဒြာရှေ့ရောက်လာတဲ့ မမမူယာကို အော်လိုက်မိပြန်သည်။

"သုန္ဒြာ ... သမီး အခုတလော တစ်မျိုးပဲ၊ ဘာဖြစ်နေတာ လဲ"





ဖေဖေ့စကားကြောင့် အစ်မလုပ်သူရော၊ မောင်လုပ် သူပါ ထောက်ခံသည့် မျက်နှာပေးနှင့် မျက်နှာကြီးတွေ ပြုံးသွား ကြသည်။

"သူငယ်ချင်းတစ်ယောက်က သုန္ဒြာ မျက်လုံးနိုက်မိတယ် လို့ အိပ်မက်,မက်ထားလို့ပါ ဖေဖေ"

"အရှူးမ"

ဖေဖေက ထိုတစ်လုံးသာဆိုသည်။ နောက်ကနေ မောင်နှမနှစ်ယောက်သား သံယောင်လိုက်ကြတာ မဆုံးနိုင်တော့၊ သုန္ဒြာရဲ့ စိုးရိမ်စိတ်တို့ကလည်း မြူနှင်းလို လွင့်ပါးသွားကြ သည်။

ဖုန်းမြည်သံကြောင့် သုန္ဒြာအခန်းထဲ ပြေးဝင်သွား သည်။ ဖုန်းနံပါတ်က အစိမ်းတစ်ခု။

"ဟယ်လို"

"ဆွေသုန္ဒြာလား"

"ဟုတ်တယ် ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



သုန္ဒြာအသံကို တမင်မာထားလိုက်သည်။ ဒီအချိန် ဖုန်းဆက်တဲ့ယောကျ်ားလေးဆိုတာ ဆွေသုန္ဒြာကို ချဉ်းကပ်ချင်တဲ့ သူပဲဖြစ်မှာ။

"ငါ မင်းဆန္ဒပါ"

"ဟင်"

"ဟုတ်တယ် ... မိုးသောက်ပန်းဆီက မင်းဖုန်းနံပါတ် တောင်းထားတာ"

"ဘာကိစ္စရှိလို့လဲ"

"မင်းကို ကန်တင်းမှာမတွေ့လို့ ဖုန်းဆက်ကြည့်တာ"

"ရှင်ထိုင်တဲ့ကန်တင်းမှာ ကျွန်မ အမြဲလာထိုင်ရမှာလား"

"အဲဒီလို မဟုတ်ပါဘူး၊ မင်း ကန်တင်းပြောင်းထိုင်တာ ငါသိပါတယ်၊ ငါ့ကို စိတ်ဆိုးသွားလို့လား၊ အဲဒါ သိချင် လို့ပါ"

"မဟုတ်ဘူးရှင်၊ လောင်းထားတဲ့ရက်သုံးဆယ် ပြည့်တော့ မှာမို့ နောက်ဆုံးတိုက်ကွက်အနေနဲ့ ရှင့်ကို မရိုးမရွဖြစ် အောင် တမင်ကလိလိုက်တာ"





ဒါက စိတ်ထဲကစကားလေ။ ပါးစပ်က ထွက်လာ တာက ...

"ဘာကို စိတ်ဆိုးရမှာလဲ၊ စိတ်ဆိုးစရာအကန့် ရှိလို့လား"

"အိပ်မက်အကြောင်း ပြောလိုက်မိလို့လားလို့၊ ငါမညာပါ ဘူး၊ မင်းမျက်လုံးမှာ သွေးတွေတွေ့ရတယ်၊ တစ်ခါတည်း လည်း မဟုတ်ဘူး၊ အကြိမ်ကြိမ် မက်နေတာ"

"တော်တော့ရှင်"

ဖုန်းကို ပိတ်ချပစ်လိုက်သည်။ အလကားလူ။ လူကို တမင်သောကရောက်အောင် လာလုပ်နေသည်။ သူလုပ်တာနှင့် လူမှာ နှလုံးရောဂါ ရတော့မည်။ ဒီစကားကို ထပ်ပြီးမကြားချင် တော့။ တော်ပြီ။ ဒီလူနဲ့ အဆက်အသွယ်ဖြတ်လို့ ရှုးနှမ်းနှမ်း အလောင်းအစားတစ်ခုမှာ အရှုံးပေးနှုတ်ထွက်တော့မည်။

သုန္ဒြာ လိုချင်တာ ချစ်ရည်ရွှမ်းတဲ့ သူ့မျက်ဝန်းတစ်စုံ နဲ့ "ကြွေသွားတယ်"လို့ မှတ်ချက်ချလောက်တဲ့ သူ့အပြုအမူတွေ ကိုလေ။ အခုတော့ ရိုးသားအထာနဲ့ အဖြူစင်ဆုံးပြုံးပြီး စိုးရိ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူတဲ့ အမူအရာတွေ.လာလုပ်ပြနေသည်။ စဉ်းစားကြည့်စမ်း။ ဒါလည်း သုန္ဒြာကို သူ စိတ်ဝင်စားလို့ မဟုတ်ဘူးလား။ အပေါ်ယံ အချစ်မျိုးမဟုတ်ဘဲ သံယောဇဉ်ပါ ပေါင်းစပ်ထားတဲ့ ခံစားမှုမျိုး ရော မဖြစ်နိုင်ဘူးလား။ သူ့ရဲ့ချောမွေ့သောရုပ်သွင်ကို မျက်ဝန်း ထဲပြန်မြင်တုန်း သူ့စကားသံတွေပါ နားထဲဝင်လာသည်။ ဟင့်အင်း ဒီလူ ခပ်ဂေါက်ဂေါက်ပဲဖြစ်မှာ။





၈

"ငါ အရှုံးပေးပါတယ်၊ ငါရှုံးခဲ့ရင် ဘာလုပ်ပေးပါ့မယ်လို့ မပြောခဲ့တဲ့အတွက် နင်တို့သုံးယောက် ကြိုက်တာတောင်း ဆိုခွင့် ရှိပါတယ်၊ ဒါပေမဲ့ limit လေးတော့ ထားပေါ့ ဟာ"



www.burmeseclassic.com

www.burmeseclassic.com



လောင်းထားတဲ့ကာလ ပြည့်ဖို့ သုံးရက်အလိုမှာ ယောက်ျားလေးတွေ သူမကိုငြီးသွားအောင် အီစီကလီပညာမျိုးစုံ မသင်ဘဲနဲ့ တတ်ထားတဲ့ ဆွေသုန္ဒြာ ဆိုတဲ့ ဆရာမကြီးဆီက ဒီစကားကြားရ၍ သုံးယောက်သား ထ,ခုန်မတတ် ဝမ်းသာသွားကြတာ သွားတောင်မစေ့နိုင်ခဲ့။

"ဆွေသုန္ဒြာဘဝမှာ ယောက်ျားတွေနဲ့ ပတ်သက်ရင် ရှုံးပွဲမရှိဘူးနော်၊ ဒီလူနဲ့ကျမှ ရှုံးရတယ်ဆိုတော့ ဘယ်လိုခံစားရပါ့သလဲ"

ပန်းစက်ရာက ဆွေသုန္ဒြာကို အင်တာဗျူးတဲ့ဟန်နှင့် သူမရဲ့ဘီးလေးကို သုန္ဒြာရှေ့နား လာထိုးပေးသည်။

"အမြဲတမ်းနိုင်တဲ့ လူတစ်ယောက်အတွက် အရှုံးဆိုတာ အပြောင်းအလဲလေးတစ်ခုပါပဲ၊ နိုင်တဲ့အခါရှိသလို ရှုံးတဲ့အခါဆိုတာလည်း ရှိတာပဲလေ၊ လောကဓံတရားကို ဘယ်သူကများ လွန်ဆန်နိုင်လို့လဲ"

ပန်းစက်ရာက အပြုံးမပျက်တဲ့ ဆွေသုန္ဒြာ လက်မောင်းကို ဆွဲလိမ်ကာ ...





"ကြည့်စမ်း ... ကြည့်စမ်း ... ဒီမိန်းမ ရှုံးတာတောင်မှ အပေါ်စီးလေသံနဲ့"

လေးယောက်သား တွန်းတွန်းထိုးထိုး ရယ်မောနေတုန်း လူရိပ်တစ်ရိပ်ကြောင့် ပြိုင်တူမော့ကြည့်လိုက်ကြသည်။ သူက မင်းဆန္ဒ။ ဘယ်တုန်းကတည်းက ဒီကန်တင်းထဲ ရောက်နေတယ်မသိ။

"ထိုင်ခွင့်ပြုပါနော်"

သုန္ဒြာ ပါးစပ်ပင်မလှုပ်ရသေး သူက ဟိုတစ်ဖက်ဝိုင်းက ခုံတစ်လုံးယူပြီး ခပ်တည်တည် ဝင်ထိုင်သည်။ သုန္ဒြာတို့ သူငယ်ချင်းတစ်စုကတော့ မျက်လုံးလေးတွေ အပြူးသားနဲ့ ထင်မှတ်မထားတဲ့ သူ့အပြုအမူကို ကြောင်ငေးနေကြသည်။

စတွေ့တုန်းက သူ့စတိုင်လ်က ဒီလိုရဲတင်းတဲ့ပုံစံမျိုး မဟုတ်ဘူးလေ။

"စကားသိပ်မပြောတတ်လို့ လိုရင်းကိုပဲ ပြောပါရစေ၊ ဆွေသုန္ဒြာနဲ့ ခင်မင်ခွင့်ပြုပါ"



www.burmeseclassic.com

www.burmeseclassic.com



"အမ်"

လေးယောက်သား သူ့စကားမှာ ပါးစပ်ဟ အံ့သြသွားကြပြန်သည်။

သူ့ကို ငကြောင်တစ်ကောင်ထင်လို့ အရှုံးပေးပါတယ်ဆိုမှ ဘိုးတော်က ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီး အရူးကွက်နဲ့ သုန္ဒြာကိုလာရောဖို့ ကြိုးစားနေသည်ပဲ။ ဆွေသုန္ဒြာကို ဒီလိုလာချိုးလို့ ဘယ်ရပါ့လိမ့်မလဲ။

"စိတ်မကောင်းပါဘူး၊ ကျွန်မက လူတကာကို မခင်တတ်ဘူး၊ အထူးသဖြင့် အထူအပါး နားမလည်တဲ့၊ ပတ်ဝန်းကျင်နဲ့ သဟဇာတမဖြစ်တတ်တဲ့ ယောကျ်ားမျိုးကိုပေါ့"

"ဟိဟိ"

သုန္ဒြာနားက ကောင်မလေးက ပါးစပ်လေးကို လက်နဲ့ပိတ်ပြီး သူ့ကိုလှောင်ရယ် ရယ်နေသည်။ သူကလည်း ဆွေသုန္ဒြာဆီက ဒီလိုစကားမျိုးတွေ ကြားရလိမ့်မယ်လို့ တွက်ထားပြီးသား။





"ဒါပေါ့ ... အဲဒီလိုလူမျိုးတွေကို သုန္ဒြာမှ မဟုတ်ဘူး၊ လူတော်တော်များများကလည်း မပတ်သက်ချင်ကြပါဘူး၊ ဒါကလည်း လောကကြီးမှာ ဟန်ဆောင်ပန်ဆောင် မာယာပရိယာယ်ကြွယ်ဝတဲ့လူတွေ များနေတဲ့အတွက်ကြောင့်ပါ။ အရှိကို အရှိအတိုင်းပြောတတ်၊ လုပ်တတ်သူဆို အထူးတဆန်း ဖြစ်သွားတာ သဘာဝပဲ"

"အောင်မာ ... ရှင်ကများ ကြီးကြီးကျယ်ကျယ်နဲ့၊ အခုရှင်လုပ်နေတဲ့အချိုးကျတော့ရော မာယာမဟုတ်ဘူးလား၊ အိပ်မက်အကြောင်းပြောပြီး ကျွန်မရှေ့ ရောက်လာတယ်၊ ခပ်တည်တည်နဲ့ ခင်မင်ခွင့်တောင်းတယ်၊ အဲဒါ မာယာမဟုတ်လို့ ဘာလဲ ပရိယာယ်လား၊ လုပ်ချင်ရင် မသိမသာလှလှပပ ဇာတ်ကွက်လေးတွေထွင်ရှင့်၊ ဒါမှလည်း မိန်းကလေးတွေ စိတ်ဝင်စားမှာပေါ့၊ အခုတော့ ရှင်က ..."

"ဟော့ ... ငါက အဲဒီလို တကယ်မက်နေလို့ မင်းကိုစိုးရိမ်စိတ်နဲ့ သတိပေးတာကွ၊ ဆွေသုန္ဒြာ ... မင်း ငါ့စေတနာကို တလွဲမတွေးပါနဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ရှင့်အိပ်မက်ထဲလည်း ကျွန်မ ဝင်ကြည့်လို့ရတာ မဟုတ်ဘူး၊ ဒီတစ်ခါထပ်မက်ရင် ကျွန်မဆီမလာနဲ့၊ စိတ်ရောဂါအထူးကုဆီသွား"

သန္တြာ စကားကြောင့် သူ့ရဲ့ကြည်လင်နေတဲ့မျက်နှာက ပြိုတော့မယ့်မိုးနယ် ချက်ချင်းအုံ့မှိုင်းသွားသည်။

"ငါ သွားပါတယ် သန္တြာ၊ ဒါပေမဲ့ ငါ့ရင်ထဲက မင်း တစ်ခုခုဖြစ်မှာ စိုးရိမ်နေတဲ့စိတ်ကို သူ ကုမပေးနိုင်ဘူး"

"ဟင်"

တမင်ရွဲ့ပြောတဲ့စကားက ကွက်တိအမှန် ဖြစ်နေတာမို့ သန္တြာ ပါးစပ်ကို အချိန်မီ ဘရိတ်အုပ်လိုက်ရသည်။ ဒီလူ ဘယ်လိုလူပါလိမ့်။

"ကောင်းပါပြီ၊ ငါ့ကို မခင်ချင်ဘူးဆိုလည်း မင်းသဘောပါ သန္တြာ၊ ဒါပေမဲ့ မင်းလိုအပ်တဲ့ အချိန်တိုင်းမှာ ငါ့ကို သတိရပေးပါ၊ မင်းအတွက် ငါအမြဲရှိနေမှာပါ၊ ငါ့ကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားတယ်ဆို တောင်းပန်ပါတယ်





သန္တြာ၊ တကယ်တော့ မင်းဆန္ဒဆိုတဲ့ ငါဟာ မင်းရဲ့ဆန္ဒကိုပဲ အလေးထားမယ့်သူ တစ်ယောက်ပါ"

ခေါင်းငိုက်စိုက်ချပြီး သူ သန္တြာတို့ဝိုင်းက ထ,ထွက်သွားသည်။

သူထွက်သွားပြီး အချိန်တော်တော်ကြာကြာအထိ သန္တြာတို့လေးယောက်သား အာစေးမိနေသလို စကားတစ်ခွန်းမှ မဆိုမိကြ။

"နင် နိုင်သွားပြန်ပြီပေါ့ သန္တြာ"

သက်ပြင်းချသံ ကိုယ်စီကြားက သန္တြာရဲ့အောင်ပွဲကြေညာသံအတွက် ထူးထူးကဲကဲ မပျော်မိပါ။ သူ့ရဲ့အိပ်မက်ဆိုတဲ့အရာကြီးက သန္တြာ့စိတ်ကို ခြောက်လှန့်ဖို့ ပြန်အသက်ဝင်လာသည်ပဲ။ သူက တခြားယောက်ျားတွေနဲ့ မတူတာတော့အမှန်။ ပြီးတော့ သူ့ရဲ့အိပ်မက်ထဲမှာ ဘာကြောင့် သန္တြာ မျက်ဝန်းတွေ ပါနေရတာတဲ့လဲ။

"နင် ဘာဖြစ်နေတာလဲ သန္တြာ"



www.burmeseclassic.com

www.burmeseclassic.com



မတုန်မလှုပ် ကျောက်ဆစ်ရုပ်လို ဂုဏ်ယူဝင့်ကြွား တဲ့အပြုံးတွေ ပျောက်ဆုံးနေတဲ့ သုန္ဒြာရဲ့ထူးခြားတဲ့ ဒီဇိုင်းကို သူငယ်ချင်းတွေက နားမလည်နိုင်သည့်ဟန်။

ရင်ထဲက စိုးရိမ်စိတ်ကလေးကို အပြုံးတုတစ်ခုနဲ့ ဖုံးအုပ်လိုက်ရင်း ...

"မလွယ်လွန်းဘူးလား၊ ဘာမှပညာမပြရဘဲ မဟုတ်ဘူး ... သူ့ကို သူများထက်ပိုပြီး ပညာပြရမယ်လို့ ထင်ထားခဲ့ တာလေ၊ အောင်မြင်မှုရသ,ကို ငါ အပြည့်အဝ မခံစားရ သလိုပဲ"

"ဖြစ်ပြန်ပြီ၊ နင်ပဲ တစ်လအတွင်း ကြွေစေရမယ်လို့ လောင်းခဲ့တာပဲ၊ စ,တွေ့ကတည်းက သူ့အနေအထား နှင့် ပေါ်မှာ သူ့ရဲ့စိတ်အခြေအနေကို နင် သိထားမှပါ သုန္ဒြာ၊ အခုမှ ဘာကြောင်တာလဲ"

"အေးလေ ... နင်ကတော့ တကယ် psycho ပဲ သုန္ဒြာ"





"ငါ့အထင် ပြောရရင် သူ နင့်ကို တော်တော်လေးကြွေ သွားတာပဲ သုန္ဒြာ၊ သူ အမှန်တွေပဲ ပြောသွားတာ၊ ဒီလို ကျပြန်တော့လည်း အပြစ်ရှိသလို ငါ ခံစားရတယ် သုန္ဒြာ၊ နင်တော့ မသိဘူး၊ သူက တခြားယောကျ်ားတွေနဲ့မှမတူ တာ၊ အေးအေးဆေးဆေးနေနေတဲ့လူလေ"

အခုမှ အသိတရားရှိသယောင်ယောင် ပြောလာတဲ့ ပန်းစက်ရာကို သုန္ဒြာ မျက်စောင်းထိုးပစ်လိုက်သည်။ မွေတုန်းက မွေပြီး အခုမှလာပြီး ရုပ်သေလေးနဲ့ လူကိုလာကလိနေသည်။ သင်းတို့ကြောင့် ရင်ပူနေရတဲ့ သုန္ဒြာရဲ့သောကကိုတော့ နည်းနည်း မှ ဝေမျှယူချင်ပုံမရ။

"သြော် ... နင်ပဲအပြောကောင်း၊ ဒီဇာတ်လမ်းကိုစ,တာ ဘယ်သူလဲ"

"အေးလေ ... ဒါကြောင့် ငါ အပြစ်ရှိသူတစ်ယောက်လို ခံစားရတယ် ပြောတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မှင်သေသေနဲ့ ပြောနေတဲ့ ပန်းစက်ရာကို ပါးစပ်က တွေ့ကရာစကားလုံးတွေနဲ့ ကျိန်ဆဲလိုက်တာမို့ သူငယ်ချင်းတွေ အားလုံးက သုန္ဒြာကို ရယ်နေကြသည်။ ကာယကံရှင် ပန်းစက်ရာကလည်း မျက်နှာတစ်ချက်ကလေးတောင်မညို။ နောက်ဆုံးတော့ သုန္ဒြာပါ ရောယောင်ရယ်မောမိသည်။

"အိပ်မက်ကိစ္စကြောင့် ငါ စိတ်ညစ်နေတယ် မိန်းမတွေ၊ ဒီလိုသာ တကယ်ဖြစ်ရင် ဘယ်လိုလုပ်မလဲ"

"ဩော်ဟော် ... ဒါကြောင့် နင် မပျော်နိုင်တာကိုး၊ နင့်လို မိန်းမမျိုး အရှုံးပေးတယ်ဆိုကတည်းက မရိုးသားဘူးလို့ ထင်တော့ထင်သား"

ပပစကားကြောင့် သုန္ဒြာမျက်နှာကလေး သုန်မှုန် သွားတာမို့ သုန္ဒြာကို ချော့သည့်အနေဖြင့် သူမ၏ပူပန်မှုကိုပြေ သိမ့်ဖို့ သူတို့ကြိုးစားလိုက်ကြသည်။

"အတွေးမလွန်ပါနဲ့ သုန္ဒြာ၊ သူ နင့်ရဲ့မျက်လုံးလေးတွေကို စွဲလမ်းလွန်းလို့ မက်မိမက်ရာ မက်တာပဲနေမှာပါ"





"ဟုတ်တယ် သုန္ဒြာ၊ အဲဒီကိစ္စကို သိပ် feel မဖြစ်စမ်းပါနဲ့ဟာ"

"သေချာတာကတော့ နင် သူ့နှလုံးသားရဲ့အနက်ရှိုင်းဆုံးနေရာအထိ ခြေချနိုင်ခဲ့ပြီ ဆွေသုန္ဒြာ"



www.burmeseclassic.com

www.burmeseclassic.com



## ၆

ရှေ့ကကွန်ပျူတာမော်နီတာကို သူ ကြည့်နေသည်။ မြင်နေရတာကတော့ သုန္ဒြာရဲ့ပုံရိပ်လေးတွေ၊ လှပတဲ့အပြုံးတွေက သူ့အတွက် မဟုတ်ခဲ့ပေမယ့် ဒီအပြုံးတွေရဲ့အောက်မှာ သူ အသက်ရှူဖို့တောင် မေ့သွားခဲ့သည်ပဲ။ ညှို့အားပြင်းတဲ့ သူမမျက်





ဝန်းအကြည့်တွေရဲ့အောက်မှာလည်း သူ့နှလုံးသားအရည်ပျော်ခဲ့တာပဲ။

ယောက်ျားလေးတွေကို အတည်ရည်စားမထားတတ်ဘဲ ပါးပါးလေး ပညာပြလှည့်စားတတ်တဲ့ သူမသတင်းတွေ နားနဲ့မဆန့်အောင် သူ ကြားခဲ့ဖူးသည်။ သူ့အချစ်ကတော့ ပေးဆပ်ချင်တဲ့အချစ်မို့ သူမဆီမှာ သူ့နှလုံးသား ဖရိုဖရဲနဲ့ ပြိုလဲခဲ့ရတာကို သူမကို အရှုံးပေးရတယ်လို့ မသတ်မှတ်မိပါဘူး။

သူမလေးရှိနေတတ်တဲ့ နေရာတိုင်းမှာ သူရှိနေချင်တတ်တာ သူ့ရဲ့အကြီးမားဆုံး ဆန္ဒတစ်ခုပေါ့။ ချိုးနှိမ်မရတဲ့ ဒီဆန္ဒတွေအတွက် မိုးသောက်ပန်းဆီမှာ သူမအကြောင်းစုံစမ်းရတာလည်း သူ့ဘဝအတွက် အကြီးမားဆုံး စွန့်စားမှုတစ်ရပ်ပါပဲ။

ဘာလို့လဲဆိုတော့ သူက မိန်းကလေးတွေနဲ့ ပတ်သက်လာရင် တည်ငြိမ်လွန်းသူလေ။ ပြီးတော့ မိန်းကလေးတစ်ယောက်ကို ချစ်စိတ်ဝင်ဖို့မပြောနဲ့ စေ့စေ့တောင်ကြည့်ဖို့ စိတ်မဝင်စားတတ်သူ။



www.burmeseclassic.com

www.burmeseclassic.com



"သား"

မေမေ့ရဲ့ တိုးညင်းတဲ့လေသံကြောင့် သူ ဆတ်ခနဲ တုန်သွားသည်။

"ခြော် ... မေမေ"

"သား ဘာတွေတွေးနေတာလဲ၊ မေမေ ရောက်နေတာကြာပြီ"

"ဘာပြောမလို့လဲ မေမေ"

"ဒီညနေ ဒေါက်တာနဲ့သွားတွေ့တော့ ဘာပြောသလဲသား၊ သာမက်နေတဲ့အိပ်မက်နဲ့ ပတ်သက်ပြီးတော့လေ"

"စ,မက်တဲ့နေ့က အဖြစ်အပျက်ကိုပဲ ပြန်မေးတယ် မေမေ၊ ထုံးစံအတိုင်း ဆေးပေးပြီး အိပ်မက်ကိုမကြောက်ဖို့ပြောတယ်၊ ကွဲပြားမှုတွေရှိလာရင် သူ့ဆီကို ချက်ချင်းအကြောင်းကြားဖို့လည်းမှာတယ်"

"တကယ်တော့ မေမေ စိတ်ကျေနပ်အောင်သာ သွားပြရတာပါ၊ ဘာကြောင့်မက်တယ်ဆိုတာ သားသိတယ်"





"ဟင် ... ဘယ်လို၊ သား သိတယ် ဟုတ်လား၊ ဘာကိုသိတာလဲ သား"

အူယားဖားယား အမောတကော မေးလာတဲ့ မေမေ့ကို သူက ရှက်ရဲရဲပြုံးပြရင်း ...

"စ,မက်တဲ့နေ့က သား ကောင်မလေးတစ်ယောက်ရဲ့မျက်ဝန်းတွေနဲ့ ဆုံတယ်မေမေ၊ သိပ်လှတဲ့မျက်ဝန်းလေးတွေပေါ့၊ အဲဒါကို စွဲလမ်းပြီး သားမက်မိတာပဲ၊ ဒါပေမဲ့ သားနားမလည်နိုင်တာက ဘာကြောင့် အကြိမ်ကြိမ် မက်နေသလဲဆိုတာပါ"

မေမေက သက်ပြင်းသဲ့သဲ့ချပြီး သူ့ကို ကရုဏာမျက်ဝန်းတွေနှင့် စိုက်ကြည့်နေသည်။

"သေချာတာက ဆွေသုန္ဒြာရဲ့အနာဂတ်ကို သားမြင်နေရတာပဲဖြစ်မှာ၊ သူ့အတွက် သား တကယ်စိုးရိမ်တယ်၊ စိတ်လည်းအရမ်းပူတယ်၊ အဲဒီမျက်ဝန်းပိုင်ရှင်ကောင်မလေးနာမည်က ဆွေသုန္ဒြာတဲ့ မေမေ၊ သားတို့ ကျောင်းကပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ သား၊ မင်း သူ့ကို စိတ်ဝင်စားနေလို့လား"

"ဟုတ်တယ် မေမေ၊ သား သူ့ကို ချစ်မိသွားတယ်၊ ဒါပေမဲ့ သူကတော့ ..."

မေမေက သူ့ပခုံးကို တစ်ချက်ဖျစ်ညှစ်လိုက်ကာ ...

"ကြိုးစားပေါ့ သားရယ်၊ မင်း တတ်နိုင်သလောက်ပေါ့၊ မရနိုင်ဘူးဆိုတာ သေချာသွားရင်တော့ ဇွတ်မတိုးစေချင်ဘူး၊ မင်း နာကျင်ရမှာကို မေမေ မလိုလားလို့ပါ"

မေမေ ထွက်သွားတော့ သူ့ခေါင်းထဲမှာ အတွေးတွေ ပလုံစီကျန်ခဲ့သည်။ သူ့အတွက်တော့ သုန္ဒြာကို ချစ်တဲ့အချစ်တွေက ရပ်တန့်လို့မရတဲ့ မြစ်တစ်စင်းလိုပါပဲ။ စက္ကန့်မလပ် စီးဆင်းနေမှာပါ။ ကာလအပိုင်းအခြားဆိုတာမျိုးလည်း မရှိပါဘူး။ သုန္ဒြာ အချစ်ကို မရခဲ့ရင်တောင် သူမမျက်နှာလေးကို တွေ့ခွင့် မြင်ခွင့် ရဖို့တော့ သူ ကြိုးစားနေဦးမှာပါ။





၁၀

လမ်းထိပ်က အင်တာနက်ဆိုင်ကောင်တာမှာ မင်းဆန္ဒကို တွေ့လိုက်ရတော့ သုန္ဒြာ မျက်ခုံးလေး တွန့်ချိုးမိသည်။ ဒီနယ်မြေအထိ ခြေဆန့်လာတဲ့ ကိုယ်တော်ချောရဲ့ ဇွဲကြီးမှုကို အသိအမှတ်ပြုမိသော်လည်း သူ့ကိုမြင်တိုင်း သူ့အိပ်မက်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ပြန်ပြန်သတိရမိတာက သုန္ဒြာအတွက် စိတ်အနှောင့်အယှက် တစ်ခုလိုပင်။

"ထင်တော့ထင်သားပဲ သုန္ဒြာ၊ ဒါလည်း မမမိုးသောက်ပန်းရဲ့လက်ချက် ဖြစ်မယ်"

"အမှန်ပဲပေါ့၊ သူ့အပြင် ဘယ်သူရှိဦးမလဲ၊ နေပါလေ့စေ သူ့ကိုလည်း ဒီဆိုင်ပိုင်ရှင် ကိုကြီးရဲ့နဲ့ငြိသွားအောင် ငါ ဖန်တီးပြမယ် ... ကြည့်"

"ခိ ခိ ... အခုလောက်ဆို မမမိုးသောက်ပန်း မျက်ခုံးလှုပ်လောက်ပြီ၊ ကိုကြီးရဲ့က သူရဲမကို ရည်းစားတော်ရမယ်ဆိုတောင် တော်ချင်နေတာ"

"ဟဲ့ ဟဲ့ ... တိုးတိုးပြောစမ်းပါ၊ တော်ကြာ ငါတို့ကို free နီးပါး သုံးခွင့်ပေးထားတဲ့ အခွင့်အရေးလေး ပျောက်သွားပါဦးမယ်"

သုန္ဒြာတို့ အင်တာနက်ဆိုင်ထိုင်ရင် ကိုကြီးရဲ့ရဲ့ Youth Star မှာပဲ ထိုင်ဖြစ်သည်။ ကိုကြီးရဲ့က ကျောင်းပြီး





အလုပ်လက်မဲ့ ရုပ်ဆိုးဆိုး ခပ်ဝဝကြီး။ သုန္ဒြာတို့ကိုဆို တအားခပ်သည်။ မိန်းကလေးတိုင်းကို သူက ခင်ပါသည်။ ချောလေခင်လေပင်။

ဒီနေ့ အင်တာနက်သုံးရတာ စိတ်ထဲသိပ်မပါ။ ဒီဆိုင်ထဲမှာ သူရှိနေတယ်ဆိုတဲ့ အသိကြောင့်များလားတော့ မသိ။

"ဟော့မိန်းမ ... ငါတော့ တော်ပြီဟာ၊ နင် download လုပ်တာပြီးရင် လစ်ကြရအောင်"

ဂျက်စတင်ဘီဘာရဲ့သီချင်းတွေ download လုပ်လို့ မဆုံးနိုင်တဲ့ ပန်းစက်ရာကို သုန္ဒြာ ငြီးငွေ့ဟန်ဖြင့် လှမ်းပြောလိုက်သည်။

"ခဏလေးပါဟာ ... နင်ကလည်း"

"ဒါဆိုလည်း ငါပြန်နှင့်ပြီ မိရာ"

"ကွ ... ကွ"

ပန်းစက်ရာ မချိမချဉ် ပြုံးကျန်ခဲ့သည်။ ဒါမှ မင်းဆန္ဒ ဆိုတဲ့လူ သုန္ဒြာနောက် ရဲရဲတင်းတင်း လိုက်နိုင်မည်လေ။



www.burmeseclassic.com

www.burmeseclassic.com



သုန္ဒြာကလည်း လိုက်စေချင်တာပဲ။ ဒါမျိုးဆိုတာ ကူညီကောင်းပါတယ်။ သုန္ဒြာရဲ့မလှမ်းမကမ်းမှာ တိတ်တဆိတ် လှမ်းကြည့်ကျေနပ်တတ်တဲ့ မင်းဆန္ဒ အပေါ် သူမတို့အုပ်စု မချင့်မရဲနဲ့ အသည်းယားနေတာ ကြာပြီ။ ပြီးတော့ သုန္ဒြာဆိုတဲ့ သူမတို့ဆရာမကြီးရဲ့ မျက်လုံးလေးတွေကလည်း မင်းဆန္ဒ ဆိုတဲ့လူဆီကို ဝေ့ခနဲ ဝေ့ခနဲ ရောက်သွားတတ်တာပဲ။

ဘာပဲဖြစ်ဖြစ် သုန္ဒြာကို မင်းဆန္ဒလို ရိုးသားအေးဆေးပြီး အချစ်ကြီးသူနှင့် ဆုံစည်းစေလိုကြတာ သုန္ဒြာအပေါ် ထားတဲ့ သူမတို့ရဲ့စေတနာပါ။

သုန္ဒြာ စက်ဘီးလေး ဖြည်းဖြည်းမှန်မှန် နင်းလာခဲ့သည်။ လမ်းထဲချိုးကွေ့အဝင် ‑ရှေ့မှ စက်ဘီးတစ်စီး ဖြတ်ဝင်လာ၍ ဘရိတ်မနည်းဆွဲလိုက်ရသည်။ နီ့မို့ တိုက်မိသည်။ ထောင်းခနဲထွက်သွားတဲ့ ဒေါသနဲ့အတူ ရှေ့စက်ဘီးကလူကို စူးစူးရဲရဲကြည့်ပစ်လိုက်သည်။

"ဟင် ... နင် ... နိုင်လင်းအောင်၊ ဒါ ဘာလုပ်တာလဲ"





ရှေ့စက်ဘီးပေါ်က မခိုးမခန့် မျက်နှာပေးနဲ့ နိုင်လင်းအောင်ကိုအတွေ့ ဒေါသတွေ ပိုအုံကြွသွားသည်။ နိုင်လင်းအောင်ဆိုတာ မာန်တွေမိုးထိမြင့်တဲ့စတိုင်လ်ကျကျနဲ့ ခပ်မိုက်မိုက်ကောင်လေးပေါ့။

သူ့ကိုလည်း သုန္ဒြာက မာယာလို့ ပေါ်တင်နာမည်တပ်မရတဲ့ နည်းလမ်းလေးတွေသုံးပြီး အနားရောက်လာအောင် ပြုစားခဲ့ပြီးမှ ပြန်ပုတ်ထုတ် လိုက်တာလေ။

"စကားနည်းနည်းလောက် ပြောချင်လို့ပါ၊ ဒီအခွင့်အရေးကို လွှတ်မသွားစေချင်လို့ ရှေ့ကပိတ်ရပ်လိုက်ရတာ မင်းလန့်သွားလား၊ sorry နော်"

"အေး ... ငါကလည်း sorry ပဲ၊ နင်နဲ့ ပြောစရာစကားမရှိဘူး၊ ရှေ့ကဖယ်"

"နေပါဦး ... ဘယ်လိုဖြစ်တာလဲ၊ ဘာလဲ ... အပြစ်ရှိသူတစ်ယောက်မို့ ဆင်ဖြူ့မျက်နှာ ဆင်မည်းမကြည့်ဝံ့ဆိုသလို မင်း ငါနဲ့မျက်နှာချင်းမဆိုင်ရဲလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် ... အပြစ်ရှိသူတစ်ယောက် ဟုတ်လား"

"မင်း ငါ့ကို ငါ့သူငယ်ချင်းတွေကြားမှာရော မင်းသူငယ်ချင်းတွေရှေ့မှာပါ လုလုပပ အရှက်ခွဲခဲ့တာ မမေ့လောက်သေးပါဘူးနော်"

"ဒီမှာ နိုင်လင်းအောင်၊ လွတ်လပ်တဲ့ မိန်းကလေးတိုင်းကို လွတ်လပ်တဲ့ယောကျ်ားလေးတိုင်း ချစ်ရေးဆိုခွင့်ရှိတာကိုနင် လက်ခံထားရင် မိန်းကလေးတွေမှာလည်း လွတ်လပ်စွာငြင်းဆိုပိုင်ခွင့် အပြည့်အဝရှိတယ် ဆိုတာလည်း သဘောပေါက်ထားမှပေါ့"

"အဟက် အဟက် ... မင်းက ပြုစားတတ်သလို စကားလည်း တကယ်တတ်တာပဲ၊ ဒါဆို မင်း ငါ့ကို ကြည့်ခဲ့တဲ့အကြည့်တွေ၊ ပြုံးပြတဲ့အပြုံးတွေက ငါ့ကို မျှော်လင့်ချက်ပေးခဲ့တာ မဟုတ်လို့ ဘာလဲ ဆွေသုန္ဒြာ၊ ပြီးမှ မင်း ငါ့ကိုသောက်ပေါဖြစ်အောင် လုပ်ခဲ့တာ"

"ဒီတော့ နင် ဘာဖြစ်ချင်သလဲ နိုင်လင်းအောင်"





တကယ်တမ်းတော့ ဘေးနားမှာ အဖော်မရှိတဲ့ သုန္ဒြာတစ်ယောက် လက်ဖျားခြေဖျားတွေ အေးစက်သွားတဲ့အထိ သူ့ကို ကြောက်ပါသည်။ အချိန်ကလည်း နေဝင်ဖျိုးဖျ ညီအစ်ကို မသိတသိအချိန်။

"ငါဖြစ်ချင်တာကို တကယ်ပြောရမလား၊ ယောကျ်ားတကာကို ညို့ယူတတ်တဲ့ မင်းမျက်လုံးတွေကို ဖောက်ထုတ်ပစ်လိုက်ချင်တယ်၊ ပြီးတော့ မာယာရည်တွေ သုတ်လိမ်းထားတဲ့ မင်းနှုတ်ခမ်းတွေကိုလည်း ဖျက်ဆီးပစ်ချင်တယ်"

"ဟင်"

ရင့်သီးတဲ့ သူ့စကားတွေက သုန္ဒြာကို တစ်စုံတစ်ရာကို သတိရစေသည်။ အိပ်မက် ... မင်းဆန္ဒရဲ့အိပ်မက်။ စက်ဘီးလက်ကိုင်ကို ကိုင်ထားတဲ့ သုန္ဒြာ လက်တွေသိသိသာသာ တုန်သွားတာမို့ ဒေါက်မထောက်ထားတဲ့ စက်ဘီးက ယိုင်သွားသည်။ ဒါကို သူက သဘောကျဟန် အကျယ်ကြီး အော်ရယ်နေသည်။

"သုန္ဒြာ ... ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သုန္ဒြာတို့ဘေးသို့ စက်ဘီးတစ်စီး ကျွိခနဲ ထိုးရပ်လာသည်။ စက်ဘီးပေါ်က ဆင်းလာတာက မင်းဆန္ဒ။ ရုတ်ခြည်းပျော်သွားတဲ့အပျော်က ဘာနဲ့မှမတူပါ။ သူ့ရဲ့မြင့်မားတဲ့အရပ်၊ ကြင်နာရိပ်လျှံနေတဲ့ မျက်ဝန်းတစ်စုံနဲ့ တည်ကြည်တဲ့မျက်နှာကို မြင်စဉ်ခဏ သုန္ဒြာ့ရင်ထဲ သူ့ကို အားကိုးလိုစိတ်တွေ ကြီးစိုးလာသည်။

"ဒီမှာလေ ... လိုက်နှောင့်ယှက်နေလို့"

"ဩော် ... ဓာတ်လမ်းတွေထဲမှာလိုပဲ သူရဲကောင်းရောက်လာတာကိုး၊ ဒါပေမဲ့ ကျွန်တော်က ဒီလိုမိန်းမတစ်ယောက်အတွက်ကြောင့် ရန်မဖြစ်ချင်ဘူးဗျ၊ သတိတော့ ပေးခဲ့ချင်ပါတယ်၊ ခင်ဗျား အသည်းကောင်းမှ ပွဲတောင်းပါ၊ ဆွေသုန္ဒြာက သာမန်ညောင်ညအဆင့်မျိုး မဟုတ်ဘူး၊ သူ့ဘေးနားက ခင်ဗျားထွက်သွားရတဲ့အချိန်မှာ ခင်ဗျားအသည်းနှလုံးက သုံးစားမရအောင် စုတ်ပြတ်သတ်နေလောက်ပြီ၊ ကျွန်တော့်ရဲ့ဒီစကားကို မှတ်ထားလိုက်ပါ"





"တောက်"

နှုတ်ခမ်းကိုဖိကိုက်၊ တက်ခေါက်ရင်း တစ်ဟုန်တိုးနှင်းထွက်သွားတဲ့ နိုင်လင်းအောင်ကို စိတ်ထဲက မေတ္တာနာနာပို့နေမိသည်။ တော်တော်စိတ်ထားသေးသိမ်တဲ့လူ။ သူ့အချစ်ကို လက်မခံလိုက်တာ ကံကြီးလို့၊ နို့မို့ ဒီလိုလူမျိုးနဲ့သာ ရည်းစားတော်လိုက်ရလို့ကတော့ ...။

"သုန္ဒြာ ... အဆင်ပြေပါတယ်နော်၊ သုန္ဒြာနဲ့ ဟိုတစ်ယောက် စကားရပ်ပြောနေတာတွေ့လို့ ခပ်လှမ်းလှမ်းက လှမ်းကြည့်နေတာ၊ သုန္ဒြာ စိတ်အနှောင့်အယှက် ဖြစ်နေပုံရလို့ အနားရောက်လာခဲ့တာ"

သူစီးလာတဲ့ စက်ဘီးကိုအကြည့် ပန်းစက်ရာဘီးမှန်းသိလို့ သုန္ဒြာ နှုတ်ခမ်းလေး မဲ့သွားသည်။ ကြည့်စမ်း။ သူက သုန္ဒြာ့သူငယ်ချင်းကို သူ့ဘက်ပါအောင် စည်းရုံးလိုက်ပြီပေါ့။ ဒီကမိန်းမတွေက နဂိုကမှ သူ့ကိုဆို အမှတ်တွေဇွတ်ပေးနေရတဲ့အထဲ။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကဝေးသေးလား"

ငုံ့မိုးကြည့်လာတဲ့ သူ့အကြည့်တွေကြောင့် သုန္ဒြာ ရင်ထဲ နွေးခနဲ၊ နွေးခနဲ ပါးပြင်ဆီက ရှိန်းမြမြ ခံစားမှုကရော ဘာကိုရည်ညွှန်းပါသလဲ။

မျက်စောင်းလှလှတစ်ချက် သူ့ဆီ ပစ်သွင်းမိတာ သုံးနေကျ မာယာတစ်ခုတော့ မဟုတ်ခဲ့ပါဘူး။

"ရှင် မသိဘူးလား"

သုန္ဒြာရဲ့ခပ်ဆောင့်ဆောင့်စကားကို သူက သဘော ကျဟန် လှစ်ခနဲပြုံးသည်။ သူ့အပြုံးတွေက အရင်နေ့တွေထက် ပိုချိုနေသလိုပင်။

"သိပါတယ်၊ ဘာပြောရမှန်းမသိလို့ မေးမိတာပါ၊ အိမ်ရှေ့မှာ စကျူပင်ကြီးတစ်ပင် ရှိတယ်လေ၊ ဟုတ်တယ်မှလား"

နှစ်ယောက်သား တိုင်ပင်မထားဘဲ စက်ဘီးကိုယ်စီ တွန်းလို့ လျှောက်လာသည်။ အိမ်ရောက်ဖို့က သိပ်မှမလိုတော့တာ။





ရှပ်အင်္ကျီလက်ရှည် အပြာနုစင်းလေးနဲ့ သူက ဒီညနေ တိမ်တောက်တွေရဲ့အောက် ပိုပြီးချောသန့်နေသလိုပင်။ ဘာကြောင့် များ သုန္ဒြာ မျက်စိထဲ သူက မင်းသားတစ်ပါး ဖြစ်သွားပါလိမ့်။

"မင်းကို စိတ်မချဘူး သုန္ဒြာ၊ တစ်ယောက်တည်း အဖော် မပါဘဲ အပြင်မထွက်စေချင်ဘူး၊ မင်းက သာမန်ကောင်မ လေးမဟုတ်ဘူးလေ၊ သိပ်လှတဲ့ ကောင်မလေးတစ်ယောက် လှတဲ့အပြင် ယောကျ်ားလေးတွေကိုလည်း ကစားတတ်သေး တော့ အန္တရာယ်ကို လက်ယပ်ခေါ်သလို ဖြစ်နေတာပေါ့"

"အောင်မာ"

ဒါလား စကားမပြောတတ်တဲ့သူ။ ကဲ့ရဲ့တာလည်း မဟုတ်၊ ရှုတ်ချတာလည်းမဟုတ်၊ သုန္ဒြာရဲ့လက်ရှိအနေအထားကို ကွက်ကွက်ကွင်းကွင်း မြင်အောင်ပြလိုက်တာလေ။

"သုန္ဒြာမှာ အလှဂုဏ်က ရှိပြီးသားပါ၊ ဂုဏ်တက်အောင် ယောကျ်ားတွေကို ထပ်ပြီးလှည့်စားစရာ မလိုပါဘူး၊ လူဆိုတာ အမျိုးမျိုးရှိတယ်လေ၊ သုန္ဒြာကို တန်ဖိုးထားတဲ့ ငါ



www.burmeseclassic.com

www.burmeseclassic.com



လိုလူရှိသလို၊ စောနကလူမျိုးလည်း ရှိမှာပဲ၊ ဘာပဲဖြစ်ဖြစ် သုန္ဒြာကို ဘေးကင်းအောင်နေစေချင်တယ်"

"လိပ်ကြီး"

ရယ်သံစွက်ပြီးပြောတဲ့ သုန္ဒြာ အသံလေးက သူ့နား ထဲကို ပျားရည်မြစ်လေး ဖြတ်စီးသွားသည့်နှယ်။ လေနအေးကျီစယ် သွားလို့ လွင့်ပါးသွားတဲ့ သူမဆံပင်အိစင်းစင်းလေးတွေက သူမရဲ့ ဖူးဖူးပြည့်ပြည့် မျက်နှာအလှလေးကို ပိုမြင်သာအောင် ဖော်ကျူး လိုက်သလိုပင်။ နှုတ်ခမ်းလေးစေ့ပြီး ပြုံးတုံ့တုံ့လုပ်ရင်း မော့ကြည့် လာတဲ့ သူမမျက်ဝန်းလေးတွေကလည်း သိပ်လှတဲ့ ညနေပန်းချီ ကားလေးတစ်ချပ်ပေါ့။ သူမလေးက အသည်းစားဘီလူးမက လူ ယောင်ဆောင်ထားတာဆိုရင်တောင် သူက သူ့အသည်းကို သူမ လေးစားကောင်းအောင် ဖန်တီးပေးထားမှာပါ။





## ၁၁

ဤသို့ဖြင့် မင်းဆန္ဒ ဆိုသည့် လူသားတစ်ယောက် သည် ဆွေသုန္ဒြာဆိုသည့် အလှဖုရားမလေးနားသို့ သိမ်မွေ့ညင်သာ စွာ ဝင်ရောက်လာခဲ့သည်။ ကံကြမ္မာကို ကျေးဇူးတွေတင်လို့ ဒီ အခွင့်အရေးလေး ပျောက်ပျက်သွားမှာ စိုးကြောက်သော မင်းဆန္ဒ တစ်ယောက် ရင်ထဲက ချစ်စကားတွေကို မျိုသိပ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"honours ပါအောင်ကြိုးစားပေါ့ သုန္ဒြာ၊ အကူအညီလိုရင်လည်း ပြောလေ"

"ဟင့်အင်း ... ပါမှာလည်း မဟုတ်ပါဘူး၊ pretest တွေမှာ မကျအောင်တောင် မနည်းဖြေနေရတာ၊ ပြီးတော့လည်း ပျင်းစရာကြီး၊ အကြာကြီး ကျောင်းမတက်ချင်ပါဘူး၊ အပြင်မှာပဲ အလုပ်လုပ်ရင်းနဲ့ programming ပိုင်းဆက်တက်မလားလို့"

သုန္ဒြာက သူ့ဇာတ်သွင်းဖို့ ကြိုးစားနေတဲ့ မင်းဆန္ဒရဲ့ ဆန္ဒကို ပြတ်ပြတ်သားသား ဆန့်ကျင်လိုက်သည်။

"အလုပ်လုပ်မယ် ... ဟုတ်လား"

အံ့အားတသင့်နဲ့ သူ့အကြည့်ကြောင့် သုန္ဒြာပခုံးတွန့်ပြလိုက်သည်။ သူက သုန္ဒြာကို ပျင်းမများ မှတ်နေလားမသိ။

"အလုပ်ခန့်မယ့်ကုမ္ပဏီကလည်း အဆင်သင့်ပဲနော်၊ ဖေဖေ့မိတ်ဆွေရဲ့ကုမ္ပဏီမှာ သုန္ဒြာ second year တည်းက ပြောထားတာ"





"သုန္ဒြာ ဘယ်မှာအလုပ်လုပ်မှာလဲဟင်"

"ဘာလဲ ... သုန္ဒြာလုပ်တဲ့ ကုမ္ပဏီမှာပါ ရှင်က အလုပ်လုပ်ချင်ပြန်ပြီလား၊ ဆွေသုန္ဒြာက အဲဒီလောက်အထိ သဘောမကောင်းဘူးထင်တယ်"

ပပက မင်းဆန္ဒရဲ့သဘောထားကို သိဟန်နှင့် စ, လိုက်သည်။

ဒီလူက တကယ်ပဲ သုန္ဒြာရဲ့အရိပ်ဖြစ်ချင်နေတာလေ။ သုန္ဒြာ သွားသမျှနောက်ကို တကောက်ကောက် လိုက်ချင်နေတာ။

ဒါကို မိသုန္ဒြာကလည်း စိတ်ရှုပ်ဟန်မပြဘဲ နှစ်ခြိုက်နေသည့် ပုံ။

"အင်း ... ရှင် အစွမ်းရှိရင် လျှောက်ကြည့်ပေါ့၊ သုန္ဒြာတော့ ပြောမပေးနိုင်ဘူး၊ ကိုယ်တစ်ယောက်ရဖို့တောင် ဖေဖေ ပြောပေးလို့"

"ဘယ်ကုမ္ပဏီဆိုတာသာ ပြောလိုက်ပါ"

"အလဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပန်းစက်ရာ၊ သွဲ့သဉ္ဇာနှင့် ရွှန်းပပတို့က ယုံကြည်မှု အပြည့်နှင့် မင်းဆန္ဒစကားကို သဘောကျသွားဟန် သွားတွေပေါ် အောင်ပြုံးရင်း တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်လို့ သူမတို့ ဆရာမကြီး ဘာပြောမလဲ နားထောင်နေကြသည်။

"TT entertainment group လေ"

"Ok လေ၊ ငါနဲ့မင်း အလုပ်အတူတူ လုပ်ဖြစ်မှာပါ"

"ခဏ ... ခဏ၊ မသိလို့နော် မျက်စိလည်နေလို့၊ ရှင်တို့ နှစ်ယောက်က ဘယ်လိုဆက်ဆံရေးမျိုးလဲ"

"ဟဲ့"

ဖျတ်ခနဲ သုန္ဒြာ လက်ကလေးတစ်ဖက် ပပကျောပေါ် ကျလာသည်။ ဒီမိန်းမတွေ ဝင်ဖောက်တော့မည်ဟု ထင်တော့ထင် သား။

"ဟုတ်တယ် ... ဟုတ်တယ်၊ သုန္ဒြာနားမှာနေဖို့ ဘယ် ယောက်ျားမှ ဒီလိုအခွင့်အရေး မရဖူးဘူး၊ ကေန္တတော့ ကေန္တပဲနော်"





"ငါတော့ သူတို့ပြောနေဆိုနေကြတာ နားထောင်ကြည့် ရသလောက်တော့ ရိုးရိုးသားသား မိတ်ဆွေသူငယ်ချင်းတွေ ပါ၊ ဟုတ်တယ်နော်"

"ဘယ်ကသာ ... ကိုမင်းဆန္ဒက သုန္ဒြာထက် နှစ်နှစ်ကြီး တာဆိုတော့ မောင်နှမသံယောဇဉ်မျိုးဖြစ်မယ်"

သူ့ရဲ့ဖြူသန့်တဲ့မျက်နှာပြင်ဟာ တစ,ထက်တစ ရဲရဲလာလို့ သူရှက်နေပြီမှန်း သိသော်လည်း သူက အကျောမာစွာ စကားလွှဲဖို့ မစဉ်းစားဘဲ အသာအယာပြုံးလို့ သုန္ဒြာ မျက်နှာကိုသာ မျက်တောင်မခတ်စတမ်း ကြည့်နေတာမို့ သုန္ဒြာသာ အနေခက်လှ စွာဖြင့် သူ့အကြည့်တွေကို လွှဲဖယ်လိုက်ရသည်။ တဒိတ်ဒိတ်ခုန် လာတဲ့ သုန္ဒြာရဲ့ရင်ခုန်သံတွေကလည်း မညီမညာနဲ့ ကာရန်မဲ့ လာသည်။

"ကျွန်တော် သုန္ဒြာနားမှာ နေချင်တယ်၊ ဒါ ဆန္ဒပါ၊ လောဘမဟုတ်ခဲ့ဘူး၊ နေခွင့်မရတော့ရင်လည်း ဒေါသဖြစ် မှာ မဟုတ်ပါဘူး၊ ဘာလို့လဲဆိုတော့ လောဘကိုအရင်းခံ ခဲ့တာ မဟုတ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘယ်လိုကြီးလဲ"

"ရှင်းရှင်းလင်းလင်း ကျွန်မတို့နားလည်အောင် ပြောပြပါလား၊ ကွန်ပျူတာတက္ကသိုလ်တက်နေပေမယ့် ကျွန်မတို့က computer brain တွေမဟုတ်လို့ပါ ... ဟဲ ဟဲ"

ဒီမိန်းမတွေ အတင်းအစ်အောက်ပြီး မင်းဆန္ဒဆီက စကားတွေ ထွက်လာအောင် ညှစ်ထုတ်နေတယ်ဆိုတာ ပေါင်းနေကျ သူငယ်ချင်းတွေမို့ အထာနပ်ပြီးသား။ သုန္ဒြာ မျက်နှာပြောင်စွာဖြင့် ဆက်မထိုင်ရဲခဲ့။ သူမပြောချင်တာလား၊ မပြောရဲတာလား မသိသည့် သုန္ဒြာ ကြားချင်သည့် တရားဝင်ချစ်စကားကို ကြားရဖို့ ဒီလိုကြီး အုပ်စုအားကိုးနှင့်ဖိပြီး သူ့ကို တွန်အားမပေးလိုပါ။ သိက္ခာကျသည်ဟု သုန္ဒြာ ထင်သည်။ ပြီးတော့ သူနဲ့ပြိုင်ကြည့်ရဲတဲ့သတ္တိ သုန္ဒြာမှာ လုံးလုံးမရှိခဲ့။

"ငါ latrine သွားဦးမယ်"

ဆတ်ခနဲထ,ရပ်လိုက်တဲ့ သုန္ဒြာကို သူငယ်ချင်းတွေက ပြောင်စပ်စပ်မျက်နှာပေးတွေနှင့် မော့ကြည့်ကြသည်။ ဒီမိန်းမ





မင်းဆန္ဒဆီမှာ တကယ်ကျရှုံးသွားပြီပဲ၊ ဒီလို ဣန္ဒြေပျက်အောင် ရှက်သွေးဖြာနေတာမျိုးက သုန္ဒြာဆီမှာ ဘယ်တုန်းကမှ မတွေ့ဘူးတဲ့ အမူအရာမျိုးလေ။

"သုန္ဒြာ ... ငါ မင်းကို သိပ်ချစ်တယ်"

"ဟင်"

သုန္ဒြာနှင့်အတူ သူက လိုက်ရပ်ရင်း လျှာခလုတ်တိုက်မတတ်၊ မပြောလိုက်ရမှာစိုးသည့် စကားတစ်ခုကိုပြောသည့်အလား သူ့စကားကြောင့် လူက နားရင်းပါးရင်းတွေ ပူထူသွားပြီး ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိ ကြောင်အမ်း,အမ်းပြီး တောင့်တောင့်လေး ရပ်နေမိသည်။ ပြီးမှ ဝိုင်းကြည့်နေကြသည့် မျက်လုံးတွေကို သတိပြုမိကာ နေရာမှပြေးထွက်ခဲ့သည်။ ဒီလို ဘာလို့ ကလေးဆန်တဲ့ အမူအရာမျိုးလုပ်မိမှန်း သုန္ဒြာကိုယ်တိုင်တောင် နားမလည်ခဲ့။

"သူ ကျွန်တော့်ကို စိတ်ဆိုးသွားပြီထင်တယ်"

သူ အားလျော့စွာ ခုံမှာပြန်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ရှင်ကလည်း ညံ့လိုက်တာ၊ ကျွန်မတို့ ဆရာမကြီး ဆွေသုန္ဒြာ့ရာဇဝင်မှာ ဒါမျိုး ဘယ်တုန်းကမှ ဖြစ်ဖူးတာမဟုတ်ဘူး၊ သူ့ကို ပရိုပို့စ်လုပ်တဲ့လူတိုင်း အမြီး ကုပ်ပြီး ပြန်ပြေးသွားအောင် ငြင်းတတ်တဲ့နေရာမှာ နှစ် ယောက်ရှိတာ မဟုတ်ဘူး"

"ဟုတ်တယ် ကိုမင်းဆန္ဒ၊ ရှင့်ဆန္ဒ တကယ်ပြည့်တော့မှာ ပါ၊ အဲဒီအခါ ကျွန်မတို့ကို ကျေးဇူးမမေ့ရဘူးနော်"

သုန္ဒြာ သူငယ်ချင်းမ,တွေ့ စကားက သူ့မျှော်လင့် ချက်တွေကို ပြန်လည်သစ်လွင်စေသည်။ ရှက်နေတဲ့ သုန္ဒြာရဲ့ ချစ်စရာ အမူအရာလေးတွေ ပြန်မြင်ယောင်မိတော့ ရင်ထဲမှာ အပျော်လှိုင်းလေးတွေ လက်လက်ထ,လာသည်။ မင်းကို ငါ ထာဝရ မြတ်နိုးမှာပါ ဆွေသုန္ဒြာ။





## ၁၂

အဖြေပေးမယ် ပြောထားတဲ့ သုန္ဒြာတို့ရဲ့ final စာမေးပွဲနောက်ဆုံးနေ့ ရောက်လာတော့ သူ့ရင်တွေ အတိုင်းအဆ မရှိခုန်လို့ အိပ်လည်းမပျော် စားလည်းမဝင်။ ပျော်စရာအဖြေ ဖြစ်မယ် မျှော်လင့်ထားပေမယ့်လည်း အဲဒီကောင်မလေးက တသ



www.burmeseclassic.com

www.burmeseclassic.com



မတ်တည်း တွက်ထားလို့မရတဲ့ ဆရာကျတဲ့ ကောင်မလေးမို့ ရင်ကိုထိုးခွဲပြီး ချေမွဖျက်ဆီးပစ်မယ့် အဖြေကိုလည်း ပေးနိုင်သေးတယ်ဆိုတာ ထည့်တွက်ထားရတယ်လေ။

သူမ စာမေးပွဲဖြေနေတဲ့ အခန်းရှေ့ သူ ယောင်လည်လည်လုပ်ရင်း လှမ်းတွေ့နေရတဲ့ သူမမျက်နှာလေးကို တမေ့တမော ကြည့်နေခဲ့မိတယ်။ သူ့အတွက်တော့ စိတ်လှုပ်ရှားစရာအကောင်းဆုံး နေ့တစ်နေ့ပါပဲ။ သူ့ရဲ့ပျော်ရွှင်မှု၊ ဝမ်းနည်းမှုမှန်သမျှကို ဆွေသန္တာဆိုတဲ့ ကောင်မလေးတစ်ယောက်ပဲ ပိုင်ဆိုင်ထားတာပါ။

"ရော့ ... အိမ်ရောက်မှ ဖတ်ကြည့်ရမယ်နော်"

အခန်းထဲက ထွက်ထွက်လာချင်း သူမလေးက သူမဘေးအိတ်ဇစ်ကို ဆွဲဖွင့်ပြီး စာတစ်စောင် ထုတ်ပေးသည်။ မျက်နှာလေးကို အကဲဖမ်းတော့လည်း ပကတိတည်ငြိမ်လွန်းနေသည်။ လှမ်းယူလိုက်တဲ့သူ့ရဲ့လက်တွေ စိတ်လှုပ်ရှားမှုကြောင့် တုန်သွားသည်။ အထဲမှာ သူမရေးထားမယ့်စာကိုဖတ်ဖို့ သူ့မှာ သတ္တိမရှိသလိုပင်။





"အိမ်တန်းပြန်မှာလား သန္တာ"

"ဒါပေါ့ ... အိပ်ရေးပျက်တာတွေ များပြီလေ၊ အိမ်ပြန်ပြီး တစ်ရေးတစ်မော အိပ်ဦးမှပေါ့"

ပြောလည်းပြော ခြေလှမ်းသွက်သွက်တွေနဲ့ သူ့ကို သူမ ကျောခိုင်းသွားသည်။

ရင်ထဲမှာ စနိုးစနောင့်နှင့်။

စာလေးကိုင် ပြီး သူ ငိုင်နေသည်။ သူ့သူငယ်ချင်းမတွေကတော့ သူ့ကိုအား ယူပြီး ပြုံးပြရှာသည်။

သူတို့မျက်နှာတွေ ကြည့်သော်လည်း ဒီစာထဲက အဖြေကို မရိပ်မိနိုင်တာ သူညံ့လို့ပဲဖြစ်မှာ။

အိမ်အထိ သူ မစောင့်နိုင်တော့ဘဲ သူမလေးပေးတဲ့ အဖြေ ဘာပဲဖြစ်ဖြစ် လက်ခံဖို့ သူ ဆုံးဖြတ်လိုက်ရင်း လက်ထဲက စာခေါက်လေးကို မရဲတရဲ ဖွင့်ကြည့်လိုက်သည်။

"သန္တာ ဆန္ဒကိုပဲ အလေးထားမယ်ဆိုသူကြီးရေ ...



www.burmeseclassic.com

www.burmeseclassic.com



သုန္ဒြာတို့ရဲ့ဆက်ဆံရေးကို space bar နဲ့ တစ်ချက်လေးမှ မခြားချင်ပါဘူး။ delete လုပ်ပြီးလည်း မဖျက်ဆီးရက်သူပါ။ ရှင်ပြောတဲ့ ချစ်စကားကို copy အခါခါကူးလို့ စာမျက်နှာထောင့်ငါးရာရှိတဲ့ file တစ်ခုအဖြစ် save လုပ်ထားချင်ပါတယ်။ file name ကတော့ love ပေါ့။

သုန္ဒြာ"

"ဟာ"

စာရွက်ကိုကိုင်ထားတဲ့ မင်းဆန္ဒလက်တွေ တဆတ်ဆတ် တုန်နေသည်။ ပျော်လွန်းလို့ လူက လေပေါ်ကိုမြောက်တက်သွားသလိုပင်။ ရစ်ဝိုင်းလာတဲ့ မျက်ရည်ကြည်တွေက သူ့အတွက်တော့ ဝမ်းမြောက်ခြင်းသင်္ကေတပေါ့။

ကျောပိုးအိတ်ထဲကဖုန်းကိုယူလို့ သုန္ဒြာဆီ လှမ်းအဆက် "စက်ပိတ်ထားပါတယ်"နှင့်တိုးသည်။ ဒါလည်း လူကို အသည်းယားအောင် ကလိခြင်းတစ်မျိုးပေါ့။





သုန္ဒြာ့ မျက်နှာလေးကို မြင်လိုစိတ်တွေ ရင်နဲ့မဆန့်တော့တာမို့ သုန္ဒြာတို့ အိမ်ရှေ့အရောက်သွားဖို့ သူ ဆုံးဖြတ်လိုက်သည်။ မင်းမျက်နှာလေးကိုမြင်ပြီး မင်းပြုံးပြမယ့် အပြုံးလှလှလေးတွေနဲ့ မင်းရဲ့အချစ်ကို ငါ တကယ်ရလိုက်ပြီလို့ အတည်ပြုပါရစေ သုန္ဒြာ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၃

သားအခန်းထဲသို့ ဒေါ်တင်မမ တံခါးအသာတွန်း ဖွင့်ဝင်လာသည်။ တစ်ခန်းလုံးမှာရှိတဲ့ ပစ္စည်းတွေကို သူ့နေရာနဲ့ သူသပ်ရပ်အောင် အနည်းငယ်ပြုပြင်ရင်း မျက်လုံးတွေက သားရဲ့ ကွန်ပျူတာဆီ အကြည့်ရောက်သွားသည်။





ဒီကွန်ပျူတာထဲမှာ သူ ဘာတွေများ သိမ်းထားမလဲ၊ ကွန်ပျူတာရှိရာ ခြေဦးလှည့်ပြီးမှ သူ password ထည့်ထားရင် အချိန်ကုန်မှာပဲဆိုတဲ့အတွေး ခေါင်းထဲဝင်လာတာမို့ သူမလက်တွေက သားရဲ့စာကြည့်စားပွဲအံဆွဲဆီ ရောက်သွားပြန်သည်။ စိတ်ပျက်စရာက သင်းက သော့ခတ်ထားသည်လေ။

ဒါဆို သူ့အဝတ်ဗီရိုထဲမှာရော၊ ဗီရိုတံခါးဆွဲဖွင့်ကြည့်လိုက်တော့ အင်္ကျီ၊ ဘောင်းဘီ၊ ပုဆိုးထပ်တွေကလွဲလို့ ဘာမှမတွေ့ရ။ လက်ကလေးနဲ့ ဟိုစမ်း၊ ဒီစမ်း၊ ဟိုထပ်ဒီထပ် လုပ်တော့လည်း ဘာမှရှိမနေ။

ဒေါ်တင်မမ သားခုတင်ပေါ် တင်ပါးလွှဲထိုင်ရင်း အတွေးနယ်ချဲ့နေသည်။ မင်းဆန္ဒ အခုစာလော ပြောင်းလဲလာသည်။ ပိုပြီးရှင်ပျပြီး အသက်ဝင်လာသလိုပင်။ သူ ဟိုတစ်ခါ ပြောဖူးတဲ့ ဆွေသုန္ဒြာဆိုတဲ့ ကောင်မလေးနဲ့ အဆင်ပြေသွားလို့လား။ သူမ သိချင်တာက ဆွေသုန္ဒြာဆိုတဲ့ ကောင်မလေးရဲ့ ပုံပန်းသဏ္ဌာန်၊ ဘယ်လိုကြောင့် သူ ဟိုအိပ်မက်ကို မက်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမ အသည်းအသန် သိချင်နေတာလေ။ သူနဲ့ ဆွေသုန္ဒြာဆိုတဲ့ ကလေးမ ပတ်သက်နေရိုးမှန်ရင် ထိုကလေးမနဲ့ ပတ်သက်ပြီး တစ်ခုခုတော့ ဒီအခန်းထဲမှာရှိနေမယ် မဟုတ်လား။

ဒေါ်တင်မမလက်က ရွဲ့စောင်းနေတဲ့ သားခေါင်းအုံးကို ပြန်တည့်မတ်ရင်း တစွန်းတစထွက်နေတဲ့ ဓာတ်ပုံလေးကို တွေ့တော့ ဆတ်ခနဲ ဆွဲယူလိုက်သည်။

"ဟင် ... သူ"

ဒေါ်တင်မမ တစ်ကိုယ်လုံး ဓာတ်လိုက်ခံရသူတစ်ယောက်နယ် ကျဉ်တက်သွားသည်။

လက်တစ်ဖက်က ရင်ဘတ်ပေါ်ဖိလို့ ဓာတ်ပုံကို စူးစူးစိုက်စိုက် ကြည့်မိသည်။

"ဟင့်အင်း ... မဖြစ်နိုင်ပါဘူး၊ သူ မဖြစ်နိုင်ဘူး"

ဓာတ်ပုံထဲက လှပတဲ့ကောင်မလေးရဲ့ မျက်လုံးအကြည့်ကို မခံနိုင်စွာ ထိုဓာတ်ပုံကို လွှင့်ပစ်လိုက်သည်။ ရန့်ချိုချို၊ မင်း ... မဟုတ်ပါဘူးနော်။





ဒေါ်တင်မမ ကိုယ့်စိတ်ကိုယ် ပြန်အားတင်းရင်း လွှင့်ပစ်ထားတဲ့ ဓာတ်ပုံကို ပြန်ကောက်ပြီး သေချာအောင် ထပ်ကြည့်ပြန်သည်။

မဟုတ်ပါဘူး။ သေချာကြည့်မှ ဒီဓာတ်ပုံပိုင်ရှင်ကောင်မလေး အောက်နှုတ်ခမ်းလေးမှာ အလယ်အချိုင့်လေးနဲ့ နှာတံသွယ်ပြီး အဖျားချွန်တာလေးတွေကို သတိပြုမိလိုက်သည်။ ပြီးတော့ ရန့်ချိုချိုရဲ့ ဘယ်ဘက်ပါးပြင်မှာ စပါးတင်မှဲ့လေးတစ်လုံးရှိသည်လေ။

ဒီဓာတ်ပုံပိုင်ရှင် ကောင်မလေးက ရန့်ချိုချိုရဲ့ မျက်နှာပေါက်နဲ့ မျက်လုံးလေးတွေ ချွတ်စွပ်နီးပါး တူနေတာမို့ သူမအထင်မှားသွားတာပါ။

ရုတ်တရက် စိုးရိမ်စိတ်လေးတစ်ခု ရင်ထဲရောက်လာသည်။ ဒီပုံအတိုင်းဆို အတိတ်က ဖြစ်ရပ်ကို ဒီကလေးမကြောင့် သား အနေးနဲ့အမြန် ပြန်သတိရနိုင်တာပေါ့။

"ဟယ်လို ... ဒေါက်တာအောင်နိုင်လား၊ ကျွန်မ တင်မမပါ၊ သားကိစ္စနဲ့ပတ်သက်ပြီး ကျွန်မ ဒေါက်တာနဲ့အရေး



www.burmeseclassic.com

www.burmeseclassic.com



တကြိုးတွေ့ချင်လို့၊ မနက်ဖြန်ကို ဒေါက်တာ ဘယ်ဆေးခန်း မှာရှိနေမလဲ၊ ဒါမှမဟုတ် ကျွန်မ ဆေးရုံကို လာခဲ့ရမလား"

"………"

"ဩော် … ဩော် … ဟုတ်ကဲ့ပါရှင်၊ ဒါဆို မနက်ဖြန် မနက်ကိုးနာရီတိတိ ကျွန်မ ရောက်အောင်လာခဲ့ပါ့မယ်"

"………"

"ဟုတ်ကဲ့ပါ ဒေါက်တာ … ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါ တယ် ဒေါက်တာ"

ဖုန်းချရင်း ဒေါ်တင်မမ လေးကန်သောခြေလှမ်း တွေနှင့် ဧည့်ခန်းဆက်တီတစ်လုံးပေါ် ထိုင်ချလိုက်သည်။ သားကို အတိတ်ကို ပြန်သတိရစေချင်သလို၊ သတိလည်း မရစေချင်ပါ။ နှစ်ခွဖြစ်နေသော သူမစိတ်ကို ပြန်ဆန်းစစ်ကြည့်မိသည်။ ဘာဖြစ် လို့များလဲ။ ဘာကြောင့်သား အတိတ်ကို ပြန်အမှတ်ရမှာကို သူမ စိတ်တစ်ပိုင်းက မလိုလားရတာလဲ။ ချိုချိုနဲ့ပတ်သက်တဲ့ အတိတ် ကို သားကို လုံးဝမေ့ပစ်စေချင်လို့ပဲနေမှာ။





## ၁၄

မချစ်ဖူးသည့် သူတို့နှစ်ယောက်အတွက်တော့ အချစ် ဆိုတာ ချိုမြိန်လွန်းသော အရသာတစ်မျိုးနယ်။ အချစ်ဆိုတာ သူတို့နှစ်ယောက်အတွက်တော့ ပီကေလိုအရင်ချိုပြီး နောက်ခါးတဲ့ အရသာမဟုတ်ဘဲ သကြားလိုပဲ ထာဝရချိုတဲ့ အရသာလို့ သတ် မှတ်ထားကြတာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"ဗျာ"

"ဘာဖြစ်လို့ သုန္ဒြာကို စကားပြောရင် ငါ ... ငါလို့နာမ်စားသုံးရတာလဲဟင်၊ ကဗျာလည်းမဆန်ပါဘူး၊ နားထောင်လို့လည်း မကောင်းဘူး"

"ငါလို့ ပြောရတာ ပိုအားရလို့ပါကွာ"

"ဟင့်အင်း ... ကိုကိုကလို့ ပြောပါ"

သူ့ပခုံးကိုမှီနွဲ့ရင်း သုန္ဒြာ ပြောဟန်ကြောင့် သူ ချစ်စနိုး သူမနဖူးလေးကို မနာမကျင်အောင် သူ့လက်သီးဆုပ်ဖြင့် ခပ်ဖွဖွ ထုလိုက်သည်။

"အား ... နာတယ်"

"ဟာ ... တကယ်နာတာလား၊ ငါက ကိုကိုက ဖွဖွလေးပဲ"

"ဘာဖွဖွလေးလဲ၊ ဒီမှာ နဖူးနီသွားတာ သိလား၊ သုန္ဒြာ အသားလေးတွေက ဖော့ဖယောင်းလို နုနုလေးရှင့် ... နုနုလေး"





"ဘာ ... နူနူလေး ဟုတ်လား၊ မသိလို့ပါကွာ"

"ဟင် ... ဘာပြောတယ်၊ လူကိုများ နူတယ်လေး ဘာလေးနဲ့၊ ကဲဟယ် ... ကဲဟယ်"

သုန္ဒြာက သူ့လက်မောင်းကို သူမလက်သည်းချွန်ချွန်လေးနဲ့ ထိုးဆိတ်တော့သည်။

"အားလားလား နာတယ်ကွ၊ လူမလေးထင်လို့ ချစ်မိတာပါကွာ၊ ကြောင်မမှန်းသိရင် မချစ်ပါဘူး"

"ကိုကိုနော် ... တော်ပြီ ပြန်တော့မယ်"

"ဟာ ... ဟာ ... နေပါဦး၊ စ,တာပါ သုန္ဒြာရာ၊ အဲလို နှုတ်ခမ်းစူထားပြန်တော့ ဘာနဲ့တူသလဲဆိုတော့ ..."

"ကိုကို ... သုန္ဒြာ တကယ်စိတ်တိုလာပြီနော်"

သုန္ဒြာ့ မျက်ဝန်းက မျက်ရည်ကြည်ကိုအတွေ့ သူ ပျာယာခတ်သွားသည်။ ဒီကလေးမလေးက ထင်မှတ်မထားလောက်အောင် ကလေးဆန်ပြီး သူ့အပေါ် နွဲ့ဆိုး,ဆိုးလွန်းသည်။ သူကလည်း ဒါလေးတွေကြောင့် သုန္ဒြာနဲ့ တစ်စက္ကန့်လေးတောင် ခွဲမနေချင်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဆိုးပြီး ထွက်တော့မသွားပါနဲ့ သုန္ဒြာလေးရယ်၊ ဒီလို နှစ်ယောက်တည်း တွေ့ရဖို့က လွယ်တာမှမဟုတ်တာ၊ ကဲ ... ကဲ ... ကိုကိုက ချစ်လို့စ,တာပါ၊ စိတ်မဆိုးနဲ့တော့နော်၊ တကတဲ ကလေးပိစိလေး ကျနေတာပဲ"

"ဟင့် ... အပိုတွေ၊ အလုပ်တစ်ခုတည်း အတူတူလုပ်နေတာ နေ့တိုင်းတွေ့နေရတဲ့ဟာကို၊ ပိုကိုပိုတယ်"

"ဒါပေမဲ့ အဲဒါက လုပ်ငန်းခွင်ထဲမှာလေ၊ အခုလို နှစ်ယောက်တည်းမှ မဟုတ်တာ"

"သွား ... လာမနမ်းနဲ့"

သုန္ဒြာက သူမပါးနားရောက်လာသော သူ့မျက်နှာကြီးကို တွန်းပစ်လိုက်သည်။ ဒီတော့လည်း ကိုကိုက သုန္ဒြာနဲ့ ခပ်ခွာခွာ ထိုင်ပြန်သည်။

မူလို့မူမှန်း မသိတဲ့လူ။

"တွေ့လား"

"ဘာကိုတွေ့ရမှာလဲ"





"ကိုကို့ကိုပြောနေတာ၊ ဒါက ဘာလုပ်တာလဲ၊ သုန္ဒြာ့နားမှာ မထိုင်ချင်တာလား"

"လုပ်ပြန်ပြီကွာ။ ဘာကောင်မလေးမှန်းကို မသိဘူး"

ကိုကိုက ခေါင်းအသာကုတ်ပြီး သုန္ဒြာနား တိုးထိုင်ကာ သုန္ဒြာလက်ကလေးတစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်လာသည်။

"ကိုကို"

"ဟင် ... ပြောလေ သုန္ဒြာ၊ ဘာပြောမလို့လဲ"

"ကိုကို့မွေးသက္ကရာဇ်ကိုကြည့်တော့ သုန္ဒြာထက် သုံးနှစ်ကြီးများတောင် ကြီးနေပါလား၊ ကေန္တ ကိုကို တစ်နှစ်များကျလို့လား၊ ဘယ်နှတန်းမှာ ကျတာလဲဟင်၊ ဆယ်တန်းလား"

"မဟုတ်ဘူး သုန္ဒြာ၊ ကိုကို ပထမနှစ်ဝက်စာမေးပွဲအပြီးမိသားစုနဲ့ ဘုရားဖူးထွက်ရင်း ကားအက်ဆီးဒင့် ဖြစ်ခဲ့တာ"

"ဟင် ... တကယ်၊ ဘာဖြစ်သွားလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



“ဘာမှမဖြစ်ပါဘူး၊ ညာဘက်လက်နဲ့ ညာခြေထောက်မှာပဲ ဒဏ်ရာရခဲ့ပါတယ်၊ ကိုကို့မိသားစုဝင်တွေကတော့ ကံကောင်းတယ် ဘာမှမဖြစ်ကြဘူး၊ ကိုကို ဒဏ်ရာတွေနဲ့ သတိကြာကြာလစ်သွားခဲ့တယ်၊ ဆေးရုံမှာ အချိန်ကြာကြာနေခဲ့ရတယ်၊ ကိုကို ပြန်သတိရလာတော့ လူသစ်တစ်ယောက်လို ဖြစ်သွားတယ်လေ”

“လူသစ်တစ်ယောက် ဟုတ်လား”

“ဟုတ်တယ်၊ ဆရာဝန်ပြောတာတော့ ကိုကို အကြောက်လွန်သွားလို့ အတိတ်ကိုမမှတ်မိတော့တာပါတဲ့၊ အခုအချိန်အထိ အာရုံကြောဆေးတွေ သောက်နေရတုန်းပဲလေ၊ အဲဒီတုန်းက အဖြစ်အပျက်ကိုလည်း ဘယ်လိုမှ ပြန်တွေးမရဘူး၊ အဲဒီတုန်းက ကိုကိုတို့က ဖေဖေတာဝန်ကျတဲ့ မော်လမြိုင်မှာ နေခဲ့တာတဲ့”

“ဟင် ... ဒါဆို ကိုကိုက အတိတ်မေ့နေတာပေါ့၊ ဒါနဲ့ များတောင် ကွန်ပျူတာမာစတာတန်း ရောက်လာတယ်နော်၊





ဒါနဲ့ ဖြစ်ပါ့မလား ကိုကို၊ ကွန်ပျူတာသုံးတာ နဂိုကမှ effect ရှိရတဲ့အထဲ ကိုကို့အခြေအနေနဲ့ ရူးသွားရင်ဘယ့်နှယ်လုပ်မလဲ၊ သုန္ဒြာက အရူးကို ရည်းစားတော်သလို ဖြစ်သွားမှာပေါ့နော်”

သုန္ဒြာရဲ့ မချိုမချဉ်ရုပ်လေးကိုအတွေ့ သူမလေးသူ့ကိုမခံချင်အောင် စ,နေမှန်းသိလိုက်ကာ ...

“အေးနော် ... သူပြောရင်တော့ ကောင်းတယ်နော်”

“ဒါနဲ့ ကိုကို့အတိတ်က သိပ်စိတ်ဝင်စားစရာကောင်းပုံမရပါဘူး၊ ကျောင်းတက်နေရတာတွေ၊ စာကျက်နေရတာတွေ ကာတွန်းဖတ် ... ဂိမ်းနိုပ် ... အခွေကြည့် ... အဆူခံ၊ အရိုက်ခံရ ကောင်မလေးတွေ ရည်းစားစကားလိုက်ပြောဒါတွေအပြင် ဘာမှရှိမှာမှ မဟုတ်တာ”

“တော်လိုက်တဲ့ ဆွေသုန္ဒြာ၊ မင်းပြောပုံအတိုင်းဆို ကိုကို မှတ်တောင် မမှတ်မိချင်တော့ဘူး”

ခိုးခိုးခစ်ခစ်နဲ့ သုန္ဒြာ ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကပါ လိုက်ပါရယ်မောမိသည်။ သုန္ဒြာက သူ့ရဲ့ အစိတ်အပိုင်းတစ်ခုလေ။

သုန္ဒြာ ပျော်ရင် သူပျော်ပြီး သုန္ဒြာ ဝမ်းနည်းရင် သူလည်း နာကျင်ရသည်။ ဆုပ်ကိုင်ထားတဲ့ ဒီလက်လေးတွေ ထာဝရမြဲမြဲကြမယ်လေ။ တူညီတဲ့ အချစ်တွေနဲ့ ဝင်သက်ထွက်သက် တည်ရှိနေသရွေ့ နှစ်ယောက် အတူ တစ်ယောက်ကိုတစ်ယောက် ဖေးကူလို့ ဘဝလမ်းမှာ လျှောက်လှမ်းသွားကြမှာပါ။





## ၁၅

ရွှေရောနှောက်ပါ ကျောလယ်အထိ တတိတည်း ရှည်သော ဆံပင်တို့ကို အပြောင်သိမ်းပြီး ခပ်မြင့်မြင့်စုစည်းထားကာ အပြာရောင်ဖောက်ထားသော နေကာမျက်မှန်တတ်ထားသည့် မော်ဒယ်တစ်ယောက်လို ပါးလျားသောခန္ဓာကိုယ်ဖြင့် နှစ်ဆယ့်



www.burmeseclassic.com

www.burmeseclassic.com



စွန်းစွန်းရှိမည်ထင်ရသော အမျိုးသမီးတစ်ယောက်သည် အပြည့် ပြည့်ဆိုင်ရာလေဆိပ်ထဲမှထွက်လာပြီး သူမကိုလာကြိုနေသည့် အဖြူရောင် Prado ကားတစ်စီးဆီ ရှေ့ရှုလျှောက်လာသည်။

"ညီမက ဦးသက်ခိုင်ရဲ့တူမ ပင်ကီလား"

ပင်ကီက နှုတ်ခမ်းအသာတွန့်ပြုံးရင်း ခေါင်းဆတ်ပြကာ ...

"ဟုတ်တယ် ... အခုပဲ အန်ကယ့်ဆီက ဖုန်းဝင်တယ်၊ သူလာမကြိုနိုင်လို့ ရှင့်ကိုလွှတ်လိုက်တယ်ပြောတယ်"

ဒီတော့မှ ဒရိုင်ဘာက ပြူးပြူးပျာပျာနှင့် သူမလက်ထဲကအိတ်ကို လက်ပြောင်းယူလို့ နောက်ခန်းမှာ နေရာချပေးသည်။

ကားက တရိပ်ရိပ်နှင့် ငြိမ့်ငြိမ့်လေးပြေးနေသည်။ ပင်ကီကတော့ သားပတ်ဝန်းကျင် မြင်ကွင်းတွေဆီ အကြည့်တစ်ချက်မှမရောက်ဘဲ တပ်ထားတဲ့မျက်မှန်လေးကို သူမရဲ့ခေါင်းမှာ ဘီးကုပ်သဖွယ်ပင့်တင့်ရင်း မျက်စိစုံမှိတ်ထားသည်။





တင်းတင်းစေ့ထားသော ပင်ကီ့နှုတ်ခမ်းလေးက တစ်ချက်တစ်ချက် ပြုံးမဲ့မဲ့လေးဖြစ်နေသည်။

တစ်ခါတစ်ခါတော့ သက်ပြင်းရှည်တွေချလို့ အတွေးအာရုံမျိုးစုံနှင့် လုံးလားရစ်ပတ်ရင်း စိတ်မောနေသည့်ဟန်။

"ညီမ ... အိမ်ကို အရင်မောင်းပေးရမလား၊ ဒါမှမဟုတ် ကုမ္ပဏီကိုပဲမောင်းပေးရမလား"

"ကုမ္ပဏီကို အရင်ဝင်လိုက်ပါ"

"ဟုတ်ကဲ့"

ဒရိုင်ဘာက ကုမ္ပဏီရှေ့ကားထိုးရပ်လိုက်ရင်း ...

"ဘော့စ်ကတော့ အပေါ်ဆုံးထပ်မှာ meeting လုပ်နေပါတယ်၊ အခုလောက်ဆိုရင်တော့ ပြီးလောက်ပြီထင်တယ်"

ပင်ကီက ဒရိုင်ဘာ့စကားကို ခေါင်းမညိတ်ခေါင်းမခါ ကုမ္ပဏီထဲသို့ စတိုင်လ်ကျပြီး တည့်မတ်သော ခြေလှမ်းတွေနှင့် တစ်လှမ်းချင်းဝင်သွားသည်။

reception ကကောင်မလေးတွေက သူမကို ယဉ်ကျေးပျူငှာစွာနှင့် လာရင်းကိစ္စကိုမေးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"တို့ ဦးသက်ခိုင်ရဲ့တူမ ပင်ကီပါ"လို့ပြောလိုက်သည်နှင့် ချက်ချင်း meeting room ထဲကို ချီပြီးပို့ကြတော့မယ့် ပုံစံမျိုးနှင့် ပျာပျာသလဲ ဖြစ်နေကြသည်။

"လောလောဆယ် toilet ဘယ်မှာရှိလဲ တို့ကိုပြပေးနိုင်မလား"

"ဩော် ... လာ ... လာ ... မမ၊ ကျွန်မ လိုက်ပို့ပေး မယ်"

"ရတယ် ... ရတယ်၊ ဘယ်မှာဆိုတာသာ ပြောလိုက်ပါ"

recepitonist ကောင်မလေးရဲ့ ညွှန်ပြရာ ပင်ကီ ခပ်သွက်သွက်လေး လျှောက်သွားသည်။ toilet ထဲရောက်တော့မှ ဖုန်းကို အသာထုတ်လို့ နံပါတ်တစ်ခုနှိပ်လိုက်သည်။

"ဟယ်လို ... sky လား၊ တို့ ပင်ကီပါ"

"ဩော် ... ရောက်လာပြီလား၊ အခု ဘယ်မှာလဲ"

"တို့လား toilet ထဲမှာလေ၊ မနက်ဖြန်ဆိုရင် တို့ရဲ့ပြိုင်ပွဲလေး စ,ပြီနော်၊ sky သေချာစဉ်းစားဦးနော်၊ ပြိုင်ပွဲဖြစ်နေတဲ့အတွက် တို့ sky ကို ညှာမှာမဟုတ်ဘူး"





"ဟင်း ဟင်း ဟင်း ဟင်း"

သုန္ဒြာက ခပ်လွှင်လွှင်လေး ရယ်လိုက်သည်။ ပြီးမှ ကိုယ်ရှိန်သတ်လိုက်ကာ ...

"I don't eat my words (ငါ့စကားကို မရုပ်သိမ်းပါဘူး ပင်ကီ)အစီအစဉ်အတိုင်းသာလုပ်ပါ၊ Sky ဘက်ကတော့ အားလုံးရှင်းထားပြီးပြီ၊ ဒါပဲနော် ... အလုပ်မှာ personal ဖုန်း အကြာကြီးပြောလို့ မရလို့၊ နောက်မှပဲ ပြန်ဆက်လိုက်မယ်"

ကျေးဇူးတင်ပါတယ် sky ။ တို့ကို အခွင့်အရေးပေးခဲ့လို့လေ။

တို့လုပ်ရပ်ကို ယူ သိသွားတဲ့ တစ်နေ့မှာတော့ ယူ သေလုမျောပါး ခံစားရလိမ့်မယ်။ ဒါပေမဲ့ ယူ တို့ကို ကိုယ်ချင်းစာနားလည်နိုင်မှာပါ။

'ဒီပြိုင်ပွဲက တို့ရဲ့အသက်ပဲ sky ။ ဒီပြိုင်ပွဲကနေ တို့ရစရာရှိတဲ့ အကြွေးတွေ ရအောင်ပြန်ယူရမှာ။



www.burmeseclassic.com

www.burmeseclassic.com



သုန္ဒြာ ဖုန်းလေးကို အသာချပြီး ပါဝါပိတ်လိုက်သည်။ ဒီဇာတ်လမ်းဖြစ်ဖို့ အကြောင်းဖန်လာတာက facebook ပေါ်မှာ သုန္ဒြာနဲ့ကိုကိုရဲ့ စုံတွဲပုံလေးတွေ တင်မိတာက စ,ခဲ့သည်လေ။ ပင်ကီက ထိုစုံတွဲပုံတွေကို comment ပေးရာက သုန္ဒြာနဲ့ ရင်းနှီးသွားခဲ့သည်။ ပင်ကီက ကနေဒါကို ဆယ်တန်းအောင်ပြီးကတည်းက ကျောင်းသွားတက်နေခဲ့သည်တဲ့။

"အရမ်းအံ့ဩစရာ ကောင်းတာပဲ၊ တို့စုံတွဲပုံတွေ မြင်ဖူးပါတယ်၊ မင်းသား မင်းသမီးစုံတွဲကလွဲလို့ လိုက်ဖက်ညီတဲ့ စုံတွဲဆိုတာ မရှိသလောက်ပဲ၊ ကောင်မလေးက လှချင်လှ၊ ဒါမှမဟုတ် ကောင်လေးက ပိုချော၊ တစ်ယောက်ယောက်ကတော့ သိသိသာသာ ပေါ်လွင်နေတာပဲ၊ ယူတို့စုံတွဲကျတော့ ဒီလိုမဟုတ်ဘူး၊ နှစ်ယောက်စလုံး အလှညီတယ်"

ပင်ကီရဲ့ first comment က သုန္ဒြာရဲ့ဘဝင်ကိုထိသွားတာတော့ အမှန်ပါပဲ။ ကိုကိုနဲ့ တွေ့ဆုံခဲ့ပုံ၊ ချစ်ခဲ့ပုံတွေ သူ





တောင်းဆိုလို့ ပြောပြဖြစ်ခဲ့သည်။ ကိုကိုဟာ သုန္ဒြာက သေဆိုသေ ရှင်ဆိုရှင် လူစားမျိုးဆိုတဲ့ စကားကိုတော့ ပင်ကီ အလိုမကျဖြစ်ခဲ့တယ် ထင်ပါရဲ့။

"တို့ မြန်မာပြည်ကို ပြန်လာတော့မယ် sky ။ ယူနဲ့အပြင်မှာတွေ့ရတော့မယ်ဆိုတော့ တို့ သိပ်ပျော်တယ် sky ရယ်။ အရင်ဆုံးတော့ စိတ်ဝင်စားစရာကောင်းတဲ့ ပြိုင်ပွဲလေးကျင်းပမှုနဲ့တူတယ်"

"ဘယ်လို ... ဘယ်လို"

"ဟုတ်တယ် sky ၊ အခွင့်အရေးက ပေးခဲ့ပြီလေ၊ အခု sky တို့နှစ်ယောက် အလုပ်လုပ်နေကြတဲ့ ကုမ္ပဏီက တို့ ဦးလေးကုမ္ပဏီလေ၊ တို့ သိနေတာကြာပြီ၊ sky အံ့ဩသွားအောင် ဘွားခနဲ ပေါ်လာပြမလို့"

"ဟင် ... တကယ် ... တကယ်လား၊ ဒါနဲ့ နေပါဦး၊ ပြိုင်ပွဲဆိုတာ ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြိုင်ပွဲဆိုပေမယ့် ယူ့ကို ယောကျ်ားတစ်ယောက်ရဲ့အချစ်နဲ့ သစ္စာကို ယုံကြည်လို့မရတာ သက်သေပြချင်ရုံ သက်သက်ပါ၊ တစ်ယောက်တည်းကိုပဲ သေတဲ့အထိချစ်တယ်ဆိုတာ တကယ်တော့ အလိမ်အညာစကားပဲ၊ ယောကျ်ားတစ်ယောက် မဖောက်ပြန်ဘူးဆိုတာ ဖောက်ပြန်ဖို့အခွင့်အရေး မရှိလို့ဘဲ"

"မဟုတ်တာ ... ပင်ကီ ရည်ညွှန်းတာ ကိုကို့ကိုလား၊ ဒါဆိုရင်တော့ sky ဘက်က welcome ပါပဲ၊ ပင်ကီ လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ရအောင် ဒီကကြိုပြီးတောင် ဖြတ်ထားပေးလိုက်ဦးမယ်"

"ဟင်း ဟင်း ... ဘာလဲ အကျောပေးတာလား၊ ဟုတ်တာပေါ့ ယူက ယူ့လူကို ယုံကြည်တာကိုး၊ တို့ကတော့ ယောကျ်ားတွေကို မယုံကြည်ဘူး၊ ယုံကြည်တယ်ဆိုတာ ယုံကြည်တာသပ်သပ်ပဲ၊ ယုံကြည်တိုင်း မှန်ကန်တာမဟုတ်ဘူး၊ ဘယ်သူ့ယုံကြည်မှုကမှန်မလဲ ကြည့်ကြတာပေါ့၊ တို့ အချိန်သုံးလပဲ ယူမှာပါ"





ကိုကိုရဲ့ သုန္ဒြာပေါ်မှာထားတဲ့ သိပ်သည်းတဲ့အချစ်ကို ယုံကြည်စွာ၊ ပြီးတော့ သုံးလဆိုတဲ့ အချိန်ကာလ တစ်ခုတည်းနဲ့ ကိုကို့နှလုံးသားကို ယူပြမည်ဆိုသည့် ပင်ကီ့မာနစကားကို အမြင်ကတ်စွာ ဒီပြိုင်ပွဲကို လိုလားစွာ လက်ခံလိုက်သည်လေ။

ဘလိုင်းကြီး အဖြတ်ခံလိုက်ရတဲ့ ကိုကို့နာကျင်မှုကို သုန္ဒြာသိသိနဲ့ လျစ်လျူရှုမိသည်။ ဖွဲနပဲကြီးတွေ ချော့မော့မှုတွေရဲ့အောက်မှာ ပျော့မသွားအောင်လည်း ကြိုးစားနေရပါသည်။ မျှတတဲ့ပြိုင်ပွဲတစ်ခုကို လိုလား၍ သုန္ဒြာ ကိုယ်တိုင် ကိုကို့အချစ်ကို စမ်းသပ်ချင်၍ ဒီကိစ္စကို သုံးလတင်းတင်းပြည့်မှ ကိုကို့ကို အသိပေးဖို့ ယတိပြတ် ဆုံးဖြတ်ထားသည်။ ကိုကို့ကို သနားနေ၊ လွမ်းနေတာတော့ သေတော့မတတ်ပင်။

လောင်းကြေးမရှိတဲ့ ယုံကြည်ချက်ချင်းပြိုင်တဲ့ပွဲပေမယ့် ကိုကိုသာ သူ့ကိုတစ်ချက်ယိမ်းယိုင်သွားခဲ့ရင် ... ဟင့်အ ကိုကို့ရင်ထဲက သုန္ဒြာဆိုတဲ့ချစ်သူနေရာကို နတ်သမီးတစ်ပါးလာ၍ ယူတောင် မရပါဘူး။ ပင်ကီဆိုတာ နတ်သမီးတစ်ပါးမဟုတ်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

TT entertaiment group က လူထုကို ဆွဲဆောင်နိုင်တဲ့၊ စိတ်ဝင်စားစရာကောင်းတဲ့ program တွေကို ထုတ်လွှင့်နေတဲ့ private channel တစ်ခု။ Quality (အရည်အသွေး)ကို အထူးဦးစားပေးသည်မို့ လူထုက တခဲနက်အားပေးကြည့်ရှုနေသည့် channel တစ်ခုလည်း ဖြစ်သည်။





ကုမ္ပဏီက လေးထပ်အဆောက်အအုံဖြစ်ပြီး စက်လှေကားရော ဓာတ်လှေကားပါ တပ်ဆင်ထားပြီး ခမ်းနားလွန်းပါသည်။

ရွေ့လျားနေသော စက်လှေကားပေါ်သို့ မင်းဆန္ဒခြေတစ်လှမ်းအချ၊ သူ့ဘေးက အမျိုးသမီး၏ အနက်ရောင်ဒေါက်ဖိနပ် ဝတ်ထားသော ခြေထောက်ဖြူဖြူလေးတစ်ဖက် သူ့မြင်ကွင်းထဲ ရောက်လာသည်။ ကျန်ခြေတစ်ဖက်ကို ပြိုင်တူလိုလို ချမိကြတော့ နှစ်ယောက်သား စူးစမ်းစိတ်နှင့် ပြိုင်တူကြည့်မိလျက်သား ဖြစ်သွားသည်။

ဝင်းဖန့်သော မျက်နှာလေးက သူ့ခြွေ မျက်နှာပေါက်နှင့် ဆင်တူနေသည်။

ပြီးတော့ သူမမျက်ဝန်းတွေက သူ့ခြွေမျက်ဝန်းတွေလို လုပဝိုင်းစက်မနေခြားလည်း အတန်သင့်ဝန်းပြီး လှပါသည်။ အသားကတော့ သူ့ခြွေအသားထက် ပို၍ဝင်းဝါသည်။

"ရှင် ဒီမှာ အလုပ်လုပ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယထပ်ကို ခြေချမိတော့ သူမဆီက ကြည်မြသော အသံလေး သူ့နားစည်ထဲ ဝင်လာသည်။ သူ့စိတ်ထဲ ဒီအသံလေး နဲ့ ရင်းနှီးဖူးသလိုလို၊ သုန္ဒြာနဲ့ စ,တွေ့တွေ့ချင်း သုန္ဒြာ့ မျက်ဝန်း တွေကို မြင်ရတဲ့ခဏ ခံစားလိုက်ရတဲ့ ခံစားမှုနဲ့ တစ်ထပ်တည်း ပဲလေ။

ဘာလဲ ... သူ ဘာဖြစ်တာလဲ။ သုန္ဒြာက စွန့်ခွာ သွားလို့ ဒီအမျိုးသမီးအပေါ် သူ စိတ်ယိုင်သွားတာလား။ မဟုတ် ဘူး။ မင်းဆန္ဒ ဆိုတဲ့လူက မိန်းကလေးတွေကို အလွယ်တကူ မယိမ်းယိုင်တတ်တဲ့သူမျိုးပါ။ ပြီးတော့ သုန္ဒြာ။ သုန္ဒြာက သူ့ နှလုံးသားထဲမှာ ထင်ထင်ရှားရှား ရှိနေဆဲလေ။

ဘာစကားမှ ပြန်မပြောဘဲ သူ့အလုပ်စားပွဲရှိရာ လျှောက်သွားတဲ့ မင်းဆန္ဒကိုကြည့်ပြီး ပင်ကီ ပြုံးသည်။ ထိုအပြုံး ထဲမှာ အဓိပ္ပာယ်များစွာ ပေါင်းစပ်ပျော်ဝင်နေသည်လေ။ သူ့ဆီမှ တစ်ဖက်ကိုပြန်အလှည့် စက်လှေကားအတိုင်းတက်လာတဲ့ sky ကို တွေ့တာကြောင့် ပင်ကီ ရပ်စောင့်နေလိုက်သည်။





"sky"

"ဟင် ... ပင်ကီ ... ပင်ကီ မှလား၊ ပင်ကီက ဓာတ်ပုံ တွေထဲမှာထက် အပြင်မှာပိုလှတယ်"

"ဟင်း ဟင်း ... ဆွေသုန္ဒြာလောက်တော့ မလှပါဘူးကွယ်"

"ဒါနဲ့ ကိုကိုနဲ့ စောနကတွေ့လိုက်တယ်၊ ဘယ်လိုလဲ ပင်ကီ၊ ဓာတ်လမ်းစ,ပြီလား၊ first step က အခြေအနေ ကောင်းရဲ့လား"

ပင်ကီက သူမလက်ညှိုးကို နှုတ်ခမ်းဖျားထားလို့ ...

"ရှူး ... မမေးရဘူးလေ၊ ဖြစ်နိုင်ရင် ကုမ္ပဏီမှာ တို့တွေ မသိသလို နေရင်ကောင်းမယ် sky ၊ ဒီကိစ္စ သူ့ကိုနည်း နည်းလေးမှ မရိပ်မိစေချင်ဘူး၊ တို့ပြောတာ ပေါက်တယ် မဟုတ်လား၊ စိတ်ချပါ၊ ညတိုင်း ယူ့ကို report တင်ပါ့ မယ်"

"ပြီးတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့မှန်းမသိ ဒီမိန်းမရဲ့အပြောအဆိုကို စိတ်ထဲ သိပ်မတွေ့ချင်။ သူ့မျက်ဝန်းထဲမှာ သုန္ဒြာကို မနှစ်မြို့တဲ့ အရိပ်တွေလည်း ထင်ဟပ်နေသလိုလို။ မျက်နှာချင်းဆိုင် တွေ့ကြတော့ facebook ပေါ်မှာ သိပ်ခင်ခဲ့ရတဲ့ မိတ်ဆွေတစ်ယောက်လို မခံစားမိတာကရော ဘာကြောင့်ပါလဲ။

"ရှတ် ... sky ၊ တစ်ခုလောက် တောင်းဆိုပါရစေ၊ တို့ဒီပြိုင်ပွဲကို တရားမျှတတဲ့ ပြိုင်ပွဲတစ်ခု ဖြစ်စေချင်တယ်"

သုန္ဒြာမှာသာ ယုတ်မာတဲ့စိတ်ရှိခဲ့ရင် ကိုကိုနဲ့ပေါင်းပြီး သူ့ကို အရှုံးလုံးလုံးဖြစ်အောင်လုပ်လို့ ရတယ်ဆိုတာ သူသိလို့ သုန္ဒြာကို စကားနဲ့လာချည်တာပဲ။

"ပင်ကီ ဘာကိုဆိုလိုမှန်း သုန္ဒြာ သိပါတယ်၊ ယုံကြည်ချက်တွေ ပြိုင်တဲ့ပွဲပဲ၊ သုန္ဒြာ ကိုယ်တိုင်လည်း မျှတမှုကိုပဲလိုလားသူပါ၊ ဒီတော့ သောကရောက်မနေဘဲ လှုပ်ရှားလိုက်ပါ"





သုန္ဒြာ စိတ်တွေက လေးနေသလိုပင်။ ပင်ကီနဲ့ ဒီပြိုင်ပွဲ ပြိုင်မိတာ မှားများမှားသွားပြီလား။ အိုး ... သုန္ဒြာ စိတ်ထင်တာပါလေ။ သုံးလဆိုတာ ရက်တစ်ရာတောင် ပြည့်တာမှ မဟုတ်တာ။ ကိုကို့ကို သုန္ဒြာ အကြွင်းမဲ့ ယုံကြည်ပါတယ်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## ၁၇

လှေကားထစ် တစ်ထစ်ချင်းပေါ်ကို ခြေထောက်လေးတွေ တစ်ဖက်ချင်း ပြိုင်တူချရင်း ကောင်မလေးတစ်ယောက်နဲ့ ကောင်လေးတစ်ယောက်တို့ လက်ချင်းတွဲ ရယ်မောရင်း တက်နေကြသည်။ မှုန်ဝါးဝါးမြင်ကွင်းကြောင့် သူတို့နှစ်ယောက်





မျက်နှာကို ကောင်းကောင်းမမြင်နိုင်။ သူတို့သွားနေကြတာက တောင်ပေါ်က ဘုရားတစ်ဆူဆီ။

မင်းဆန္ဒ အိပ်ရာမှ စိတ်နောက်ကျိရှုပ်ထွေးစွာ ထ,လာသည်။ ငါ ဘာကောင်လဲ။ သူမြှာ မျက်ဝန်းတွေနဲ့ဆုံတော့ မျက်လုံးတွေကို အိပ်မက်,မက်သည်။ မနေ့က အမျိုးသမီးတစ်ယောက်နဲ့ စက်လှေကားပေါ် ခြေအချဆုံတာနဲ့ ဒီလိုအိပ်မက်မျိုး မက်စရာလား။

ပြီးတော့ ဆည်းလည်းသံလေးလို ရယ်သံလေးတွေ အခုအထိ နားထဲကမထွက်။

"ဟင်း"

သက်ပြင်းချပြီး သူ အိပ်ရာက ထ,ထွက်လာသည်။ နာရီကြည့်တော့ မနက်ငါးနာရီတိတိ။ မျက်နှာသစ်၊ အဝတ်လဲလို့ သူ ထမင်းစားခန်းဘက် ထွက်လာသည်။

"ဒီနေ့ စောလှချည်လား သားရဲ့၊ အတော်ပဲ အခုပဲ မုန့်ဟင်းခါးကျက်တယ်၊ အရင်နိုးတော့ အရင်စားရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲခုံမှာ သူ ခပ်ငူငူထိုင်နေသည်။ ဒီအိပ်မက်ကရော ဘာကိုညွှန်းဆိုတာလဲ။ ပထမအိပ်မက်တုန်းကလည်း သုန္ဒြာကို စိုးရိမ်လိုက်ရတာ သေတော့မတတ်။ အခုတော့ နောက်တစ်မျိုး ပြောင်းမက်ပြန်သည်။ အိပ်မက်တိုင်း ဒေါက်တာအောင်နိုင်ကို ဘာကြောင့် သူကတင်ပြရမှာလဲ။ အိပ်မက်ဆိုတာ သူမက်ချင်ရာ မက်တာပဲဟာ။

"စား ... သား၊ ဒီမှာ အကြော်တွေ၊ ဒီမှာကဘဲဥ၊ နံနံပင်နဲ့ ပဲသီး"

မေမေက သူ့ရှေ့ အငွေ့တထောင်းထောင်း ထနေတဲ့ ဟင်းရည်နဲ့ မုန့်ဖတ်ပန်းကန် ချပေးရင်းဆိုသည်။

"မေမေ့လက်ရာက ပြောစရာမလိုပါဘူး၊ ကောင်းပြီးသားပဲ"

"ဒါပဲ ... ဒီလိုအပြောတွေနဲ့ မင်းတို့သားအဖသုံးယောက် မြှောက်မြှောက်ပေးကြလို့ တစ်နေ့ တစ်နေ့ ကျုပ်မှာ မီးဖိုထဲကကို မထွက်နိုင်တာ၊ အင်း ... မေးရဦးမယ်၊ အခုတလော မှိုင်နေသလားလို့၊ ဘာလဲ ... ကောင်မလေးနဲ့ အဆင်မပြေဘူးလား"





"ဟုတ်တယ် မေမေ၊ သားတို့ကြားမှာ ဘာကိစ္စမှမရှိဘဲ သူ သားကို ဘလိုင်းကြီး ဖြတ်သွားတယ်"

"ဖြတ်သွားတယ် ... ဟုတ်လား၊ အေးပေါ့ ... သူက တော်တော်ချောတာကိုး၊ မာနိုင်မှာပေါ့"

"သုန္ဒြာက ဒီလိုမဟုတ်ပါဘူး မေမေ၊ သားကို တော်တော်ချစ်တာပါ၊ တခြားတစ်ယောက်နဲ့ ကြိုက်သွားတာမျိုးလည်း မဟုတ်ဘူး၊ သားလည်း အဖြေရှာမရဘူး၊ တစ်နေ့ တစ်နေ့ သူ့မျက်နှာလေးကြည့်ပြီး လွမ်းတာကို ဖြေသိမ့်နေရတာ တကယ်အခံရခက်တယ်"

"အချစ်ကို သိပ်မကိုးကွယ်စမ်းပါနဲ့ မင်းဆန္ဒ၊ မေမေ့ရှေ့မှာ မေမေ့သားတစ်ယောက် မိန်းမတစ်ယောက်ကြောင့် အသည်းအသန် ခံစားနေရတာမျိုး မေမေ မမြင်ချင်ဘူး"

မုန့်ဟင်းခါးခပ်ထားတဲ့ဇွန်းကို ပါးစပ်ထဲလည်းမထည့်၊ အောက်လည်းမချနှင့် မင်းဆန္ဒရဲ့ထူးခြားတဲ့ အမူအရာကြောင့် ဒေါ်တင်မမ မျက်မှောင်အသာကြုတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဒါ ဘာဖြစ်တာလဲ"

"ဒီစကားမျိုး မေမေ အရင်တုန်းက သားကို ပြောဖူးသလိုပဲ"

"ဟင့်"

ဒီတစ်ခါ ပါးစပ်ဟ,သွားသူက ဒေါ်တင်မမ၊ မျက်စိပျက် မျက်နှာပျက်နှင့် မင်းဆန္ဒကို တွေတွေလေး ကြည့်နေရာမှ ...

"စဉ်းစားစမ်း မင်းဆန္ဒ၊ အက်ဆီးဒင့်ဖြစ်တုန်းကမှ မင်းအသက်က ဆယ့်ခုနစ်နှစ်သာသာရယ်၊ အဲဒီလိုကလေးမျိုးကို ဒီစကားမျိုး ငါက ပြောစရာလား"

"ဟုတ်တော့ ဟုတ်တာပေါ့ မေမေ၊ ပြီးတော့ ဒီနေ့ ထူးထူးဆန်းဆန်း အိပ်မက်တစ်ခု မက်တယ်"

"မက်ပြန်ပြီလား"

"ဟုတ်တယ်၊ ဟိုတစ်ခါလိုတော့ မဟုတ်ဘူး၊ ကောင်မလေးနဲ့ ကောင်လေးနဲ့ လက်ချင်းတွဲပြီး ဘုရားတစ်ဆူဆီ လှေကားထစ်တွေအတိုင်းတက်ပြီး သွားနေကြတာ"





"ဟင်"

"အရင်က သားတို့ မော်လမြိုင်မှာ နေတာဆို"

"အင်း ... ဒါနဲ့ ဘာပတ်သက်လို့လဲ"

"မော်လမြိုင်က ဘုရားတစ်ဆူဆူများ ဖြစ်မလား"

"ပေါက်ပေါက်ရှာရှာ မင်းဆန္ဒရယ်၊ ကဲ ... ကဲ ... စား ... စား၊ လေပေါနေတာနဲ့ မုန့်ဟင်းခါးတွေ ပွကုန်တော့မယ်"

သားကို ကျောခိုင်းလိုက်တော့ ဒေါ်တင်မမ ရင်တွင်းခံစားမှုတွေ မျက်နှာပေါ် အပြည့်အဝ ထင်ဟပ်လာသည်။ ဒီပုံအတိုင်းဆို၊ ဒေါက်တာအောင်နိုင်နဲ့ ဆွေးနွေးကြည့်သလောက်ဆို သား မကြာခင်မှာပဲ အတိတ်က ဖြစ်ရပ်တွေကို ပြန်အမှတ်ရလာတော့မှာ။ အဲဒီအခါ ... ဒေါ်တင်မမ ဆက်မတွေးလိုဟန်နှင့် ခေါင်းခါယမ်းလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

ကုမ္ပဏီမှာ ဒါရိုက်တာအဖွဲ့ဝင်တစ်ယောက် ဖြစ်သလို fashion design နဲ့ပတ်သက်တဲ့ diploma ရခဲ့သည့် ပင်ကီက channel မှာ အပတ်စဉ် စနေ၊ တနင်္ဂနွေတိုင်း ဆယ့်ငါးမိနစ်စာ proram တစ်ခု ထုတ်လွှင့်ဖို့ စီစဉ်နေသည်။





ထိုအစီအစဉ်ကို စိတ်ဝင်စားသူတွေဆီက ဖောင်ကိုလက်ခံပြီး ထိုအထဲကမှ ရွေးချယ်လိုက်သူရဲ့ အရုပ်အမောင်း၊ အသားအရေ၊ ခန္ဓာကိုယ်အချိုးအစားနှင့် လိုက်ဖက်သည့် အရောင်၊ အဝတ်အစားဒီဇိုင်းနှင့် မလိုက်ဖက်သည့်အရောင်၊ အဝတ်အစားဒီဇိုင်းတို့ကို ယှဉ်တွဲဖော်ပြပေးမည့် ဖက်ရှင်ဒီဇိုင်းပညာပေးအစီအစဉ်လေးပေါ့။

သူမကိုယ်တိုင် ရွေးချယ်ဝတ်ဆင်သည့် အဝတ်အစားဒီဇိုင်းနှင့်အရောင်၊ သူမဆင်မြန်းသမျှ အရာရာက သူမနှင့်လိုက်ဖက်မှုရှိပြီး အမြဲတမ်း လှပကြွရွနေတာမို့ အချိန်တိုလေးအတွင်း ပင်ကီက အားလုံးရဲ့အာရုံစိုက်မှုကို ခံနေရသူလေ။

slide door အပြင်က ခေါက်သံကြောင့် ပင်ကီ ဝင်လာခွင့်ပြုလိုက်သည်။

ဝင်လာတာက မင်းဆန္ဒ။

"ဘာကိစ္စများလဲ"

"အန်ကယ်လ် ဦးသက်ခိုင်နဲ့ တွေ့ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်လ် အခုပဲ အပြင်သွားတယ်၊ ဘာကိစ္စမို့လို့ အန်ကယ်လ်နဲ့ တွေ့ချင်ရတာလဲ"

ပင်ကီက အံဆွဲကို သာသာလေးဖွင့်ပြီး ဖန်ဂေါ်လီလုံးလေးတစ်လုံး စားပွဲပေါ် မသိမသာ တင်ထားလိုက်သည်။ အကြောင်းပြချက်ပြောဖို့ ပါးစပ်ပြင်လိုက်သော မင်းဆန္ဒ ထိုဖန်ဂေါ်လီလုံးကိုအတွေ့ ရင်ထဲမှာ ခံစားချက်တစ်ခုက ရုန်းကြွလာသလိုပင်။

"ဖန်ဂေါ်လီလုံးလေး"

ဟုတ်တယ်။ ဒီအခေါ်အဝေါ်က ဘာကြောင့် သူနဲ့ ရင်းနှီးနေပြန်တာလဲ။

"ကျွန်မ မေးနေတယ်လေ ကိုမင်းဆန္ဒ"

"ကျွန်တော်က ကွန်ပျူတာမာစတာဘွဲ့အတွက် Thesis လုပ်နေတာပါ၊ ကျွန်တော့်ဆရာမခေါ်လို့ မနက်ဖြန်သွားတွေ့ရမှာမို့ မနက်ဖြန် ကျွန်တော် morning shift အစား night shift နဲ့ ပြောင်းချင်လို့ပါ"





"ဒါ မန်နေဂျာနဲ့ မပြီးဘူးလား၊ ကဲ ... ကဲ ... ရပါတယ်၊ ကျွန်မ ခွင့်ပြုတယ်၊ အချင်းချင်း ညှိနှိုင်းလို့ရတဲ့ကိစ္စဆို ညှိနှိုင်းပြီး ပြေလည်အောင် လုပ်ကြပါ၊ အလုပ်ကို မထိခိုက်ဖို့ကသာ အဓိကပါပဲ"

"ကျေးဇူးတင်ပါတယ် မပင်ကီ"

"တို့နာမည်အရင်းက 'ရန့်ချိုချို'တဲ့၊ မှတ်ထားနော်"

"ရန့်ချိုချို"

မင်းဆန္ဒ ထိုနာမည်ကို တီးတိုးရွတ်ဆိုမိသည်။ ဒီနာမည်ကိုလည်း တရင်းတနှီး သိသလိုလိုပင်။

"သုန္ဒြာ"

MD အခန်းထဲကအထွက်  ဖိုင်တစ်ဖိုင်ပိုက်၍ လျှောက်လာသော သုန္ဒြာကိုတွေ့လို့ သူ ဝမ်းပန်းတသာ ခေါ်လိုက်သည်။

"ကိုမင်းဆန္ဒ ... ကျွန်မရှေ့ကဖယ်ပါ၊ ဒါ လုပ်ငန်းခွင်ဆိုတာ ရှင် သတိရပါဦး၊ ပြီးတော့ ကျွန်မ စိတ်ထဲမှာ ရှင်



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့တဲ့အတွက် ရှေ့လျှောက် ကျွန်မကို အနှောင့်အယှက် မပေးရင် ကောင်းမယ်”

“ဘာလို့ မင်းပါးစပ်က စကားတွေနဲ့ မင်းမျက်ဝန်းစကားတွေ မတူကြတာလဲ သုန္ဒြာ၊ ဘယ်လိုအကြောင်းမျိုးနဲ့မှ မင်းနဲ့ငါ ဝေးကွာမသွားချင်ဘူး သုန္ဒြာ၊ ငါတို့ ဒီကိစ္စကို အပြတ်ဆွေးနွေးဖို့လိုပြီ၊ ဒီညနေ ရုံးဆင်းရင် မင်းနဲ့စကားပြောဖို့ ငါ စောင့်နေမယ်”

“မလိုအပ်တော့ဘူး ကိုမင်းဆန္ဒ”

“ဘာဖြစ်လို့လဲ သုန္ဒြာ”

ရုတ်တရက် slied door လေး ပွင့်သွားပြီး တံခါးဝမှာ ပင်ကို့မျက်နှာ ပေါ်လာတာမို့ မင်းဆန္ဒ သုတ်သုတ် သုတ်သုတ်နှင့် ထွက်သွားသည်။

“ဆွေသုန္ဒြာ ... တို့မှာထားတဲ့ဖိုင် လာပို့တာလား”

ပင်ကို့မျက်ဝန်းတွေထဲမှာ သုန္ဒြာကို မလိုရိပ်တွေ ဖြတ်ပြေးနေကြသည်။ သူ့ရင်ထဲက ဖုံးမနိုင်ဖိမရတဲ့ ခံစားမှုတစ်ခုကို သုန္ဒြာ ခံစားမိလိုက်သည်။ တကယ်ပဲ သုန္ဒြာ သံသယဝင်တဲ့အတိုင်း သူက သုန္ဒြာ့လက်ထဲက ကိုကို့ကို လုယူချင်နေဟာကိုး။

“ဟုတ်ကဲ့”

ခပ်တိုတိုဖြေရင်း ပင်ကို့နောက်မှ အခန်းထဲလိုက်ဝင်လိုက်သည်။

“ထိုင် ... sky ၊ အလုပ်မှာ အလုပ်ကိစ္စပဲ တို့ပြောချင်ပေမယ့် တစ်ခုတော့ ပြောရဦးမယ်၊ မင်းဆန္ဒကို ယူ့အနားက ခွာမသွားအောင် ဆွဲမထားသင့်ဘူးပေါ့။ သူနဲ့ဇာတ်လမ်းကို အပြတ်ရှင်းခဲ့ပြီဆိုတဲ့ စကားကို တည်စေ့ချင်တယ်”

“ပင်ကီ ... ရှင်မှားနေပြီထင်တယ်၊ ရှင်သာ ရှင့်ယုံကြည်ချက်ကို ရှင်ကိုယ်တိုင် ယုံကြည်တယ်ဆိုရင် ဒီစကားမျိုး သုန္ဒြာကို ပြောစရာမလိုဘူး၊ အစကတည်းက သုန္ဒြာ ရှင့်ကို အကျော်ပေးထားတာပဲ ပင်ကီ၊ အကျော်ပေးတယ်ဆိုတာ ပြိုင်ဘက်နှစ်ယောက်မှာ တစ်ယောက်ယောက်က သိသိသာသာ ပိုတော်နေလို့ပဲ၊ ဒါကို ဘာကြောင့် ကျွန်မက





www.burmeseclassic.com

www.burmeseclassic.com



အောက်တန်းကျတဲ့နည်းလမ်းမျိုး သုံးရမှာလဲ၊ ကျွန်မနိုင်မယ်ဆိုတာ သေချာနေတဲ့ပွဲပဲ”

သုန္ဒြာစကားက သူ့အရိုက်ကို ထိသွားသည်ထင့် ဖြူဝင်းသော သူ့မျက်နှာ နီမြန်းပြီး ရဲပဒေါင်းခတ်လာသည်။

“အေး ... sorry ပဲ sky ရာ၊ တို့ တကယ်မှားသွားပါတယ်၊ ဟုတ်ပြီ ... ဟုတ်ပြီ၊ ယူပြောတာ တို့ သဘောပေါက်ပါတယ်၊ ယူ့ကို စွပ်စွဲသလို ဖြစ်သွားတဲ့အတွက် ' တကယ်တောင်းပန်တယ် sky ”

ဒီလောက်နဲ့ သုန္ဒြာ ကျေနပ်လိုက်ရမှာလား။ တကယ်ကိုပဲ ဒီလိုပြိုင်ပွဲမျိုး မစဉ်းစား မဆင်ခြင်ဘဲ ပြိုင်မိတဲ့အတွက် နောင်တရမိသည်။

ကိုကို့ကိုလည်း သနားလာသလို၊ ကိုကို့ရင်ခွင်ကို လွမ်းရတဲ့ရက်တွေကိုလည်း သုန္ဒြာ မလိုချင်တော့။

“ကျွန်မတို့ ဒီပြိုင်ပွဲကို ဒီမှာပဲ အဆုံးသတ်လိုက်ကြရင် ကောင်းမယ် ပင်ကီ”





“ဘာလို့လဲ ဆွေသုန္ဒြာ၊ တို့ မင်းကို တောင်းပန်ပြီးပြီပဲ၊ ဒီလိုကိစ္စမျိုး၊ ဒီလိုစကားမျိုးတွေ ယူ ထပ်မကြားစေရတော့ဘူး၊ တို့ ကတိပေးတယ် သုန္ဒြာ၊ ပြိုင်ပွဲလုပ်ပြီဆိုမှတော့ အနိုင်အရှုံးဆိုတာ ရှိသင့်တာပေါ့၊ အနိုင်အရှုံးလေး ကွဲကွဲပြားပြားတော့ သိခွင့်ပေးပါ sky ရယ်”

သုန္ဒြာ သက်ပြင်းသဲ့သဲ့ချရင်း စိတ်ထားထက်သန်နေတဲ့ ပင်ကီ့မျက်ဝန်းတွေကိုကြည့်ကာ ခပ်လေးလေး ခေါင်းညိတ်လိုက်သည်။ အချစ်ဆိုတာ သိပ်ကို အင်အားကြီးမားလွန်းတဲ့ တန်ခိုးသတ္တိရှိပြီး၊ အဲဒီသတ္တိတွေကိန်းနေတဲ့ နှလုံးသားကလည်း ဘယ်အရာနဲ့မှ ဖြိုခွဲပစ်လို့ မရဘူးဆိုတာ ရှင် မသိလေရော့သလား ပင်ကီရယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

"ပြောပါဦး မိန်းမ၊ ကိုမင်းဆန္ဒကို ဘယ်လိုလုပ်လိုက်တာလဲ"

ဒီနေ့ night ဆင်းရမယ့်နေ့မို့ တစ်နေ့ခင်းလုံးအားသည်ဆိုတာနှင့် မိုးမလင်းခင် သူငယ်ချင်းမ,သုံးယောက်တို့





အိမ်ကိုပေါက်ချလာသည်။ ရောက်ပြီဆိုကတည်းက တစ်ယောက်တစ်ခွန်းနှင့် တရစပ်မနားတမ်း မကျေမနပ်နှင့် မေးခွန်းထုတ်ကြသည်။

"နင် တကယ် သူ့ကိုကြွေခဲ့တာ၊ ချစ်ခဲ့တာဟာကို အခုဘာအရူးထ,တာလဲ"

"အေးလေ ... တော်တော်လည်း အသည်းမာတဲ့မိန်းမပဲ၊ နင့်ကို ငါတို့ တဖြည်းဖြည်းနဲ့ လန့်တောင်လာပြီ"

"တော်ပါတော့ဟယ် ... နားငြီးတယ်"

"အောင်မယ် ... ဒီလောက် ပြောဆိုနေတာတောင် သူကကာရန်နဘောနဲ့ လူကို လာကလိနေသေးတယ်"

ပပက မျက်နှာကို ရှုံ့မဲ့လို့ ကကယ်ပဲ ဒေါသထွက်နေသည့်ပုံ။ အကြောင်းပြချက် အမှန်ပြောလို့ကလည်းမဖြစ်။ ဒီမိန်းမတွေက နှုတ်လုံတဲ့ဟာတွေမဟုတ်။ ကိုကို့ဆီကို ပေါက်ကြားသွားရင် သူ့ကိုအသိပေးလိုက်သလို ဖြစ်သွားပြီး ပင်ကိုပေါ်တွင်လည်း သစ္စာမရှိရာကျမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲဟယ်၊ ရည်းစားဘဝဆိုတာ ဒီလိုမျိုးပဲ၊ ရန်ဖြစ်ကြ ပြန်ချစ်ကြ ဒါမှ အရသာရှိတာ"

"တော်စမ်းပါဟယ်၊ ဘယ်ဝတ္ထုထဲက စာသားတွေ လာရွတ်ပြနေတာလဲ၊ ငါတို့ကို လာပတ်ဖို့ မစဉ်းစားနဲ့ သုန္ဒြာ၊ ကိုမင်းဆန္ဒဆီက ငါတို့အားလုံး ကြားပြီးပြီ၊ နင်တို့ကြားမှာ ရန်ဖြစ်စရာ ဘာအကြောင်းမှကို မရှိဘူး"

"ပြောစမ်း ... ပြောစမ်း၊ နင် ကုမ္ပဏီမှာ ကိုမင်းဆန္ဒထက်သာတဲ့ လူတစ်ယောက်များ တွေ့နေလို့လား"

"ဒါမှမဟုတ် နင့်မှာ ကိုရီးယားကားထဲကလို ရောဂါတစ်ခုခု သေနိုင်လောက်တဲ့ ရောဂါတစ်ခုခုများ ဖြစ်နေလို့လား၊ ငါ ရင်တွေတုန်လိုက်တာဟယ်၊ ပြောပြစမ်းပါ"

သုန္ဒြာ့မျက်နှာကို လက်နှစ်ဖက်နှင့်ကိုင်ရင်း ပန်းစက်ရာ ဆိုတော့ သုန္ဒြာ အတော်ရယ်ချင်သွားသည်။ အတော်လည်း စိတ်ကူးယဉ်ဆန်တဲ့ မိန်းမတွေ။ တစ်ခုခုကို သိလိုက်တာနဲ့ ကိုကို့ဆီ သတင်းပို့ဖို့လည်း အာမဘာန္တေခံထားပုံရသည်။





"ဩော် ... ဒုက္ခပါပဲ နင်တို့တွေကတော့၊ ကဲ ... ကဲ ... ဘာစားကြမှာလဲပြော၊ စားချင်တဲ့ဟာ ဝယ်ကျွေးမယ်"

"သုန္ဒြာ ... နင် တကယ်မပြောဘူးပေါ့၊ ငါတို့ကို သူငယ်ချင်းလို မသတ်မှတ်တော့ဘူးဆိုတဲ့ သဘောပေါ့"

ဒါကတော့ ခြောက်လုံးလေ။ ချော့မရတော့ ခြောက်ကြမည်ပေါ့။ ဒီအထာတွေလောက်ကတော့ သုန္ဒြာတို့က မဖြုံရေးချ မဖြုံ။

"ငါ့မှာ ကိစ္စလေးတစ်ခုရှိလို့ပါ။ ဒီလောက်ပဲ ငါပြောနိုင်တယ်၊ သိပ်မကြာတဲ့ကာလတစ်ခုမှာ ငါ အားလုံးကိုပြောပြမှာပါ၊ နင်တို့ မအားဘူးဆိုရင်တောင် ငါက တစ်အိမ်တက်ဆင်း ကိုယ်တိုင်လာပြီး ပြောပြဦးမှာ"

သုံးယောက်သား နှုတ်ခမ်းတွေ တစ်တောင်လောက်စူသွားကြသည်။ ဘာမှထပ်မပြောကြဘဲ သုန္ဒြာ မျက်နှာကို အသံတိတ်ကြည့်ပြီး အာရုံခံနေကြဟန်တူသည်။

"တကယ် နှောင်တရတယ်၊ နင်နဲ့အတူသာ အလုပ်လုပ်ခဲ့ရင် နင် ဘာတွေကြံစည်နေလဲ ငါတို့ ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



သိရမှာ၊ အခုတော့ ခွဲခဲ့ရတဲ့ တစ်လကျော် နှစ်လအတွင်း နင့်ကို ဖမ်းမမိနိုင်အောင် ဖြစ်သွားတယ်"

သွဲ့သဥ္ဇာက တဖျစ်တောက်တောက်နှင့် မပြောသာ ပြောသာ ပြောနေသည်။ သုန္ဒြာဆီက နောက်ထပ် ဘာစကားမှ ထွက်လာမှာ မဟုတ်တာ သေချာသွားပြီလေ။

"ဒါဆို နင်ကိုကို့ကို နင် မုန်းလို့တော့ မဟုတ်ဘူးပေါ့ နော်"

"အဲဒါလည်း ငါ မပြောနိုင်သေးဘူး"

ပပ မျက်စောင်းက ဆောင့်ကြီးအောင့်ကြီးနှင့် သုန္ဒြာဆီ ရောက်လာပြန်သည်။

"မိန်းမတွေ ... ငါ အခုမှပဲ နင်တို့ ဟိုတစ်ယောက်ကို ငါ ထက်ပိုခင်မှန်း သဘောပေါက်တော့တယ်၊ ဖြစ်နေလိုက်ကြတာများကြည့်စမ်း၊ ငါတို့ သူငယ်ချင်းလေး အလုပ်မှာ အဆင်ပြေလား၊ ဘာလား၊ အခုအချိန်အထိ တစ်ခွန်းမှ မေးဖော်မရဘဲ ဟိုတစ်ယောက်ဘက်ကလိုက်ပြီး စ,ရောက်ကတည်းက ငါ့ကို ရန်ထောင်နေတယ်"





ဒီလိုသာသာထိုးထိုးလေးနဲ့ စိတ်မကောင်းဟန် ဆောင်လိုက်တော့မှ သုံးယောက်သား မျက်နှာကျောချွေ့လို့ ဒီကိစ္စကို ဆက်မပြောကြတော့ဘဲ အဆုံးသတ်သွားတော့သည်။

သုံးလပြည့်လို့ ပင်ကီနဲ့ ပြိုင်ပွဲအကြောင်း သိလို့က တော့ သူတို့ ဒေါသူပုန်ထကြမှာ မြင်ယောင်သေးသည်။ ကိုကိုက ရော ... ကိုကိုကတော့ သုန္ဒြာကို ခွင့်လွှတ်နိုင်မှာပါ။ တစ်လောက လုံးမှာ သုန္ဒြာမိဘတွေပြီးရင် သုန္ဒြာကို နားအလည်နိုင်ဆုံးနဲ့ အချစ်တတ်ဆုံးလူသားက ကိုကိုပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၀

"သားတို့ channel ရဲ့ အစီအစဉ်သစ် ဒီနေ့လာမယ် မေမေ"

"ဘာအစီအစဉ်များလဲ သား"

"ရွေးလိုက်ဖက်ရှင်လေ မေမေ၊ ဒီညကိုးနာရီလာမှာ"





"ဩော် ... ကြော်ငြာနေတာတော့ကြာပြီ၊ ဒီည လာမှာလား"

"ဟုတ်တယ် ... မိန်းကလေးတိုင်း ကြည့်သင့်တဲ့ အစီအစဉ်ပေါ့"

မိသားစုသုံးယောက် ထမင်းဝိုင်းလေးက ပြန်လည်တိတ်ဆိတ်သွားသည်။

"မင်းအစ်မ မနက်က ဖုန်းဆက်တယ် သား၊ သူ မင်းကို တော်တော်မချင့်မရဲ ဖြစ်နေတယ်။ ဒီမှာ ဘယ်လောက်ရလို့ အချိန်ကုန်ခံနေတာလဲတဲ့"

"သူ့လို နိုင်ငံခြားမှာ သွားအလုပ်လုပ်ဖို့ သားမှာ ဆန္ဒမရှိဘူး၊ ကြီးကျယ်တယ်လို့ပဲပြောပြော၊ အမြင်ကျဉ်းတယ်ပဲပြောပြော၊ brain drain ကို သား လုံးဝလက်မခံနိုင်ဘူး၊ သားရဲ့လုပ်အားတွေက တခြားနိုင်ငံအတွက် မဖြစ်စေရဘူး"

"အမယ်လေး ... ကိုသူရ၊ ရှင့်သားပြောတာ ကြားလား"

"သူ့ခံယူချက် သူပြောကာပဲကွာ၊ မင်းက ဘာဖြစ်တာလဲ မမရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်တော်လည်း ကိုကြီးလိုပဲ၊ ကျွန်တော်က နိုင်ငံခြားမှာ ပညာသွားသင်ပြီး ကိုယ့်နိုင်ငံကို တိုးတက်အောင် ပြန်လုပ်မှာ"

"ဪ ... တကယ့်မျိုးချစ်ပုဂ္ဂိုလ်တွေနဲ့ လာတွေ့နေပါလား"

မမေ့စကားကြောင့် သူတို့ညီအစ်ကို မျက်နှာပြုံးဖြဲဖြဲဖြစ်နေကြသည်။ ထမင်းစားပြီးတော့ ထုံးစံအတိုင်း တီဗီရှေ့ရောက်တာ ဒေါ်တင်မမ တစ်ယောက်တည်း။ သားအဖသုံးယောက်လုံး အလှူိုလှိုနှင့် ကိုယ့်အခန်း ကိုယ်ဝင်လို့ စာအုပ်ဖတ်သူဖတ်၊ စာကျက်သူကျက်၊ ကွန်ပျူတာရှေ့ရောက်တဲ့သူက ရောက်ပေါ့။ ဒီနေ့တော့ ထူးထူးဆန်းဆန်း မင်းဆန္ဒက သူမဘေးခုံမှာ ဝင်ထိုင်လို့ တီဗီရှေ့ရောက်နေသည်။

ညကိုးနာရီထိုးတော့ မြူးကြွတဲ့တီလုံးနဲ့ "ရွေးလိုက်ဖက်ရှင်"title song လေး ထွက်ပေါ်လာပြီး နှစ်လိုဖွယ်ကောင်းသာ အပြုံးလှလှတစ်ခု ဆင်မြန်းထားသော မိန်းမပျိုတစ်ယောက် မျက်နှာ ပေါ်လာသည်။





"မင်္ဂလာပါရှင် ... ကျွန်မက ဒီအစီအစဉ် တင်ဆက်သူ ရန့်ချိုချိုပါ၊ အမျိုးသမီးတွေအနေနဲ့ ကိုယ်နဲ့လိုက်ဖက်တဲ့ ဝတ်စားဆင်ယင်မှုကို ရွေးချယ်နိုင်ဖို့က ဒီအစီအစဉ်ရဲ့တစ်ခုတည်းသော ရည်ရွယ်ချက်ပါ။ ဒါကတော့ ဒီနေ့အစီအစဉ်မှာပါဝင်မယ့် မကြည်ဖြူပါ"

ဒေါ်တင်မမ မျက်လုံးတွေ ပြာဝေသွားသည်။ သူ ... သူက ရန့်ချိုချိုတဲ့။

ဒဏ်ရာရခဲ့တဲ့ မျက်လုံးလေးတွေကလွဲလို့ နှစ်ပေါင်းများစွာ ရင်းနှီးဖူးခဲ့တဲ့ ဒီအသံ၊ ဒီဟန်ပန်တွေက ရန့်ချိုချိုမှ ရန့်ချိုချို အစစ်လေ။

ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွားပြီး သားဖြစ်သူဘက် လှည့်ကြည့်လိုက်ကာ ...

"မင်းဆန္ဒ"

"ဗျာ ... မေမေ"

"သူ့ကို မင်း သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သိတာပေါ့၊ သူက သားတို့ကုမ္ပဏီက မန်နေဂျင်းရဲ့တူမလေ၊ ကုမ္ပဏီမှာတော့ သူ့ကို ပင်ကီပဲခေါ်တယ်၊ သူလည်း ကုမ္ပဏီမှာ ဒါရိုက်တာတစ်ယောက်ပဲ၊ နိုင်ငံခြားက ပြန်ရောက်တာ သိပ်မကြာသေးဘူး၊ ဘာဖြစ်လို့လဲ မေမေ"

မင်းဆန္ဒ မျက်လုံးတွေကို ဒေါ်တင်မမ စူးစူးရဲရဲ စိုက်ကြည့်နေသည်။ အင်း ... ဒီအစီအစဉ်ကို သူမကို ကြည့်ခိုင်းတာ သွေးရိုးသားရိုးမှ ဟုတ်ပါရဲ့လား။

"ဘာဖြစ်တာလဲ မေမေ၊ မေမေ သူ့ကိုသိလို့လား"

မင်းဆန္ဒ အမေးကို သူမ ဘာဖြေရမှန်းမသိ ဖြစ်နေချိန်တွင် မင်းဆန္ဒကတော့ အစီအစဉ်ကိုသာ မျက်လုံးမလွှဲ ဆက်ကြည့်နေသည်။

မဖြစ်နိုင်ဘူး။ ရန့်ချိုချို မင်းဆန္ဒနားမှာ ပြန်ပေါ်လာတာ တိုက်ဆိုင်မှုတစ်ခု လုံးဝမဖြစ်နိုင်ပါ။ နာကြည်းချက်တွေနဲ့ပြည့်နှက်နေတဲ့ ချိုချို့စိတ်ကူးထဲမှာ ဘာတွေရှိနေမလဲ။ တစ်နည်း





နည်းနဲ့ သားအခြေအနေကိုသိပြီး ပြန်သတိရဖို့ သူ ကြိုးစားမှာပဲ။ သားက ဒါဆို ဘာတွေဖြစ်နိုင်သလဲ။ ချိုချို့လက်ကိုဆွဲလို့ သားက သူမ့ရင်ခွင်ထဲက အပြီးအပိုင် ထွက်သွားတော့မှာပေါ့။

"ဟင်း"

ဒေါ်တင်မမ သက်ပြင်းခိုးချလိုက်သည်။ ဒီပုံအတိုင်းဆို မကြာခင်မှာ ချိုချိုနဲ့ သူမ နောက်တစ်ကြိမ် ရင်ဆိုင်ရဦးမှာ သေချာသလောက်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၂၁

ဒီနေ့ စက်လှေကားပျက်နေလို့ ဓာတ်လှေကားရှေ့မှာ ကုမ္ပဏီဝန်ထမ်းတွေ တန်းစီနေကြသည်။ တချို့ကတော့ ရပ်နေတဲ့ လှေကားထစ်အတိုင်း တဒိုင်းဒိုင်းနှင့် ပြေးတက်၊ ပြေးဆင်းနေကြသည်။





အပေါ်ကဆင်းလာသည့် ဓာတ်လှေကားတံခါးပွင့်ပြီး အပေါ်ကဝန်ထမ်းတွေ ထွက်သွားသည်နှင့် ကုမ္ပဏီဝန်ထမ်းတစ်အုပ်စု ဓာတ်လှေကားထဲ ဝေါခနဲ ပြုံကျသွားသလို စက္ကန့်ပိုင်းအတွင်း ဓာတ်လှေကားတစ်ခုလုံးအပြည့် ဖြစ်သွားသည်။ ဓာတ်လှေကားတံခါးပိတ်ပြီးမှ တံခါးပြန်ပွင့်သွားပြီး အမျိုးသမီးတစ်ဦး ကသောကမျော ပြေးဝင်လာသည်။ သူကတော့ ဖက်ရှင်မင်းသမီးလေး ပင်ကီ။

သုံးလွှာကိုတက်မှာ သူမ တစ်ယောက်တည်းမို့ နံပါတ်သုံးကို လှမ်းနှိပ်လိုက်သည်။ အားလုံးကြားမှာ မြင့်မားသောအရပ်နှင့် အနောက်ဆုံးမှာ မတ်တတ်ရပ်နေတဲ့ မင်းဆန္ဒ တစ်ယောက် အမှတ်တမဲ့ ပင်ကီ့လက်သူကြွယ်မှာ ဝတ်ထားသည့် ကျောက်စိမ်းလက်စွပ်လေးဆီ အကြည့်ရောက်သွားသည်။

ဒိတ်ခနဲခုန်သွားတဲ့ နှလုံးခုန်သံကို သူကိုယ်တိုင်နားနဲ့ဆတ်ဆတ် ပြန်ကြားလိုက်ရသည်။ ကျစ်ဆံမြီးနှစ်ဖက်ခွဲကျစ်ထားသည့် နဖပ်လတ်ဆတ်သော မျက်နှာလှလှလေးတစ်ခု သူ့မျက်ဝန်းမှာ ထင်ထင်ရှားရှား ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပေးတဲ့ ဒီလက်စွပ်လေးကို ငါ အမြဲဝတ်ထားပါ့မယ်"

လက်စွပ်လေး စွပ်ထားသည့် လက်သူကြွယ်လေးကိုကြည့်ပြီး ပီတိအပြုံးနဲ့ ကောင်မလေးရဲ့စကားသံ၊ ပြီးတော့ အိပ်မက်ထဲမှာ သူကြားခဲ့ရသည့် ရယ်သံလွင်လွင်လေးတွေ၊ ဟာ ... ဘာတွေလဲ၊ လူတွေပြည့်ကျပ်နေတဲ့ ဓာတ်လှေကားထဲမှာ ရှုပ်ယှက်ခတ်နေတဲ့ အတွေးပုံရိပ်တွေကြားမှာ သူ အသက်ရှူမဝ ဖြစ်လာသည်။

"ဟင် ... ကိုမင်းဆန္ဒ ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

သူ့ဘေးနားမှာ ကပ်ရပ်နေသည့် သူတို့ section က ကောင်မလေးတစ်ယောက်၏အသံ စီစီညံညံကိုသာ ကြားလိုက်ရပြီး သူ့ပတ်ဝန်းကျင်က ပိန်းပိတ်အောင် မိုက်မှောင်သွားသည်။

"မင်း ... မင်း ... မင်း"

သူ ပြန်သတိရလာတော့ ရုံးခန်းတစ်ခုရဲ့ ဆိုဖာဆက်တီပေါ်မှာ။ အမျိုးသမီးတစ်ယောက်က စိုးရိမ်တကြီး မျက်ဝန်းတွေနဲ့ သူ့ပါးကို ခပ်ဖွဖွပုတ်လို့ ...





သူ့အတွေးထဲမှာ အတိတ်ကအရိပ်လေးတွေ ဖျတ်ခနဲ၊ ဖျတ်ခနဲ ရှင်းရှင်းလင်းလင်း ပေါ်လာသည်။ စက္ကန့်ပိုင်းအတွင်း သူ့မှတ်ဉာဏ်ထဲမှာ အတိတ်က အရာအားလုံးက အသစ်တွေဖြစ်လို့၊ သူ အရူးတစ်ပိုင်းနှင့် အခန်းထဲ လှည့်ပတ်ကြည့်လိုက်ရင်း ...

"ဖန်ဂေါ်လီလုံးလေး ... ဖန်ဂေါ်လီလုံးလေး ဘယ်ရောက်သွားလဲ၊ သူ ဘယ်မှာလဲ၊ ဆေးရုံပေါ်မှာလား၊ သူ ဘာဖြစ်သွားလဲ၊ သူ ဘာဖြစ်သွားတာလဲဟင်"

"မင်းရယ်"

ပင်ကီက သူ့လက်တွေကို ထွေးဆုပ်ရင်း မျက်ရည်ကျသည်။

"ခင်ဗျားက ဘယ်သူလဲ၊ ဘာကြောင့် ... ဟင်"

သူ့ကို စိုစွတ်သော မျက်ဝန်းတို့နှင့် ကြည့်လာသော အမျိုးသမီးရဲ့ ဘယ်ဘက်ပါးပေါ်က စံပယ်တင်မှဲ့လေးကိုအတွေ့ သူ့ရင်တွေ အဆမတန် အခုန်မြန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖန်ဂေါ်လီလုံးလေး ... နင် ဖန်ဂေါ်လီလုံးလေးပဲ၊ နင့်မျက်လုံးတွေ ... နင့်မျက်လုံးလေးတွေက"

"အက်ဆီးဒင့်မှာ ထိခိုက်သွားလို့ ပြန်ပြုပြင်ထားရတာလေ မင်း"

"ဟင် ... သနားလိုက်တာ ဖန်ဂေါ်လီလုံးလေးရယ်၊ တော်သေးလို့ ... တော်သေးလို့နော်၊ ငါ ဝမ်းသာလိုက်တာ"

မျက်ရည်တွေအပြည့်နှင့် သူ ဝမ်းသာအားရ ပင်ကီကို လှမ်းဖက်ထားလိုက်သည်။

သူ့နံဘေးမှာ ဝိုင်းဝိုင်းလည်ရှိနေကြသော လူတွေကို သူ ဂရုမစိုက်။

ပတ်ဝန်းကျင်ဆိုတာကို လုံးဝအမှတ်မရနိုင်လောက်အောင် သူ အပျော်ကြီး ပျော်နေမိသည်။

ဝန်ထမ်းတွေကတော့ အံ့အားတသင့် မျက်ဝန်းတွေနဲ့ ကြောင်ကြည့်နေပြီးမှ အလျှိုလျှို တစ်ယောက်ပြီးတစ်ယောက် အလိုက်တသိနှင့် ထွက်သွားကြသည်။ TT entertainment group





ရဲ့ စိတ်ဝင်စားစရာ အကောင်းဆုံး ဇာတ်လမ်းတစ်ပုဒ်ကို ကြည့်လိုက်ရသည့်ပမာမို့ ဒီသတင်းက တစ်ယောက်စကား တစ်ယောက်နားနှင့် ကုမ္ပဏီတစ်ခုလုံး တစ်မုဟုတ်ချင်း ပျံ့နှံ့သွားတော့သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၂

"ဘယ်လိုဖြစ်ကုန်တာလဲ ပင်ကီ၊ ကျွန်မကြားရတဲ့သတင်းက အမှန်ပဲလား၊ ပင်ကီနဲ့ ကိုကို ဟိုးအရင်ကတည်းက သိကြတာလား၊ ပြောပါ ပင်ကီ၊ ပင်ကီနဲ့ ကိုကိုရဲ့ပတ်သက်မှုက ဘာလဲ"





အရူးမီးဝိုင်းသလို ဆောက်တည်ရာမရ တုန်လှုပ်နေတဲ့ ဆွေသုန္ဒြာကိုကြည့်ရင်း ပင်ကီ့နှုတ်ခမ်းဖျားမှာ အပြုံးဖွေ့ဖွေ့လေး ထင်နေသည်။

"စိတ်မကောင်းပါဘူး ဆွေသုန္ဒြာ၊ တကယ် စိတ်မကောင်းပါဘူး၊ ယူ့ကို လှည့်စားသလို ဖြစ်သွားခဲ့တယ်"

"တော်တော့ ပင်ကီ၊ ကျွန်မ ဒါတွေကို မကြားချင်ဘူး၊ ကျွမ်မ သိချင်တာကိုပဲ ရှင် ပြောပြပါ၊ ရှင့်ရဲ့သနားတဲ့ အကြည့်တွေ၊ အပြုံးတွေနဲ့ ကျွန်မကို ဒီလောက်တိုက်နိုက်ရရင် တော်လောက်ပါပြီ၊ ပြော ... ရှင်နဲ့ ကိုကိုရဲ့ပတ်သက်မှုက ဘာလဲ"

"ပြောမှာပါ sky ရယ်၊ ပြောခွင့်ရတဲ့အတွက် တို့ ကျေနပ်နေတယ်၊ ယူ့စိတ်တွေ သိပ်လှုပ်ရှားနေသလိုပဲ၊ တို့ပြောပြမယ့် ဇာတ်လမ်းတစ်ပုဒ်ကို ယူ နားထောင်နိုင်ပါ့မလား"

"ကျေးဇူးပြုပြီး ဒီအချိန်မှာ စကားအပိုတွေ ပြောမနေစေချင်ဘူး ပင်ကီ၊ ကျွန်မ သိချင်တာ အမှန်တရားတစ်ခု"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်တရား ဟုတ်လား"

ပင်ကိုမျက်ဝန်းတွေက ဟိုးအဝေးတစ်နေရာဆီ၊ စိတ်တွေကလည်း အတိတ်ကို လွင့်ပါးသွားသည့်ဟန်။

"အမှန်တရားတစ်ခုကတော့ မင်းနဲ့ တို့ဟာ ခိုင်မာတဲ့ သံယောဇဉ်ကြိုးတွေ အထပ်ထပ် ရစ်နှောင်ထားကြတဲ့ ချစ်သူတွေလေ၊ သူက တို့ရဲ့မျက်လုံးလေးတွေကို အရည်လဲ့ပြီး သိပ်လှလို့ 'ဖန်ဂေါ်လီလုံးလေး'လို့ အမြဲခေါ်တယ်"

သုန္ဒြာရဲ့အကြည့်တွေ ပင်ကိုမျက်ဝန်းဆီ ရောက်လာတာမို့ ပင်ကို နာနာကျင်ကျင် ပြုံးလိုက်ရင်း ...

"အရင်တုန်းကပေါ့နော်၊ တိတိကျကျ ပြောရရင် အက်ဆီးဒင့် မဖြစ်ခင်က အထိပေါ့။ အဲဒီမျက်ဝန်းတွေက အခု ယူ ပိုင်ဆိုင်ထားတဲ့ မျက်ဝန်းတွေနဲ့ တစ်ထပ်တည်းနီးပါးလောက် တူပါတယ် ဆွေသုန္ဒြာ၊ တို့နှစ်ယောက် မျက်နှာပေါက်ချင်း ဆင်တာကိုရော ယူ သတိမထားမိခဲ့ဘူးလား၊ ဒါကြောင့်လည်း မင်းက ယူ့ကို စိတ်ဝင်စားခဲ့တယ် ထင်ပါရဲ့"





သုန္ဒြာ ကိုကိုနဲ့ဆုံခဲ့တဲ့ အကြောင်းလေး ပြန်တွေးမိရင်း ရင်နာသွားမိသည်။ ဒါကြောင့် ကိုကို့အကြည့်တွေက ဆွေးဆွေးလွန်းနေတာကိုး။ သုန္ဒြာရဲ့ဒီမျက်လုံးလေးတွေအတွက်လည်း သူ သေမတတ် စိုးရိမ်သောက ရောက်ခဲ့ဖူးသည် မဟုတ်လား။

"သူနဲ့ တို့နဲ့ အချစ်တွေညီတယ်၊ သံယောဇဉ်လည်း ထပ်တူထပ်မျှပဲ၊ မတူတာက အဆင့်အတန်းပေါ့၊ ဟင်းဟင်း ... ဒီစကားကတော့ သူ့အမေ ပြောစကားပါ။ တို့အမေလည်း တကယ်တော့ သူဌေးတစ်ယောက်ပါ၊ အိမ်မှာ ကားမောင်းတဲ့ဒရိုင်ဘာ တို့အဖေနဲ့ယူပြီး အမွေဖြတ်ခံထားရတဲ့ ရုပ်ရှင်တွေထဲကလို သူဌေးသမီးပေါ့ ...

"တို့နေတဲ့အိမ်လေးက သူတို့ပိုင်ဆိုင်တဲ့ ကျွဲကောခြံထဲမှာ၊ မင်းအဖေက တို့အဖေရဲ့ ငယ်သူငယ်ချင်းလေ။ အစိုးရဌာနမှာ အရာရှိတစ်ယောက်ပေါ့၊ မင်းအမေကတော့ မိဘတွေ စောစောစီးစီး ဆုံးသွားလို့ အမွေတွေနဲ့ကျန်ခဲ့တဲ့ မာနတွေမိုးအထိမြင့်တဲ့ မိန်းမတစ်ယောက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မာနရိပ်တွေထင်နေတဲ့ ဒေါ်တင်မမရဲ့မျက်နှာကို မြင်ယောင်ရင်း ပင်ကိ အံတင်းတင်း ကြိတ်မိသည်။

"ချိုချို ... ဒီကိုလာဦး"

စက်ဘီးပေါ်က အသာခုန်ဆင်းရင်း ဒေါ်တင်မမရှေ့ရန့်ချိုချို ခေါင်းငုံ့လျှောက်လာသည်။

"မနက်ဖြန် အိမ်ကိုခဏလာဖို့ ညည်းအမေကိုပြောလိုက်၊ ညည်းအမေ နေတော့ကောင်းပါရဲ့နော်၊ တစ်ခါတစ်ခါနိုင်းဖို့အရေး နေမကောင်းဖြစ်နေတာနဲ့ပဲ တိုးတိုးနေလို့"

"ဘာခိုင်းမလို့လဲ ကြီးကြီး၊ မနက်ဖြန် ချိုတို့ကျောင်းပိတ်တယ်၊ ချိုလာလုပ်ပေးပါ့မယ်"

"အံမယ်လေး ... အံမယ်လေး ... မခိုင်းရဲပါဘူးတော်၊ ညည်းကို ခိုင်းတာတွေ့ရင် ကျုပ်ယောက်ျားရော၊ ကျုပ်သားရော ပြောနေပါဦးမယ်၊ ညည်းအလုပ်က စာကြိုးစားပြီး တစ်နှစ်တစ်တန်း မှန်မှန်အောင်ဖို့ပဲ၊ ဆယ်တန်းအောင်ပြီဆိုတာနဲ့ အလုပ်တစ်ခုလုပ်ဖို့သာ ကြိုးစား၊ တက္ကသိုလ်တက်တဲ့အထိတော့ ငါတို့ ထားမပေးနိုင်ဘူး"





"ဟုတ်ကဲ့ ... ချိုလည်း စဉ်းစားထားပါတယ်၊ သွားလိုက်ပါဦးမယ် ကြီးကြီး"

"အေး ... အေး ... သွား ... သွား၊ ညည်းအမေ လွှတ်ဖို့လည်း မမေ့နဲ့"

မေမေက ကျန်းမာရေးမကောင်း၊ ချူချာသည်။ လေးဘက်နာရောဂါလည်းရှိတော့ အဆစ်အမြစ်တွေက အမြဲလိုလို ကိုက်ခဲနေတတ်သည်။ အိမ်မှာ ဖေဖေကလည်း သနားစရာ၊ မင်းဖေဖေရဲ့ကားကို ကြုံရင်ကြုံသလို မောင်းပေးရတာကတစ်မျိုး၊ ကျွဲကောခြံနဲ့ပတ်သက်တဲ့ ကိစ္စအဝဝကို တာဝန်ယူရတာကတစ်သွယ်၊ တစ်ခါတစ်ခါ မင်းအမေ ခေါ်ခိုင်းတာလည်း သွားလုပ်ပေးရသေးသည်။ ဒီကြားထဲ မေမေကလည်းမမာ။ တစ်နေ့ တစ်နေ့ ဖေဖေ့ကိုကြည့်ရတာ ပင်ပန်းလွန်းလှသည်။

"ဒေါ်သမဖြစ်ပါနဲ့ သမီးလေးရယ်၊ တင်မမတို့ ကျေးဇူးကြီးလွန်းပါတယ်၊ မေမေတို့မိသားစုပေါ်မှာ နေစရာပေး၊ အလုပ်ပေးပြီး သမီးကျောင်းစရိတ်တောင် ထောက်ပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်လား၊ ဆွေမျိုးရင်းချာတွေထက် ပိုကောင်းသူတွေပါ”

“ဟုတ်တာတော့ ဟုတ်တာပေါ့ မေမေ၊ ဒါပေမဲ့ သူက စကားပြောတာ အဆင့်အတန်း ခွဲခြားလွန်းတယ်၊ သူတို့ ဂုဏ်ရှင်ခနရှင် အချင်းချင်းတွေ့ရင်တော့ သူ့လေသံမျက်နှာထားက တကယ် အေးချမ်းသိမ်မွေ့ပြီး စိတ်ထားပြည့်ဝသလိုလို ဘာလိုလိုနဲ့”

“ဟင်း ဟင်း … သူတို့လောက,က လူတွေကဒီလိုပါပဲ သမီးရယ်”

“မေမေ့လက်ကလေးက ဖောင်းပြည့်ပြီး နုဖပ်နေတာပဲနော်၊ သူ ဘာတွေခိုင်းဦးမှာလဲ မသိဘူး၊ ချို လာလုပ်ပေးမယ် ပြောတော့လည်း လက်မခံဘူး”

“ဩော် … သမီးရယ်၊ အိမ်ရှင်း အဝတ်လျှော် ထုံးစံအတိုင်းနေမှာပေါ့၊ မပင်ပန်းပါဘူးကွယ်”

“ဖန်ဂေါ်လီလုံးလေးရေ”





စက်ဘီးဘဲလ်ကို ထပ်ခါ ထပ်ခါတီးလို့ မင်းခေါ်သံကြောင့် ရန့်ချိုချို မျက်လုံးလေး အရောင်တောက်သွားသည်။

“ဟော … မင်းဆန္ဒ ပါလား၊ ဘာကိစ္စများလဲ မသိဘူး”

“ဟဲ့ … မင်း၊ ဘာလဲ အလန့်တကြားနဲ့”

“ဒီနေ့ တီချယ် တစ်နာရီခွဲလာမယ်တဲ့၊ ဖုန်းလေး ဘာလေး ဝယ်ပါလားဟာ၊ ငါ့မှာ နင်နောက်ကျနေမှာစိုးလို့ စက်ဘီးအပြင်းနှင်းလာခဲ့ရတာ”

“ဩော် … သားလေးရယ်၊ စက်ဘီးတွေ ဘာတွေ မှောက်မှဖြင့် နာရီဝက် နောက်ကျလည်း မိချိုက ပြဿနာမရှိပါဘူး၊ အခု ဒီကိုလာတာရော သားအမေ သိလား”

“ဟင့်အင်း … မသိဘူး၊ ခွင့်တောင်းရင် မသွားခိုင်းမှာစိုးလို့ ခိုးထွက်လာတာ”

ရန့်ချိုချိုက အိမ်ငယ်လေးထဲဝင်လို့ စာအုပ်တွေ ကပျာကရာ ကောက်ထည့်ရင်း သူ့နောက်က စက်ဘီးနှင်းလို့ လိုက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖန်ဂေါ်လီလုံးလေး"

"ဘာလဲ ... နင့်အမေရှေ့မှာ ဒီနှာမည် ခဏခဏမခေါ်နဲ့၊ နင် တစ်ခါခေါ်တိုင်း နင့်အမေ မျက်နှာမဲ့မဲ့သွားတာ သိလား"

"မသိပါဘူး၊ ဒီလိုပဲ ခေါ်နေကျပဲဟာ၊ ငါ ဒီလိုပဲခေါ်မှာ"

ကားရှင်းတဲ့လမ်းမထက်မှာ နှစ်ယောက်သား စက်ဘီး ယှဉ်နင်းလို့ စကားတွေ ဖောင်ဖွဲ့လာကြသည်။ မင်းအဖေ ဦးသူရ က စကားနည်း၊ သဘောပြည့်သူ။ မင်းအမေနှင့်တော့ မိုးနဲ့မြေလို စိတ်ဓာတ်ချင်း အကွာကြီး။ မင်းနဲ့အတူ ကျူရှင်တက်ရတာ မင်း အဖေ ကျေးဇူးကြောင့်ဆိုလည်း မမှား။

"ဖန်ဂေါ်လီလုံးလေး"

"ခေါ်ပြန်ပြီ၊ တစ်ခါခေါ်ရင် ငါးရာပေးရမယ်"

"ဈေးကြီးလိုက်တာ၊ ဒါဆိုလည်း သုံးခါပဲခေါ်ပြီး ထောင့် ငါးရာပေးမယ်၊ ဘယ်လိုလဲ"

"မင်းနော်"





ရဲရဲတွတ်သွားတဲ့ ရန့်ချိုချို မျက်နှာလေးကိုငေးရင်း မင်းဆန္ဒဘီးလေး လမ်းဘေးချော်ထွက်ပြီး ခြံတစ်ခြံရှေ့က ကွမ်း ပင်တစ်ပင်ကို တည့်တည့်ကြီး ဝင်တိုက်မိသည်မို့ မင်းဆန္ဒ နဖူး နှင့်ကွမ်းပင် မိတ်ဆက်သွားသည်။

"တကတဲ ... မင်းမို့လို့ လုပ်လိုက်ရင် အရာရာနဲ့အကြောင်း ကြောင်းချည်းပဲ၊ ပြစမ်း ... ပြစမ်း"

ရန့်ချိုချို လက်နှစ်ဖက် နာနာပွတ်ရင်း နီမြန်းနေ သော မင်းဆန္ဒ နဖူးပေါ် လက်ကလေးနဲ့ အုပ်ထားပေးလိုက်သည်။

ဖြူနုနေသော ရန့်ချိုချို လက်ကလေးကို မင်းဆန္ဒ မချင့်မရဲ ဆုပ်ကိုင်လိုက်ရင်း ...

"ငါ နင့်ကို အရမ်းချစ်တယ် ဖန်ဂေါ်လီလုံးလေး"

"မင်းနော် ... ငါ့ကို ဒီလိုမျိုးမစ,ပါနဲ့၊ ငါမကြိုက်ဘူး"

"စ,နေတာ မဟုတ်ဘူး၊ အတည်ပြောတာ"

ရန့်ချိုချို လက်ကလေးကိုရုန်းလို့၊ စက်ဘီးဒေါက် ကို ခြေနဲ့ခတ်ရင်း သူ့ကိုလှည့်မကြည့်ဘဲ တွန်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖန်ဂေါ်လီလုံးလေး ... ငါ တကယ်ပြောနေတာ၊ နင့်ကို ငါချစ်တာ အခုမှမဟုတ်ဘူး ငယ်ငယ်လေးကတည်းက၊ နင့်ကို တခြားကောင်တွေကြည့်ရင် မနာလိုဘူး၊ ငါ့ရှေ့မှာ နင့်ကို ရည်းစားစကားလိုက်ပြောတာတွေ့ရင် ငါအရမ်းခံရ ခက်တယ်၊ နင့်ကို ငါ သိပ်ချစ်တယ် ဖန်ဂေါ်လီလုံးလေး ရယ်"

"မဖြစ်နိုင်ပါဘူး၊ ငါတို့ အခြေအနေချင်း မတူကြဘူးလေ မင်း၊ ငါ နင့်ကို သံယောဇဉ်ရှိပါတယ်၊ ဒါပေမဲ့ နင့်အမေ ကိုတော့ ကြောက်တယ်၊ ဒီတော့ ငါတို့သူငယ်ချင်းတွေ အဖြစ်နဲ့ပဲ နေရအောင်လား မင်းရယ်"

ပင်ကိုမျက်ဝန်းထဲက ကြည်နူးမှုတွေက အပြင်သို့ပါ လျှံထွက်နေသလို သုန္ဒြာ မျက်ဝန်းမှာတော့ မခန်းခြောက်နိုင်တဲ့ မျက်ရည်စက်တွေနဲ့ နာကျင်ကြေကွဲရိပ်တွေ စွန်းထင်းနေရှာသည်။





လွယ်ထားတဲ့အိတ်ကို ဆက်တီခုံပေါ် ဝုန်းခနဲပစ်တင် လိုက်တဲ့ မီးကြီးကြောင့် ဒေါ်တင်မမ အလန့်တကြားဖြစ်သွားသည်။

"ဘာဖြစ်လာတာလဲ မီးကြီး"

"မေမေ့သား အကောင်းစားလေးက သမီးကို အရှက်ခွဲလိုက် တာလေ"

"ဟင် ... ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က သူငယ်ချင်းတွေနဲ့ လျှောက်လည်မယ်ပြောပြီး မေမေ့ကို သင်းပတ်သွားတယ် မဟုတ်လား၊ သူနဲ့မိချိုကို မြသပိတ်တောင်ဘုရားမှာ လက်ချင်းတွဲပြီး လျှောက်နေကြတာတွေ့တဲ့သူက တွေ့လို့ သမီးကို ပြန်ပြောပြကြတယ်၊ ရှက်စရာ မကောင်းဘူးလား၊ ထင်တော့ ထင်တယ်၊ သင်းတို့အကြည့်တွေ အပြုံးတွေကို"

"သေချာလို့လား မီးကြီးရဲ့"

"သေချာတာပေါ့၊ သေချာအောင် ထပ်စုံစမ်းတော့မှ ကျောင်းမှာ နှစ်ယောက်သား တပူးတွဲတွဲဆိုပဲ၊ ဖေဖေက သဘောကောင်းပြီး တက္ကသိုလ်ထားပေးတဲ့ ကျေးဇူးကို ဆပ်လိုက်တာလေ၊ ကြိုက်စရာရှားလို့ ဒီလိုအဆင့်အတန်းမျိုးကိုမှ မေမေ့သားက ရွေးလိုက်တာ၊ သိပ်အနေနီးရင် မေမေ့သား ငယ်ငယ်ရွယ်ရွယ်နဲ့ မိန်းမရသွားမယ်နော်၊ မေမေ ကြည့်လုပ်ဦး"





ဒေါ်တင်မမ ရင်ထဲ ကြားရတဲ့သတင်းစကားကြောင့် ပူထူသွားသည်။ နဂိုကတည်းက ချိုချို့အပေါ်မှာ သား ငြိတွယ်နေတာ မသိတာမဟုတ်၊ သူမ သိသည်။ သူတို့နှစ်ယောက်ကို ဒီအတိုင်း ဆက်လွှတ်ထားလို့ မီးကြီးပြောသလို ဖြစ်ခဲ့ရင် သူမတော့ ရင်ကျိုးရပြီ။

"ကဲ ... မေမေ၊ ဒီကိစ္စကို ဘယ်လိုရှင်းမှာလဲ၊ သမီးရှင်းလိုက်ရမလား"

"နေ ... နေပါ မီးကြီးရယ်၊ အဲဒီလောက်ကိစ္စလောက်တော့ မေမေ ကိုင်တွယ်နိုင်ပါတယ်"

ဒေါ်တင်မမ ချက်ချင်းဆိုသလို အိမ်မှာတောက်တိုမယ်ရခိုင်းထားတဲ့ ကောင်လေးတစ်ယောက်ကို ချိုချို့ကို အခေါ်လွှတ်လိုက်သည်။

"ဆန္ဒ ဘယ်သွားလဲ မေမေ"

"မနက်ကတည်းက သူငယ်ချင်းတစ်ယောက် လာခေါ်လို့ ပါသွားတယ်၊ အတော်ပဲ သူ မရှိတုန်း ချိုချို့ကို ပြောစရာရှိတာ ပြောရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ငါးမိနစ်လောက် အကြာတွင် ရန့်ချိုချို တစ်ယောက် မင်းဆန္ဒတို့အိမ် ဧည့်ခန်းသို့ ရောက်ရှိလာပြီး ယို့ယို့လေး ဒေါ်တင်မမ ရှေ့တွင် ရပ်လို့နေသည်။

"ထိုင်ပါဦး မယ်မင်းကြီးမ"

ဒေါ်တင်မမရဲ့လေသံနဲ့ မျက်နှာထား၊ ပြီးတော့ စန္ဒီရဲ့မျက်နှာထားတင်းတင်းကိုအတွေ့ မနေ့ကကိစ္စ သူတို့နား ပေါက်ကြားသွားပြီမှန်းသိ၍ ရန့်ချိုချို မျက်နှာပျက်သွားသည်။

"လိုရင်းပဲပြောမယ် ချိုချို၊ ညည်း ငါ့သားနဲ့ ဝေးဝေးနေပေးပါ"

"ဘာလဲ ... ကျွဲကောခြံတဲမှာ နင်တို့နေရတဲ့ အိမ်လောက်နဲ့ မတင်းတိမ်နိုင်လို့ ဒီအိမ်ကြီးပေါ် တက်နေချင်တဲ့စိတ်နဲ့ ငါ့မောင်ကို ကြံတာလား"

မင်းဆန္ဒအစ်မစကားက သူမရဲ့သိက္ခာကို စော်ကားလွန်းနေသည်။ တကယ့် အမေတူသမီး၊ စကားပြောမောက်မာတဲ့ နေရာမှာလည်း နှစ်ယောက်မရှိသူ။





"သူ ချို့အချစ်ကို မရရင် သေရပါလိမ့်မယ်ဆိုလို့ ပြန်ကြိုက်မိတာပါ၊ ချို့မှာ တခြား ဘာရည်ရွယ်ချက်မှ မရှိပါဘူး၊ ချိုတို့က ဆင်းရဲပေမယ့် အောက်တန်းကျတဲ့စိတ်ဓာတ်မျိုး မရှိပါဘူး"

"ကြည့်စမ်း ... ကြည့်စမ်း၊ မေမေ ... သခင်ကို ပြန်ဟောင်တဲ့ခွေးမမျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

"နင် စကားပြောတာ လွန်နေပြီနော်"

ရန့်ချိုချို ထိုင်နေရာမှ ဝုန်းခနဲ ထရပ်ပြီး မေစန္ဒီကို လက်ညှိုးထိုးပြီး အော်လိုက်သည်။ တကယ်တမ်းတော့ ရန့်ချိုချို ဆိုတာ ကြောက်တတ်၊ အားငယ်တတ်တဲ့ မိန်းကလေးမျိုးမဟုတ်။ ဒေါသကြီးပြီး စိတ်ဆတ်တတ်သူ။ ဘဝပေးအခြေအနေအရ စိတ်ကို မနည်းပြုပြင်ထားရသူလေ။ အခုတော့ စိတ်ရင်းပေါ်ထွက်လာပြီး ကြောက်စိတ်ဆိုတာ နည်းနည်းလေးမှ ရှိမနေတော့။

"ဟဲ့ ... ရိုင်းလှချည်လား မိချို"

"မိုက်ရိုင်းတဲ့ကောင်မ ... ကဲဟယ်"

"ဖြန်း"



www.burmeseclassic.com

www.burmeseclassic.com



ခနဲ အသံနဲ့အတူ မေစန္ဒီ လက်ဝါးက ရန့်ချိုချို ပါးပြင်ပေါ် ကျရောက်လာသည်။ နုထွေးဝင်းမွတ်သော ရန့်ချိုချို ပါးပြင်လေး ရဲရဲနီသွားသည်။

ရန့်ချိုချိုကလည်း ခေသူမဟုတ်။ မေစန္ဒီကို ပြန်၍ ရိုက်တာမို့ ဒေါ်တင်မမ အချိန်မီ ဆွဲထားလိုက်ရသည်။ နှစ်ယောက် တစ်ယောက်မို့ နောက်ဆုံး ရှုံးရသူက ရန့်ချိုချို။ အကျိုးဆက်က တော့ သူမတို့မိသားစု ကျွဲကောခြံမှ မောင်းထုတ်ခံရခြင်းပင်။

မိန်းမနဲ့သမီးက တစ်ဖက်၊ ခိုကိုးရာမဲ့ သူငယ်ချင်း မိသားစုကတစ်ဖက်နှင့် စိတ်ရှုပ်ရသူက ဦးသူရ။ နောက်ဆုံးတော့ သူငယ်ချင်းဖြစ်သူကို တောင်းပန်လို့ နေထိုင်စရာသစ်တစ်ခုအတွက် တိတ်တိတ်စီမံပေးရင်း မိန်းမနဲ့သမီးဆန္ဒကို သဘောတူလက်ခံ လိုက်ရသည်။

မရှိမဲ့စု ရှိမဲ့စု ပစ္စည်းပစ္စယလေးတွေ ကားပေါ်တင် ရင်း မေမေ မျက်ရည်ကျသည်။ ရန့်ချိုချိုက မေမေ့ကို သနားပေ မယ့် သူမလုပ်ရပ်အတွက် လုံးလုံးနောင်တမရပါ။ နာကြည်းသော





စိတ်၊ အနိုင်ယူလိုသောစိတ်နှင့် မင်းကို ဒီနေ့ပဲ သူမကို ခိုးပြေးဖို့ နားပူနားဆာ တိုက်ခဲ့သည်။ ဒါမှ သည်းသည်းလှုပ်နေကြတဲ့ သူ့ အမေနဲ့အစ်မ ဆွေ့ဆွေ့ခုန်ကြမည်။ ငယ်ရွယ်သူတို့ရဲ့ မရင့်ကျက်မှု၊ စိတ်ခံစားလွယ်မှုနှင့် တလွဲမာနတွေက ရန့်ချိုချိုကို ထိုဆုံးဖြတ် ချက်ချဖို့ တွန်းအားပေးခဲ့ကြသည်။

နာရီတကြည့်ကြည့်နှင့် ရန့်ချိုချို ဂနာမငြိမ်။ မင်း အချိန်မီရောက်လာပါ့မလား။ ပစ္စည်းတွေအားလုံး တင်ပြီးတဲ့အထိ မင်း ရောက်မလာ။ ရန့်ချိုချို မျက်ဝန်းထဲ မျက်ရည်တွေ ဝေ့သီ လာသည်။

"လာ ... သမီး၊ တက်တော့လေ"

ဖေဖေ့စကားကြောင့် ရန့်ချိုချို အိမ်လေးရှေ့ကွပ်ပျစ် လေးပေါ်မှ မထချင် ထချင်နှင့် ဖင့်နွဲ့စွာ ထ,လာသည်။ ရုတ်တရက် ဆိုင်ကယ်တစ်စီး ခြံရှေ့လာရပ်တာမို့ ကြိုတင်ကြံစည် ထားသည့်အတိုင်း အဝတ်နှစ်စုံစာ ထည့်ထားသော အိတ်ကလေး ကို ပြင်လွယ်လို့ အပြေးအလွှား ဆိုင်ကယ်ရှိရာ ပြေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"တက် ... ဖန်ဂေါ်လီလုံးလေး၊ မေမေနဲ့မမ လစ်တုန်းလေး ထွက်လာရတာ"

ရန့်ချိုချို ဆိုင်ကယ်နောက် တင်ပါးလွှဲထိုင်ရင်း မင်းဆန္ဒ ခါးကို ကျစ်ကျစ်ပါအောင်ဖက်လို့ တအံ့တဩ ကြောင်ကြည့်နေကြသည့် မိဘနှစ်ပါးကို တောင်းပန်တိုးလျှိုးသော အကြည့်တစ်ချက်ကြည့်ရင်း ဟရကြမ်း မောင်းထွက်သွားသော မင်းဆန္ဒရဲ့ ဆိုင်ကယ်နောက် ပါသွားသည်။

"သမီး ... သမီး ... ချိုချို"

"ချိုချို ... ပြန်လာခဲ့ ... ပြန်လာခဲ့"

မေမေတို့အသံက ဟိုးအဝေးကြီးမှာ ကျန်ခဲ့သလို ရန့်ချိုချိုရဲ့ လက်အစုံကလည်း မင်းဆန္ဒခါးကို တင်းတင်းကျပ်ကျပ် ဖက်တွယ်ထားသည်။ ရင်ထဲမှာ ဝမ်းနည်းစိတ်ကြောင့် ငိုချင်လာသည်။ မေမေနဲ့ ဖေဖေ ဘယ်လိုခံစားနေရရှာမလဲ။ ရုတ်ခြည်း မင်းရဲ့အမေနဲ့အစ်မ မျက်နှာကို မြင်ယောင်လာတော့ ရန့်ချိုချို နှုတ်ခမ်းထက် လှောင်ပြုံးတစ်ခု ဖွဲ့ထင်သွားသည်။





"ဟင်"

ဆိုင်ကယ်နောက်ကြည့်မှန်မှ မင်းဆန္ဒ ကားတစ်စီး တွေ့လိုက်ရသည်။ အဲဒီကားက အိမ်ကကား။ အိမ်ကသိသွားလို့ သူတို့နောက်ကို လိုက်လာကြတာပဲ။

"ဟင် ... မင်း ... မင်းတို့အိမ်က လိုက်လာကြပြီ၊ ဒုက္ခပဲ၊ မြန်မြန်မောင်း မင်း၊ မြန်မြန်မောင်း"

မင်းဆန္ဒ ဆိုင်ကယ်ကို လီဗာဆွဲ အရှိန်မြှင့်ပြီး မောင်းလာသည်။ ဒိုင်ခွက်မှာပြနေတာက ကီလိုတစ်ရာ့ရှစ်ဆယ် နီးနီး။ အရှိန်မြင့်လွန်းသော ဆိုင်ကယ်နောက် ထိုင်စီးလာသော ရန့်ချိုချိုက မိန်းကလေးပင် ဖြစ်လင့်ကစား မကြောက်ရေးချ မကြောက်။

သူမ သေအောင်ကြောက်တာ သူမတို့ကို ပြန်မိသွားကြမှာ။ ဒါဆို သူမနဲ့ မင်း ထာဝရခွဲရပြီး သူတို့ကို သူမ အရှုံးပေးလိုက်ရတော့မှာ။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ကကားကို မျက်ခြည်ပြတ်လိုက်ရလို့ ဝမ်းသာနေတုန်း ရှေ့လမ်းချိုးထဲက ထွက်လာသော ကုန်တင်ကားကိုအတွေ့ မင်းဆန္ဒ ဆိုင်ကယ်ကို အလန့်တကြား ဆွဲကွေ့လိုက်၍ အရှိန်လွန်သွားပြီး ဆိုင်ကယ်ကို မထိန်းနိုင်တော့ဘဲ slip ဖြစ်သွားကာ ဆိုင်ကယ်ရော လူတွေပါ လမ်းဘေးတောစပ်ထဲသို့ လွင့်စဉ်သွားတော့သည်။

"အား"

သူ့အတွေးထဲမှာ ရှိနေတာ ဖန်ဂေါ်လီလုံးလေး။ နာကျင်နေတဲ့ကြားက ညည်းသံလွင့်ပျံ့လာသော တောစပ်တစ်နေရာဆီ သူ စိတ်ရောက်သွားသည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ကိုက်ခဲပြီး လှုပ်လို့တောင်မရတော့သလို။ သူ ရှိသမျှအား စုစည်းပြီး အသံလာရာဆီ အားယူတွားသွားနေသည်။ အသည်းခိုက်အောင် နာကျင်နေသည်။ သို့သော် နာကျင်မှုကို သူ ပဓာနမထားမိ။ မှောက်လျက်အနေထားနှင့် ဖန်ဂေါ်လီလုံးလေးရဲ့ကိုယ်ကို သူ ဆွဲလှန်လိုက်သည်။





"ဟင်"

မျက်နှာတစ်ခုလုံး သွေးချင်းချင်း နီနေသော ဖန်ဂေါ်လီလုံးလေး၊ ဒီသွေးတွေ သူမမျက်လုံးတွေထဲက ကျလာတာ။

"အား ... ဖန်ဂေါ်လီလုံးလေး ... ဖန်ဂေါ်လီလုံးလေး"

ကြောက်လန့်မှုအစုံက သူ့ရင်ထဲ မွှေနှောက်နေသည်။ နာကျင်စိတ်၊ သနားစိတ်၊ ကြောက်စိတ်တွေရဲ့ ကြီးစိုးမှုအောက် မခံစားနိုင်၍ သူ ရုန်းထွက်ဖို့ ကြိုးစားရင်း သတိလစ် လဲပြိုသွားတော့သည်။

"ဒီလိုနဲ့ တို့နှစ်ယောက် ဆေးရုံရောက်သွားခဲ့တယ်၊ တို့ညာဘက်တစ်ခြမ်းလုံး စုတ်ပြတ်သတ်သွားတာပေါ့၊ အဆူးသဖြင့် တို့မျက်လုံးနှစ်ဖက် အတွင်းပိုင်းအထိ ကံကောင်းလို့ မထိခိုက်မိပေမယ့် အပြင်ပိုင်းကတော့ တော်တော်စုတ်သွားတယ်၊ ပြန်ချုပ်ရင်တောင် အမာရွတ်ကျန်ခဲ့မယ့် အနေအထားမျိုးပေါ့"

"ဒီတော့ ဘာဆက်ဖြစ်ကြလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းချင်တော့ နောက်ပြောင်းလာတဲ့ မော်လမြိုင်ဆေးရုံအုပ်ကြီးက တို့အဘိုးရဲ့မိတ်ဆွေတစ်ယောက် ဖြစ်နေတယ်လေ၊ တိုတိုပြောရရင် တို့မိသားစုကို တို့ကိစ္စနဲ့ ပတ်သက်ပြီး ဘိုးဘိုးတို့ဘက်က ပြန်ဆက်ဆံခဲ့တယ်၊ ကံကြမ္မာက တို့ကို ဒီအတိုင်း ပစ်မထားခဲ့ဘူး၊ ကနေဒါမှာရှိတဲ့ တို့အဒေါ်တစ်ယောက်က တို့ကိုခေါ်ပြီး တို့မျက်လုံးတွေပေါ်က ရုပ်ဆိုးတဲ့ အမာရွတ်တွေကို ပလတ်စတစ်ဆာဂျရီ လုပ်ပေးခဲ့တယ်၊ ကျောင်းလည်း အဲဒီမှာပဲ တက်ဖြစ်ခဲ့တယ်လေ"

"သြော်"

"မင်းအကြောင်း စုံစမ်းကြည့်တော့ သူ အတိတ်မေ့သွားတယ်ပြောတယ်၊ တို့ ဘယ်လောက် ခံစားရမလဲ စဉ်းစားကြည့်စမ်း sky ရယ်"

သုန္ဒြာ ခေါင်းငိုက်စိုက် ချထားသည်။ ဒီကိစ္စမှာ ဘယ်သူ့ကို အပြစ်တင်ရမှာလဲ၊ အတိတ်မေ့နေတဲ့ ကိုကို့ကိုလား။





အတိတ်မေ့နေတဲ့ ချစ်သူကို ပြန်ရယူဖို့ ကြိုးစားတဲ့ ပင်ကီ့ကိုလား။ ဒါမှမဟုတ် ကိုကို့ကိုမှ နှလုံးသားတစ်ခုလုံး ပုံချစ်ခဲ့တဲ့ သူမကိုယ်တိုင်ကိုလား။

"သူ့အမေ ဒေါ်တင်မမက မော်လမြိုင်ကအိမ်ကိုရောင်းပြီး ရန်ကုန် ပြောင်းလာခဲ့တယ်၊ ကြည့်ရတာ သူ့သား အတိတ်ကို ပြန်သတိရသွားမှာကြောက်လို့ အတိတ်ကအရိပ်တွေရှိခဲ့ဖူးတဲ့ အဲဒီနေရာကို စွန့်ခွာခဲ့ပုံပဲ၊ တို့ မင်းကို တစ်နေ့မှ မေ့မရခဲ့ဘူး သုန္ဒြာ၊ facebook ပေါ်က ယူနဲ့ မင်းပုံတွေ့တော့ တို့ ဝမ်းနည်း ဝမ်းသာ ဖြစ်ခဲ့ရတယ်၊ အမှန်အတိုင်း ပြောမပြမိခဲ့တဲ့အတွက် တို့ကို ခွင့်လွှတ်ပါ sky ရယ်"

"ရပါတယ် ပင်ကီ၊ ပင်ကီက ဉာဏ်ကောင်းသူပါ၊ ပင်ကီ သုံးလိုက်တဲ့နည်းက လက်ဖျားခါလောက်အောင် ပြောင်မြောက်ပါပေတယ်၊ ဒီပွဲမှာ ပင်ကီ နိုင်ပါတယ်"

အသံကို မတုန်အောင် ကြိုးစားထိန်းပြောနေတဲ့ ဆွေသုန္ဒြာ ရင်ထဲက ဆို့နင့်ကြေကွဲမှုကို ရနံ့ချိုချို ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်သည်။ ဟုတ်တာပေါ့ ဆွေသုန္ဒြာ။ နှင် ခံစားနေရမှာပေါ့။ ကိုယ်ချစ်တဲ့သူကို တခြားတစ်ယောက်ဘေးနားမှာတွေ့ရလို့ ခံစားရတဲ့ ငါ့ခံစားမှုနဲ့ ထပ်တူထပ်မျှပဲ ဖြစ်မှာပါ။

နှင့်အလှနဲ့ မင်းကို အရင်က ဖမ်းစားနိုင်ခဲ့ပေမယ့် အခုအချိန်မှာ မင်းမျက်လုံးထဲမှာရှိတာက ငါတစ်ယောက်တည်း။ နဂိုအတိုင်း ပြန်မရနိုင်တဲ့ ငါ့မျက်လုံးလေးတွေအတွက် မင်းရင်ထဲမှာ သနားစိတ်နဲ့ ငါ့ကိုပိုပြီး တွယ်တာသွားပြီလေ။





## ၂၃

သား အလုပ်နားတာ တစ်ပတ်တိတိရှိပြီ။ မျက်နှာက မရွှင်၊ စကားလည်းမပြော။ ဒီကောင် အလုပ်များပြုတ်သွားလို့လား။ ဒီအလုပ်ပြုတ်လို့လည်း မှုစရာမှ မဟုတ်တာ။ သူ့ကောင်မလေး ဆွေသုန္ဒြာလုပ်တဲ့အလုပ်မှာ ဝင်ချင်နေလို့ တမင်စိတ်ချမ်းသာအောင်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုထားခဲ့တာလေ။ အတိတ်က ဖြစ်ရပ်ရဲ့ သင်ခန်းစာကြောင့် သားရဲ့ကိုယ်ရေးကိုယ်တာမှာ ဝင်မစွက်ဖက်ချင်တော့တာလည်းပါ သည်။ သားကို စိတ်မဆင်းရဲစေချင်တော့။

"သား ... မင်းဆန္ဒ၊ သား ဘာဖြစ်နေတာလဲ၊ ဘာအခက်အခဲတွေ ဖြစ်နေလို့လဲ၊ မေမေ့ကိုပြောစမ်း"

အိပ်ရာပေါ်မှာလှဲ၍ အပေါ်က မျက်နှာကြက်ကို အဓိပ္ပာယ်မဲ့ ငေးနေတဲ့ သားပုံစံက သူမစိတ်ကို ပူပန်သွားစေသည်။

"ဖန်ဂေါ်လီလုံးလေးက အနားယူခိုင်းထားလို့ပါ၊ အနားယူဖို့ လိုအပ်တယ်လို့ သူ ပြောတယ်"

"ဘာ ... ဘာ ... ဘာပြောတယ်"

သူမ တွက်ဆထားသည့်အတိုင်း သား အတိတ်ကို ပြန်အမှတ်ရသွားပြီပဲ။ ဒါပေမဲ့ ထင်ထားတာထက်ပို၍ စောနေသည်။

"ဒီတော့ မင်းက ငါ့ကို စကားမပြောချင်ဘူးပေါ့လေ၊ ဟုတ်လား မင်းဆန္ဒ"





"မဟုတ်ရပါဘူး၊ ဒါပေမဲ့ မေမေ့ရက်စက်မှုတွေကို သိလိုက်ရလို့ စိတ်မကောင်း ဖြစ်မိတယ်"

"ရက်စက်တယ် ဟုတ်လား၊ ငယ်ရွယ်တဲ့ စိတ်ကစားတတ်တဲ့ အရွယ်မှာ အချစ်ကိုကိုးကွယ်ပြီး မင်းဘဝပျက်မှာစိုးတဲ့ ငါ့မေတ္တာကို မင်းက ရက်စက်တယ်လို့ နာမည်တပ်လိုက်တာလား မင်းဆန္ဒ"

မင်းဆန္ဒ ဆတ်ခနဲ အိပ်ရာကထ,ထိုင်လိုက်သည်။ မေမေ့မျက်နှာက ဟိုးအရင်ကလိုပဲ တင်းမာလွန်းနေသည်။

"မှန်ပါတယ်၊ မေမေပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ သားအတွက်နဲ့ ဖန်ဂေါ်လီလုံးလေးတို့မိသားစုကို မေမေ ဘာကြောင့် နှင်ထုတ်ခဲ့ရတာလဲ"

"ဒါတွေက ပြီးခဲ့ပြီပဲ မင်းဆန္ဒ၊ ငါ လုပ်သင့်တယ်ထင်လို့ လုပ်ခဲ့တာ၊ မင်းတောင်မှ ချိုချို့နေရာမှာ ဆွေသုန္ဒြာကို အစားထိုးနိုင်ခဲ့ပြီပဲ၊ ဒါတွေ ပြန်ပြောလည်း အပိုပဲ"

"ဗျာ ... ဆွေသုန္ဒြာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မင်း ရှုးအောင်ချစ်တဲ့ ဆွေသုန္ဒြာ၊ ပိုပြီး တိတိကျကျ ပြောရရင် မင်း အတိတ်မေ့သွားခဲ့တဲ့ ခြောက်နှစ်တာကာလအတွင်း မင်းချစ်ခဲ့တဲ့ တစ်ဦးတည်းသော မိန်းကလေး၊ အခု သူလည်း မင်းနဲ့ ကုမ္ပဏီတစ်ခုတည်းမှာ အလုပ်လုပ်နေတာ"

မေမေ့စကားကြောင့် သူ တွေဝေသွားသည်။ သူ့ဦးနှောက်ကို အဆက်မပြတ် အမိန့်ပေးပြီး ဆွေသုန္ဒြာဆိုတဲ့ ကောင်မလေးအကြောင်း စဉ်းစားခိုင်းပေမယ့် သူ ရလိုက်တာက ခေါင်းကိုက်ခြင်း ဝေဒနာတစ်ရပ်သာ။

"သား မသိဘူး၊ သူ့ကို သားမသိဘူး၊ သားသိတာက ဖန်ဂေါ်လီလုံးလေးပဲ"

ဒေါ်တင်မမ ရင်ထဲ သောကလှိုင်းတွေ ထန်နေသည်။ တကယ်ပဲ သူမ စိုးရိမ်နေသည့် နေ့တစ်နေ့ကို ရောက်လာခဲ့ပြီ။ ခေါင်းမော့ ရင်ကော့ပြီး သူမရှေ့မှာ သားကိုလက်တွဲပြီး ပြုံးနေမယ့် ချိုချိုရဲ့ဂုဏ်ယူဝင့်ကြွားတဲ့ အပြုံးကို သူမ မကြည့်နိုင်ပါ။





ရုတ်တရက် ဖုန်းမြည်သံက ဆက်တီခုံတစ်လုံးမှာ တိတ်တဆိတ်ထိုင်နေတဲ့ ဒေါ်တင်မမကို အတွေးကမ္ဘာက လန့်နိုးစေသည်။

"ဟယ်လို"

"ဒေါ်တင်မမနဲ့ ပြောချင်လို့ပါ"

"ပြောနေပါတယ်၊ အခု ဖုန်းဆက်တာ ဘယ်သူပါလဲ"

"ရန့်ချိုချိုပါ"

"ဟင် ... ညည်း ဘာကိစ္စနဲ့ ငါ့ဆီ ဖုန်းဆက်ရတာလဲ"

"ဟင်း ဟင်း ဟင်း ... မကြာခင်မှာ တော်ရတော့မယ့် ယောက္ခမလောင်းကို ဖုန်းဆက်ခွင့် မရှိဘူးလား"

"ညည်း မိန်းကလေးဖြစ်ပြီး အပြောရဲလှချည်လား၊ ညည်းကို ဘယ်သူက ငါ့သားနဲ့သဘောတူတယ် ပြောလို့လဲ"

"အိုး ... သိပါတယ်ရှင်၊ ဒါပေမဲ့ ကျွန်မက အရင်က ရန့်ချိုချို မဟုတ်တော့ဘူးလေ။ ဒေါ်တင်မမ မက်တဲ့ဂုဏ်တွေ၊ ငွေတွေ၊ အရှိန်အဝါတွေ ကျွန်မဆီမှာ အခုပြည့်စုံနေပြီရှင့်၊ ဒါကိုဘာကြောင့်များ သဘောမတူနိုင်ရတာပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းပါးစပ် ပိတ်ထားစမ်း ချိုချို၊ တစ်ခါကဖြစ်ခဲ့တဲ့ ကိစ္စက ငါ့သားပေါ်မှာထားတဲ့ ငါ့ရဲ့မေတ္တာတရားကြောင့် ပဲ၊ ညည်း စွပ်စွဲသလိုမျိုး မဟုတ်ခဲ့ဘူး"

"မဟုတ်ဘူးရှင့် ဒေါ်တင်မမရဲ့၊ အဲဒါ မေတ္တာမဟုတ်ဘူး အတ္တပဲ၊ ကိုယ့်သားသမီးကောင်းဖို့အတွက် သူများသားသမီး ကို နှိပ်ကွပ်တဲ့သူဆီမှာရှိမှာ မေတ္တာမဟုတ်ဘူး အတ္တပဲ"

"ညည်းလွန်နေပြီနော် ချိုချို၊ ငါ့ကို စော်ကားဖို့ မကြိုးစား နဲ့ မိချို၊ ဟင်း ဟင်း ... ညည်းကိုယ်ညည်း အသာစီးရပြီ လို့ထင်ရင် သိပ်မှားသွားမှာပေါ့၊ ရိုင်းစိုင်းတဲ့ ညည်းလို မိန်းမမျိုးအတွက် ကံကောင်းခြင်းဆိုတာ တစ်ကြိမ်တစ်ခါပဲ လာမှာ၊ ဆွေသုန္ဒြာဆိုတဲ့ မိန်းကလေးကို သား ပြန်အမှတ် ရတဲ့နေ့မှာ ညည်းအတွက် အရာရာအားလုံး ပြီးဆုံးသွား တော့မှာ"

"ဟင်း ဟင်း ဟင်း ... ကျွန်မအတွက် စိတ်မကောင်း ဖြစ်ပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ အဲဒီနေ့ရောက်





မလာခင်မှာပဲ မင်က ကျွန်မနားမှာ တရားဝင်ရောက်နေမှာ မို့ မစိုးရိမ်ပါနဲ့ရှင်"

"တောက်"

ဒေါ်တင်မမရဲ့ တက်ခေါက်သံကို အရသာခံနားဆင် ရင်း ရန့်ချိုချို ဖုန်းချလိုက်သည်။ မကြာခင်မှာပဲ ရှင် အသိအမှတ် မပြုချင်တဲ့ မင်္ဂလာသတင်းကို ကြားရတော့မှာပါ ဒေါ်တင်မမ။



www.burmeseclassic.com

www.burmeseclassic.com



## ၂၄

သူ့ကွန်ပျူတာ deskstop မှာ တင်ထားတဲ့ပုံလေးက သိပ်ကို ကဗျာဆန်ပြီး လှပသော ကောင်မလေးတစ်ယောက်။ သူမရဲ့မျက်လုံးလေးတွေက ဖန်ဂေါ်လီလုံးလေးရဲ့ အရင်မျက်လုံးတွေလိုပဲ ဝိုင်းစက်ကြည်လင်ပြီး အရည်လဲ့နေသည်။ ပြီးတော့ ...





သူမက ဖန်ဂေါ်လီလုံးလေးနဲ့ ညီအစ်မပြောရင် ယုံရမလောက်အောင် ရုပ်ချင်းဆင်လွန်းလှသည်။

ဒါဆို သူက ဆွေသုန္ဒြာပေါ့။ မေမေ့ပြောစကားတွေက တကယ်အမှန်ပေါ့။ စာကြည့်စားပွဲအံဆွဲတွေ ဖွင့်ကြည့်တော့ လက်ဆောင်ပစ္စည်း ပစ္စကွစလေးတွေနဲ့၊ ပုံစံမျိုးစုံနဲ့ ယှဉ်တွဲရိုက်ထားတဲ့သူနဲ့ ထိုကောင်မလေးတို့ရဲ့ပုံတွေ အယ်လ်ဘမ်တစ်ခု ပြည့်မတတ်။

ဒီဓာတ်ပုံတွေက သူနဲ့ ဆွေသုန္ဒြာဆိုတဲ့ ကောင်မလေးနဲ့ ပတ်သက်မှုကို အတိအလင်း ဖော်ပြနေကြသည်လေ။ တစ်ဖက်မှာက သူ့ကြောင့် နစ်နာခဲ့ရတဲ့ ဖန်ဂေါ်လီလုံးလေး။

တစ်ဖက်မှာ သူ အတိတ်မေ့နေတုန်း ချစ်ခဲ့ရဘဲ ချစ်သူကောင်မလေး။

သူ့ရင်ထဲ တင်းကျပ်လာသလိုပင်။

အယ်လ်ဘမ်စာအုပ်ကို အသာပိတ်ပြီး သူ မျက်စိစုံမှိတ်ထားလိုက်သည်။ ရှေ့ကို သူ ဘာဆက်လုပ်ရမှာလဲ။ အခု



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ဆွေသုန္ဒြာဆိုတဲ့ ဒီကောင်မလေး သူ့ကြောင့် ငိုနေမလား။ သူ့အပေါ်မှာ ဘယ်လိုမျိုး သဘောထားမှာပါလိမ့်။

ဖုန်းမြည်သံကြားလို့ ကြည့်လိုက်တော့ ဖန်ဂေါ်လီလုံးလေးရဲ့ဖုန်း။

“မင်း ... ငါပါ၊ အိပ်နေပြီလား၊ အလုပ်ပြန်ဝင်ဖို့ အဆင်ပြေပြီလား၊ ခေါင်းရော ကိုက်သေးလား”

ဖန်ဂေါ်လီလုံးလေးရဲ့ များပြားလှတဲ့ မေးခွန်းတွေကို သူ ဘယ်ကစ,ပြီး ဖြေရမှန်းမသိ။

“အလုပ်ပြန်ဝင်ဖို့တော့ အဆင်မပြေသေးဘူး ထင်တယ် ဖန်ဂေါ်လီလုံးလေး၊ ငါ အတိတ်မေ့ခဲ့တဲ့ ခြောက်နှစ်တာ ကာလကို ပြန်အမှတ်ရခဲ့ရင်တော့ အဆင်ပြေနိုင်လောက်ပါတယ်။ ခေါင်းကတော့ ကိုက်နေတုန်းပဲ၊ ငါပြနေကျ ဆိုတဲ့ ဆရာဝန်ဆီလည်း သွားပြပါတယ်၊ သူ ပြောတာကတော့ ငါ မကြာခင် အားလုံးကို အမှတ်ရလာမှာပါတဲ့”





မင်းရဲ့အဖြေကြောင့် ရန့်ချိုချို ခေါင်းထဲ သတိပေးခေါင်းလောင်းတွေ အဆက်မပြတ် မြည်လာသည်။ အဲဒီအချိန်မရောက်ခင် မင်းကို သူမနားမှာ ထာဝရရှိနေအောင် ကြိုးစားရတော့မည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတာ မဟုတ်ပေမင့် ဆွေသုန္ဒြာ ဆိုတဲ့ မိန်းမနဲ့ သူမယှဉ်ရင် မင်းနှလုံးသားက သူမပေါ် ပိုသာမယ်လို့ မသေချာတဲ့ အတွက်ကြောင့်ပါ။

“ရပါတယ် ... မင်း သဘောပဲလေ၊ အိမ်ထဲမှာချည်းမနေဘဲ အပြင်လေး ဘာလေး ထွက်ပါလား မင်းရယ်၊ တို့လာခေါ်မယ်လေ”

“ဖြစ်ပါ့မလား၊ မေမေနဲ့နင် ပြဿနာထပ်တက်မှာ ငါမလိုလားဘူး ဖန်ဂေါ်လီလုံးလေး”

“ဟင်း ဟင်း ... ငါ့ဘက်မှာ နင်ရှိနေရင် ငါ ဘာကိုမှ မကြောက်ပါဘူး၊ မနက်ဖြန်မနက် နင့်ကို ငါလာခေါ်မယ်”

“ခဏ ... ခဏ ... ဖန်ဂေါ်လီလုံးလေး”



www.burmeseclassic.com

www.burmeseclassic.com



ဖန်ဂေါ်လီလုံးလေးက သူ့အသံကို မကြားတော့၊ ဖုန်းချသွားပြီလေ။ အယ်လ်ဘမ်စာအုပ်လေးကို သူ့စာကြည့်စားပွဲ အံဆွဲထဲ ပြန်ထည့်လိုက်သည်။

ဖုန်းမြည်သံ ထပ်ပေါ်လာတာမို့ သူ ဖုန်းကိုကြည့်လိုက်သည်။ ဖုန်းမှာပေါ်နေတာက ဆွေသုန္ဒြာရဲ့ ပြုံးနေတဲ့ရုပ်ပုံလွှာလေး။

"ဟယ်လို"

ဟိုတစ်ဖက်က ဖုန်းကိုကိုင်ထားပြီး ဘာမှမပြောဘဲ တိတ်ဆိတ်နေသည်။

"ဆွေသုန္ဒြာလားဟင်"

ကိုကို့အသံကြောင့် သုန္ဒြာ့မျက်ဝန်းက မျက်ရည်တွေ အိခနဲ ပြိုဆင်းလာသည်။ ကိုကို့ အတိတ်ကို သိရတော့ သုန္ဒြာ နှလုံးသား တစ်စစီ ကြေမွသွားခဲ့သည်။ ကိုကို့ကို မတွေ့ရတော့ လွမ်းရတာလည်း ရင်ကွဲမတတ်။ အမှန်အတိုင်းပြောရရင် ကိုကို့ အသံလေးကို ကြားချင်၍ သူမအရဲစွန့် ဆက်ခဲ့တာလေ။ တကယ်





တမ်းတော့ သူမကိုမေ့သွားတဲ့ လူတစ်ယောက်ကို သူမ ပြောစရာ ဘာစကားများ ရှိလို့လဲ။

"ငါ့ဖုန်းမှာ မင်းမျက်နှာလေး ပေါ်နေတယ် ဆွေသုန္ဒြာ၊ မင်းနဲ့ပတ်သက်ခဲ့တဲ့ ဆက်ဆံရေးကို အခုအချိန်မှာ ငါ မမှတ်မိနိုင်သေးပေမယ့်၊ ငါ့ဆီမှာရှိနေတဲ့ အထောက်အထားတွေအရ ငါတို့နှစ်ယောက်ရဲ့ ပတ်သက်မှု အတိမ်အနက်ကို ငါ တွက်ဆနိုင်ပါတယ်"

ဖုန်းကိုင်ပြီး ရှိုက်သံလေးမပေါ်အောင် သူမ ကျိတ်ငိုနေပုံရသည်။

"ငါ အပြစ်ကင်းတဲ့ မင်းနှလုံးသားကို အရောင်ဆိုးမိလိုက်ပြီလား ဆွေသုန္ဒြာရယ်၊ ဘာပဲဖြစ်ဖြစ် အခုအချိန်မှာ မင်း ငါ့ အခြေအနေကို နားလည်ပေးပါနော်"

"ကိုကို ဝမ်းမနည်းပါနဲ့နော်၊ သုန္ဒြာလေ ပင်ကီဆီက ကိုကိုနဲ့ ပင်ကီတို့ရဲ့ ဇာတ်လမ်းလေးကို ကြားပြီးပါပြီ။ သုန္ဒြာနဲ့ပတ်သက်ခဲ့တဲ့ ကာလတစ်လျှောက်လုံးလည်း ကိုကို



www.burmeseclassic.com

www.burmeseclassic.com



က သုန္ဒြာ စိတ်ချမ်းသာအောင် ထားခဲ့ပါတယ်၊ ကိုကို နေကောင်းလား သိချင်လို့ ဆက်ကြည့်တာပါ၊ သုန္ဒြာမှာ တခြား ဘာရည်ရွယ်ချက်မှ မရှိပါဘူး၊ ကိုကို နေကောင်းအောင်နေပါနော်”

ရှိုက်သံတစ်ဝက်နဲ့ ပြောလာတဲ့ သုန္ဒြာ့စကားသံလေးကြောင့် သူ့ရင်ထဲ ဆို့နင့်သွားသလိုပင်။ သုန္ဒြာ ဖုန်းချသွားတော့ ပူနွေးတဲ့ မျက်ရည်တစ်စက် သူ့ပါးပြင်ပေါ် စီးကျလာသည်။ ကိုယ့်အဖြစ်ကို ကိုယ်နားမလည်စွာ သူ မျက်ရည်ကို သုတ်လိုက်မိသည်။ သူ့နှလုံးသားက ဘာကြောင့် ဆွေသုန္ဒြာရဲ့စကားတွေကြောင့် ပြောမပြတတ်အောင် နာကျင်သွားရတာလဲ။





## ၂၁

“ကျွန်မကို ခေါ်တယ်ဆိုလို့”

ကုမ္ပဏီရုံးခန်းထဲ ဝင်လာတဲ့ ဆွေသုန္ဒြာ မျက်နှာ နွမ်းနွမ်းကို ကြည့်ရင်း ရန့်ချိုချို ခေါင်းဆတ် ထိုင်ခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် sky ၊ ရှေ့လထဲမှာ တို့ channel အတွက် presenter ခေါ်ဖို့ရှိတယ်၊ ယူ့ကို လျှောက်စေချင်လို့၊ ယူ့မှာ presenter တစ်ယောက်မှာ ရှိရမယ့် အရည်အချင်း အပြည့်ရှိတယ်လေ"

"ကျေးဇူးတင်ပါတယ် ပင်ကီ၊ ဒါပေမဲ့ ကျွန်မ စိတ်မကြည်ဘူး ဖြစ်နေတယ်၊ presenter ရဲ့ မျက်နှာထားက အမြဲပြုံးချိုပြီး active ဖြစ်နေရမှာလေ"

"ဘာကြောင့်များလဲ ဆွေသုန္တြာ၊ ဘာတွေကြောင့် ယူ ဒီလောက် စိတ်ညစ်နေရတာလဲ"

ဒါ သက်သက်ရန်စ,တာ။

သုန္တြာ့ရင်ထဲ ဘယ်လောက် ခံစားနေရမယ် ဆိုတာ သူ အသိဆုံး မဟုတ်လား။

"ရှင်ရော ကျွန်မပါ သိပြီးသားအဖြေကို ကျွန်မ ဖြေစရာမလိုဘူး ထင်ပါတယ် ပင်ကီ၊ ကျွန်မ presenter post ကို ဝင်လျှောက်ဖြစ်မှာ မဟုတ်ဘူး"





"မဟုတ်သေးဘူးလေ sky ရယ်၊ ယူ့လို ချောမောတဲ့ မိန်းကလေးတစ်ယောက် presenter လုပ်လိုက်ရင် ချက်ချင်း လက်ငင်းကို နာမည်ကြီးသွားမှာ၊ အနုပညာလုပ်ငန်းတွေ ဘာတွေ ယူ စိတ်မဝင်စားဘူးလား၊ အဲဒီကနေ တစ်ဆင့် ကြော်ငြာတွေရိုက်၊ ဘာတွေရိုက်နဲ့ မင်းသမီးတောင်ဖြစ် နိုင်သေးတာ၊ ဒီလိုအခွင့်အရေးမျိုးကို မိန်းကလေးတိုင်း လိုချင်ကြတာ"

"ကျွန်မကို ဖြေသိမ့်ဖို့ ကြိုးစားနေတာလား ပင်ကီ"

"ယူ့ကြည့်ရတာ အရမ်း serious ဖြစ်နေသလိုပဲ၊ တို့ စေတနာကို ယူ နားမလည်တဲ့အတွက် တကယ်စိတ်မကောင်းဘူး"

"ပြောစရာမရှိရင် ကျွန်မကို သွားခွင့်ပြုပါဦး"

သုန္တြာ နေရာကထ,ရပ်ပြီး ပင်ကီ့ကို ကျောခိုင်း လိုက်သည်။ ဖြစ်နိုင်ရင် ပင်ကီနဲ့ မဆုံချင်ပါ။ သူမနဲ့ ကိုကို့ အကြောင်းကိုသိတဲ့ လုပ်ဖော်ကိုင်ဖက်တွေက ပင်ကီနဲ့ ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းကို သိသွားကြတော့ သုန္ဒြာကို သနားတဲ့မျက်ဝန်းတွေနဲ့ ကြည့်ကြသည်။

ပင်ကီက ခေါ်ခိုင်းတယ် ဆိုတာနှင့် တစ်ယောက်နဲ့ တစ်ယောက် မျက်စ,တွေပစ်လို့ သူတို့ထင်ကြေးတွေနဲ့ နောက်ကွယ်မှာ အတင်းတွေပြောကြတာလည်း သုန္ဒြာ ပြန်ကြားနေရသည်။ ဖြစ်နိုင်ရင် ဒီအလုပ်က ထွက်ပစ်ချင်ပါသည်။ ယောက်ျားတစ်ယောက်ကြောင့် "အလုပ်ထွက်လိုက်သည်ဆိုတဲ့ နာမည်မျိုးကို မလိုလားလို့ သည်းခံပြီး လုပ်နေရသည်။

"ဩော် ... ဒါနဲ့၊ ယူ မင်းကို ဆက်သွယ်သေးလား"

သုန္ဒြာ ချာခနဲ ပင်ကီ့ဘက် လှည့်လိုက်ကာ ...

"ဘာကိုဆိုလိုတာလဲ ပင်ကီ"

"ယူ့အနေနဲ့ ယူတို့ပတ်သက်ခဲ့ဖူးတဲ့ အကြောင်းကို မင်းကို သတိရစေချင်မှာပဲလို့ တွေးမိလို့ပါ"

"ဘာလဲ ... ရှင့်လက်ထဲက ကိုကို့ကို ကျွန်မ ပြန်လုယူမယ်လို့ ထင်လို့လား၊ ရှင့်စိတ်နဲ့နှိုင်းပြီး မပြောပါနဲ့





ပင်ကီ၊ ကျွန်မအတွက်တော့ ကိုကို နေကောင်းပြီး စိတ်ချမ်းသာဖို့က အဓိကပါ"

"စိတ်ချပါ၊ တို့နဲ့ ပြန်ဆုံရတဲ့အတွက် မင်း အရမ်းစိတ်ချမ်းသာနေပါတယ်၊ တစ်သက်လုံးလည်း စိတ်ချမ်းသာသွားမှာပါ"

ပင်ကီ ဆိုတဲ့မိန်းမ တော်တော်လွန်နေသည်။ လူကို ခေါ်ခေါ်ပြီး မခံချိမခံသာဖြစ်အောင် လုပ်နေသည်။ သူ့ရည်ရွယ်ချက်က ဘာလဲ။ ကိုကို့ရဲ့ချစ်သူ ဖြစ်ခဲ့တဲ့အတွက် သုန္ဒြာကို အခဲမကျေ ဖြစ်နေတာလား။ သုန္ဒြာ စိတ်ဆင်းရဲလွန်း၍ အော်ဟစ်ငိုကြွေးပစ်လိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၆

သုန္ဒြာကို အလယ်မှာထားပြီး သူငယ်ချင်းမ သုံးယောက်တို့ စကားဖောင်ဖွဲ့လာကြသည်။ သုန္ဒြာ စိတ်အဆင်းရဲကြီး ဆင်းရဲနေတာ ရုပ်ကိုကြည့်တာနှင့်သိသည်။ ရွှန်းလက်တောက်ပသော သူမမျက်ဝန်းတစ်စုံက မှုန်မှိုင်းသွားပြီး အခုလို





လျှောက်ရတာတောင် မလျှောက်ချင်ဘဲ ပစ်လှဲလိုက်ချင်ပုံမို့ သူမအတွက် သူတို့ စိုးရိမ်ပူပန်မိသည်။ ဘာဖြစ်တာလဲ မေးတော့လည်း မဖြေ။

မြို့စိစိနှင့် ဒါ ဆွေသုန္ဒြာရဲ့စတိုင်လ်မှ မဟုတ်တာ။ ကျောင်း တက်တုန်းက ဆွေသုန္ဒြာရဲ့ တက်ကြွတောက်ပသော နေ့ရက်တွေကို ပြန်အမှတ်ရမိရင်း သုံးယောက်သား အားမလိုအားမရ ဖြစ်မိသည်။

**KTV** သွားပြီး အခန်းတစ်ခန်းယူသည့် သုန္ဒြာရဲ့ ရည်ရွယ်ချက်ကို ပထမတော့ သူမတို့ မရိပ်စားမိ။ သီချင်းတွေကို ဟန်ပါပါ တစ်ပုဒ်ပြီးတစ်ပုဒ် ရွေးနေတဲ့အတွက် သင်း အသားကုန်ဟဲတော့မည် ထင်ထားသော်လည်း အခန်းထဲရောက်တာနှင့် ဖွင့်ပေးသည့်သီချင်းတွေကို မရလို့ အကြောင်းပြ၍ အသံဖွင့်ခိုင်းလိုက်ပြီး သူမလုပ်တာတော့ အားပါးတရ အော်ငိုခြင်းပင်။

**volume** ကို အဆုံးနီးပါးမြှင့်ပြီး အားပါးတရ ငိုပစ်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့သူငယ်ချင်းသုံးယောက် တကယ်ကို ခြေမကိုင်မိ လက်မကိုင်မိ။ ဘာမှမေးမရသည့်အဆုံးမို့ သင်းငိုနေတာကိုသာ စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် လက်ပိုက် ကြည့်နေရတော့သည်။

သီချင်းသုံးလေးပုဒ်အပြီးမှာ သုန္ဒြာအနည်းငယ် တည်ငြိမ်လာသည်။

“ပြောလို့ရပြီလား သုန္ဒြာ၊ နင် ဘာတွေဖြစ်နေတယ်ဆိုတာ”

မို့အစ်နီရဲသော မျက်ဝန်းမှာ ကျန်နေသော မျက်ရည်စ,တို့ကို သုန္ဒြာ တစ်ရှူးနဲ့သုတ်လိုက်ရင်း volume ကို ပုံမှန်အတိုင်းထားလို့ သူမ ရင်ထဲက နာကျင်မှုတွေကို ဖွင့်ဟပြတော့သည်။

“………”

သုန္ဒြာ စကားတွေကို သုံးယောက်သား မျက်လုံးလေးတွေဝိုင်း၊ ပါးစပ်လေးတွေဟ,သွားမတတ် အံ့အားတသင့်နားထောင်ကြသည်။ သုန္ဒြာ စကားဆုံးတော့ အားလုံး သက်မကိုယ်စီချရင်း ...





“နင် ဘယ်လောက်ခံစားရမလဲ ငါတို့ ကိုယ်ချင်းစာနိုင်ပါတယ် သုန္ဒြာ၊ စိတ်မလျှော့ပါနဲ့ဟာ၊ ကိုမင်းဆန္ဒ နင့်ကိုအမှတ်ရလာတဲ့အခါ အခြေအနေတွေက တစ်မျိုးပြောင်းကောင်း ပြောင်းလာနိုင်တာပဲ”

“နင် ထင်လို့လား ပပ၊ ငါနဲ့ရင်ဆိုင်နေရတဲ့ ပင်ကီကသူ့အတိတ်က သူသိပ်ချစ်ခဲ့ရတဲ့ ချစ်သူလေ၊ သူ့ကြောင့်ထိခိုက်ဒဏ်ရာရခဲ့တဲ့ ချစ်သူ့ကို ကိုကိုက ငါ့ကို ပြန်သတိရလာရင်တောင် လက်တွဲဖြုတ်ခဲ့မှာတဲ့လား”

“နင်ပြောတာ ငါ လက်ခံတယ် သုန္ဒြာ၊ အခုအချိန်မှာသူက နိုင်ငံခြားက ဘွဲ့ရလာတဲ့ သူဌေးသမီးတစ်ယောက်၊ ပြီးတော့ သူ့ရဲ့ program ကြောင့်လည်း တော်တော်နာမည်ကြီးနေပြီ၊ အကောင်းဆုံးကတော့ နင် အဲဒီအလုပ်ကထွက်လိုက်ပြီး ကိုမင်းဆန္ဒကို မေ့ပစ်လိုက်ဖို့ပဲ၊ နင်ခံစားနေရတာ ဒီ့ထက်ပိုပြီး ငါ မကြည့်နိုင်တော့ဘူး သုန္ဒြာ”

ပန်းစက်ရာ စကားကြောင့် သုန္ဒြာ ဆွေးဆွေးမြည့်မြည့် ပြုံးလိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒါ ငါအလုပ်သင့်ဆုံး အလုပ်ပါပဲ၊ ရှေ့ဆက်တိုးရင် ငါတို့သုံးယောက်လုံး နာကျင်ခံစားရလိမ့်မယ်၊ အထူးသဖြင့် ကိုကို၊ ကိုကို ခံစားရမှာ ငါမလိုလားဘူး၊ သူ ငါ့ကို ပြန်မမှတ်မိခင်မှာ ငါ ကြိုတင်ခြေရာဖျောက်ထားတာ အကောင်းဆုံးပဲ ဖြစ်မှာပါ"

"ကံကြမ္မာက ဆန်းကြယ်တယ်နော်၊ ကိုမင်းဆန္ဒက နင်နဲ့ အလိုက်ဖက်ဆုံးလို့ ငါတို့ ထင်ထားကြတာ၊ သူနဲ့ဆိုရင် နင့်ဘဝ အစစအရာရာ အဆင်ပြေမယ်လို့ ငါတို့ ယုံကြည်ထားကြတာ၊ သူ့မှာ ဒီလိုအတိတ်မျိုး ရှိခဲ့တယ်ဆိုတာ မယုံကြည်နိုင်စရာပဲ"

"ဒီလိုပါပဲ၊ လောကကြီးမှာ မထင်မှတ်ထားတာတွေ ဖြစ်တတ်ပါတယ်"

သန္တြာ ခပ်တိုးတိုး ရေရွတ်လိုက်သည်။ သန္တြာနဲ့ ကိုကို ချစ်ခဲ့ကြတာ ပြန်တွေးကြည့်ရင် အိပ်မက်တစ်ခုလိုပါပဲ။ အိပ်မက်ဆိုတာ မက်နေတုန်း ခဏပဲ။ ဆုပ်ကိုင်ထားလို့မှ မရတာ။





ဒါပေမဲ့ ကိုကိုနဲ့မက်ခဲ့တဲ့ ချစ်အိပ်မက်လေး ပျောက်ပျက်မသွားအောင် သန္တြာ့နှလုံးသားထက်မှာ ကမ္ပည်းထိုး မှတ်တမ်းတင်ထားမှာပါ။

(ပြီး)



www.burmeseclassic.com

www.burmeseclassic.com

## ၂၇

အိမ်ရှေ့ရောက်လာတဲ့ကားကို ကြည့်ရင်း ဒေါ်တင်မမ မျက်မှောင်ကြုတ်လိုက်သည်။ ဒီကားက ဘာကြောင့် သားကို လာလာခေါ်နေတာလဲ။ ဒီကားထဲကလူက သားရဲ့သူငယ်ချင်းဆိုရင် အိမ်ထဲဝင်လာရမှာပေါ့။ သားကလည်း ဖိတ်ခေါ်ရမှာပေါ့။





ဟင် ... ဒါ။ ဟုတ်တယ် ... ဒီကားထဲက ချိုချိုပဲ ဖြစ်ရမည်။ ဒါ သူမ,မကြိုက်မှန်းသိလို့ ဒီကောင်မလေး တမင်တာကာ အစွဲ့တိုက်တာ။

အိမ်ရှေ့မှာကားရပ်ပြီး သားကိုခေါ်ထုတ်တာ သူမကို မခန့်လေးစား လုပ်လိုက်တာ။ တွေးရင်း တွေးရင်းနှင့် ဒေါသအမျက် ချောင်းချောင်းထွက်လာသည်။

“မင်းဆန္ဒ”

ပြင်ပြင်ဆင်ဆင်နှင့် အိမ်ခန်းထဲက ထွက်လာတဲ့ မင်းဆန္ဒအပေါ် သူမဒေါသတွေ ပုံချလိုက်သည်။

“ဗျာ ... မေမေ”

“ဒါက ဘယ်ကိုလဲ”

“ဟို ... အပြင်ခဏ သွားမလို့ပါ”

“ဘယ်သူလဲ ... ချိုချို မဟုတ်လား၊ သူ့ရဲ့ရိုင်းစိုင်းမှုတွေကို မင်းတွေ့လား မင်းဆန္ဒ၊ ငါတို့ကို လူကြီးသူမတွေလို့ သူ သတ်မှတ်သေးရဲ့လား၊ ဒါကို နင်က အားပေးအား



www.burmeseclassic.com

www.burmeseclassic.com



မြှောက် လုပ်နေတာလား၊ ငါ အခုကတည်းက အပြတ်ပြော လိုက်မယ် မင်းဆန္ဒ၊ မင်း အခု သူနဲ့လိုက်သွားရင် နောက် ငါ့အိမ်ရိပ် ပြန်မနင်းနဲ့၊ လိုက်သွား ... အဲဒီဟာမနဲ့တစ် သက်လုံးနေ”

“မေမေ ... မေမေ”

ယိုင်လဲမတတ် ဖြစ်သွားသော အမေဖြစ်သူကို မင်းဆန္ဒ အချိန်မီ လှမ်းထိန်းထားလိုက်ရသည်။

“မမ ... မမ”

ဦးသူရက မင်းဆန္ဒ အော်သံကြောင့် အပြေးအလွှား ရောက်လာသည်။ အိမ်ရှေ့က ကားဟွန်းတီးသံကလည်း အဆက် မပြတ် ဆူညံစွာ ထွက်ပေါ်လာသည်။ မေမေ့အကြည့်ကြောင့် မင်းဆန္ဒ မျက်နှာမထားတတ်အောင် ဖြစ်သွားကာ အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။

“ဖန်ဂေါ်လီလုံးလေး ... မေမေ ဒီနေ့ နေမကောင်းလို့ ငါ မလိုက်နိုင်တော့ဘူး၊ sorry ပဲဟာ”





“ဘာလဲ... ငါ ဒီတိုက်ရှေ့ရောက်လာလို့ နင့်အမေ ရောဂါ တက်နေတာလား၊ ငါ့မှာလည်း အလုပ်တာဝန်တွေရှိတယ်၊ အားနေတဲ့မိန်းမမျိုး မဟုတ်ဘူး မင်း၊ ဒီလက်မှတ်နှစ်စောင် ရဖို့လည်း ကြိုပြီး booking လုပ်ထားရတာ”

“ကျွတ် ... ဖန်ဂေါ်လီလုံးလေး၊ တစ်ဆိတ်လောက် နား လည်ပေးပါကွာ၊ မေမေ တကယ်နေမကောင်းလို့ပါ၊ နောက် တစ်ကြိမ်တော့ ငါ့ဘက်က မပျက်ကွက်စေရပါဘူး၊ ပြီး တော့...”

“ပြီးတော့ ဘာဖြစ်လဲ”

“နောက်တစ်ခါ နင်ချိန်းတဲ့နေရာကို ငါလာခဲ့ပါ့မယ်၊ ဒီ အိမ်ရှေ့အထိ နင်မလာပါနဲ့တော့၊ ပတ်ဝန်းကျင်ကမြင်လို့ လည်း မသင့်တော်ဘူးလေ”

“ဘာ ... နင် ဘာစကားပြောလိုက်တာလဲ၊ ငါက နင်ပြော ပုံအရဆို ဘယ်လိုမိန်းမစားမျိုး ဖြစ်သွားပြီလဲ၊ ကားမမောင်း နိုင်တဲ့ နင် သက်သာအောင် ငါလာခေါ်ပေးတာလေ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ၊ ငါ သိပ်ဝမ်းနည်းတယ် မင်း၊ နင်ကပါ ငါ့ကို ဒီလိုအပြောတွေ ပြောလာပြီနော်”

ရန့်ချိုချိုရဲ့ကားလေး ဝူးခနဲ မောင်းထွက်သွားသည်။

“နေပါဦး ... ဖန်ဂေါ်လီလုံးလေး ... ဖန်ဂေါ်လီလုံးလေး”

မင်းဆန္ဒ တစ်ယောက် စိတ်ပျက်လက်ပျက်နှင့် မောင်းထွက်သွားတဲ့ကား မြင်ကွင်းက ပျောက်တဲ့အထိ ရပ်ကြည့်နေသည်။

အမုန်းတွေ မှုန်းခြယ်ထားတဲ့ အာဃာတစည်းက မေမေနဲ့ ဖန်ဂေါ်လီလုံးလေးကြားမှာ ခြားထားပြီလေ။

သူတို့နှစ်ယောက် ပြေလည်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တာ သေချာသွားခဲ့ပြီပဲ။

“ချိုချို မဟုတ်လား သား”

ဖေဖေက သူ့ကို နားလည်ဟန် စိုက်ကြည့်ရင်း မေးသည်။





“ဟုတ်တယ် ဖေဖေ၊ မေမေရော သူပါ အတိတ်ကဖြစ်ရပ်ကို မမေ့နိုင်ကြဘူး၊ သား အရမ်းစိတ်ရှုပ်တယ်၊ စိတ်လည်းညစ်နေတယ်၊ အတိတ်ကို သား ပြန်သတိမရခဲ့ရင်ကောင်းမယ်”

“သိပ်လည်း စိတ်ညစ်မနေပါနဲ့ သားရယ်၊ သားအမေကို ဖေဖေ ဖျောင်းဖျပါ့မယ်၊ ချိုချို့ဘက်ကလည်း လျှော့ပေးနိုင်အောင် သား ကြိုးစားကြည့်ပါ။ တကယ်တော့ အခုဖြစ်တဲ့ကိစ္စမှာ မင်းအမေ မှားခဲ့သလို၊ ချိုချိုလည်း မှားခဲ့တာပဲ၊ ကိုယ့်အမှား ကိုယ်သိပြီး တစ်ယောက်ကိုတစ်ယောက် နားလည်မှုပေးနိုင်မှ ဒီကိစ္စ ပြေငြိမ်းမှာ၊ သားချစ်သူနဲ့ သားကို မကွဲစေချင်သလို၊ သားအမေနဲ့ သားကြားက သံယောဇဉ်ကိုလည်း ပြတ်တောက်မသွားစေချင်ဘူး”

ဖေဖေ့စကားတွေကို သူ ခေါင်းညိတ်နားထောင်ရုံ အပြင် စောဒကတက်စရာ ဘာမှမရှိ။ လေးကန်သော ခြေလှမ်းတွေနှင့် သူ့အခန်းထဲ ပြန်ဝင်လာခဲ့သည်။ စာကြည့်စားပွဲအံဆွဲလေး



www.burmeseclassic.com

www.burmeseclassic.com



အသာဖွင့်ပြီး အယ်လ်ဘမ်ထဲက ဓာတ်ပုံတွေ သူ ထုတ်ကြည့်မိပြန်သည်၊ အားရပါးရပြုံးပြီး သူ့ပခုံးကိုမှီရပ်နေတဲ့ ကောင်မလေး မျက်နှာကို သူ တစိမ့်စိမ့် ကြည့်နေမိသည်။

“မင်းကရော ဘယ်လိုမိန်းကလေးမျိုးလဲ ဆွေသုန္ဒြာ”

သူ့စိတ်ထဲ ရုတ်တရက် ဆွေသုန္ဒြာနဲ့ စကားပြောချင်စိတ်တွေ တဖွားဖွားပေါ်လာသည်။ မသင့်တော်မှန်းသိပြီး သူ့စိတ်ကို ထိန်းချုပ်လင့်ကစား သူ့လက်တွေက ဖုန်းထဲအဆင်သင့် ရိုက်ထည့်ထားသော ဆွေသုန္ဒြာရဲ့ဖုန်းနံပါတ်ကို နှိပ်ဖြစ်အောင် နှိပ်လိုက်မိသည်။

“ဟင်”

ဖုန်းမှာပေါ်လာတဲ့ ကိုကိုရဲ့ဖုန်းနံပါတ်ကိုအတွေ့ သုန္ဒြာ ရင်တွေဆောင့်ခုန်သွားသည်။ ဟင့်အင်း ... ကိုင်လို့မဖြစ်ဘူး၊ သူ့ကို မေ့ပစ်လိုက်ဖို့ ဆုံးဖြတ်ပြီးပြီပဲ။ သူ့အသံကြားရရင် သုန္ဒြာ သူ့ကို စွန့်လွှတ်ဖို့ ခက်ခဲသွားလိမ့်မယ်။

“မမမူယာ”





“အေး ... ဘာလဲ အငယ်မ”

“ဒီဖုန်းကို ကိုင်ပေးပါ၊ သူ မေးရင် ဒီဖုန်း ပြန်ရောင်းသွားတာပါလို့ ပြောပေးပါနော် ”

အထီးကျန်တဲ့ ရက်ပေါင်းများစွာကို ကိုကိုမရှိဘဲ တစ်ယောက်တည်း လျှောက်လှမ်းဖို့ သုန္ဒြာမှာ အင်အားတွေမရှိခဲ့ပါဘူး။ ဒါပေမဲ့ နာကျင်ငိုကြွေးရင်းနဲ့ သုန္ဒြာမလျှောက်မဖြစ် လျှောက်ရတော့မယ်လေ။ ပင်ကီ့ပေါ်မှာ ချစ်တဲ့စိတ်အရင်းခံပြီးမှ သုန္ဒြာကို ကိုကို ချစ်ခဲ့တဲ့အတွက် ကိုကို့အနားမှာ ပင်ကီရှိရင် အရာရာအားလုံး ပြည့်စုံနေမှာပါ။ သုန္ဒြာဆိုတဲ့ တစ်ခါက ချစ်ခဲ့တဲ့ ကောင်မလေးတစ်ယောက်ကို ကိုကို ပြန်သတိရလာတဲ့အခါ အိပ်မက်ချိုလေးတစ်ခုအဖြစ်သာ သတ်မှတ်လိုက်ပါနော်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၈

"ဒါက ဘာလဲ"

စားပွဲပေါ်လာတင်တဲ့ အလုပ်ထွက်စာကိုကြည့်ပြီး ပေးသူ သုန္ဒြာကို ရန့်ချိုချို မော့ကြည့်လိုက်သည်။ သုန္ဒြာရဲ့နှုတ်ခမ်းလေးတွေက တင်းတင်းစေ့နေပြီး ဒီကိစ္စကို ပြတ်ပြတ်သားသား ဆုံးဖြတ်ထားပုံရသည်။





"ထွက်စာလေ ပင်ကီ၊ မထွက်ခင် တစ်လကြိုပြီး တင်ရမယ် ဆိုလို့"

"ဘာအခက်အခဲ ရှိလို့လဲ sky ၊ ယူ ထွက်သွားမှာ တို့မလိုလားဘူး"

"ဟင်း ဟင်း ... ဟန်လုပ်မပြောပါနဲ့ ပင်ကီ၊ ကျွန်မထွက်သွားတာကို ရှင် ကျေနပ်မှာပါ"

"အင်းလေ ... စိတ်ထိခိုက်ခံစားနေရတဲ့ သူ့အတွက် တို့ ဘာပြောပြောလဲ နားဝင်မှာမှ မဟုတ်တာ၊ ကောင်းပါတယ်၊ ယူ တို့ကိုမြင်တိုင်း တနုံ့နုံ့ ခံစားနေရမှတော့ ထွက်တာပဲ ကောင်းတယ်"

ဟုတ်တယ်လေ။ sky က သူမရင်ထဲက တကယ့်စကားကို ကြားချင်တယ် ဆိုမှတော့ ပွင့်ပွင့်လင်းလင်း ဒီလိုပြောရုံပဲပေါ့။

ရတ်တရက် တံခါးလေး ဆွဲဖွင့်သံနဲ့အတူ ဝင်လာတာက မင်းဆန္ဒ။ မထင်မှတ်ထားတာမို့ နှစ်ယောက်သား သူ့ကို ကြောင်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဆွေသုန္ဒြာ”

မင်းဆန္ဒ တိုးညင်းညင်း ခေါ်မိသည်။ ဒီမျက်လုံးလေးတွေက တကယ်ပဲ ဖန်ဂေါ်လီလုံးလေးရဲ့ မျက်ဝန်းတွေလို ပါပဲ။

သူ့ကိုကြည့်နေတဲ့ သူမမျက်ဝန်းတွေထဲမှာ နူးညံ့သိမ်မွေ့ခြင်းတွေ ပျော်ဝင်နေကြသည်။ ပြီးတော့ သတိရလွမ်းဆွတ်ခြင်း အငွေ့အသက်လေးတွေလည်း လွှမ်းခြုံနေသလိုလို။

“မင်း ... မပြောမဆိုနဲ့ ရောက်လာတာပါလား၊ ဘာကိစ္စလဲ”

ရန့်ချိုချို ထိုင်နေရာမှ ချက်ချင်းထ,ပြီး မင်းဆန္ဒလက်မောင်းကို သူမလက်လေးတစ်ဖက် လျှိုသွင်းဖမ်းချိတ်လိုက်ကာ ...

“မိတ်ဆက်ပေးရဦးမယ်၊ ဒါ ဆွေသုန္ဒြာတဲ့ ...

“ဆွေသုန္ဒြာ ... ဒါ တို့ရဲ့ချစ်သူ မင်းဆန္ဒလေ”

“ဟုတ်ကဲ့”

ဒီစကားနှစ်လုံး ထွက်လာဖို့ သုန္ဒြာ တော်တော်အားယူရသည်။ သူမမျက်စိရှေ့မှာ သူမချစ်ရတဲ့ ကိုကိုက တခြားမိန်းမ





နားမှာ။ ဟန်မဆောင်နိုင်အောင် သုန္ဒြာ မျက်နှာပျက်ယွင်းလာသည်။

သုံးစမ်း ... မာယာတွေ။ ဘာမှမဖြစ်သလိုအပြုံးနဲ့ ပင်ကိုရှေ့မှာ ရပ်တည်စမ်းပါ ဆွေသုန္ဒြာ။ ဟင့်အင်း ... မရဘူး။ ဟန်မဆောင်နိုင်ဘူး။ ငါ့နှလုံးသားက သွေးစိမ်းရှင်ရှင် ပန်းထွက်လာသလို နာကျင်လွန်းလို့ မခံနိုင်တော့ဘူး။

သူ့လက်မောင်းကို ချိတ်ထားတဲ့ ရန့်ချိုချို လက်ကို မင်းဆန္ဒ အသာဖယ်ချရင်း ချာခနဲလှည့်ပြီး ပြေးထွက်သွားတဲ့ ဆွေသုန္ဒြာနောက် ပြေးလိုက်သွားမိသည်။

“ဆွေသုန္ဒြာ ... ဆွေသုန္ဒြာ”

ဆွေသုန္ဒြာရှေ့ သူပိတ်ရပ်လိုက်သည်။ မော့ကြည့်လာတဲ့ သူမမျက်ဝန်းမှာ မျက်ရည်တွေကအပြည့်။

“တောင်းပန်ပါတယ် ဆွေသုန္ဒြာ၊ မင်း မငိုပါနဲ့နော် ... မငိုပါနဲ့နော်”

အဲဒီလိုပြောကာမှ ကိုကို့ရှေ့မှာ သုန္ဒြာ အရှက်နည်းစွာ ငိုကြွေးမိသည်။ ရုတ်တရက် ကိုကို့လက်တွေက သုန္ဒြာ့မျက်ရည်စက်တွေကို တယုတယ သုတ်ပေးပြီး သုန္ဒြာ့ခေါင်းလေးဖေ့



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့လက်တစ်ဖက် အုပ်မိုးပြီး သုန္ဒြာဆံပင်လေးတွေကို ခပ်ဖွဖွ သပ်နေသည်။ ဒါ သုန္ဒြာ ကိုကို့ကို စိတ်ကောက်တိုင်း ကိုကို လုပ်တတ်တဲ့ အမူအကျင့်လေ။

"ဒါ ဘာလုပ်နေကြတာလဲ"

ရန့်ချိုချို မျက်လုံးတွေ မီးဝင်းဝင်းတောက်နေသည်။ sky နဲ့ပတ်သက်တဲ့ အတိတ်ကို မင်း ပြန်မှတ်မိသွားပြီလား၊ ရင်ထဲမှာ ဖြောင်းဆန်အောင် ပူလောင်လာသည်။

သုန္ဒြာ မင်းဆန္ဒနားမှ ပြေးထွက်သွားရင်း ဓာတ်လှေကားထဲဝင်လို့ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ studio မှာ အလုပ်လုပ်နေတဲ့ ဝန်ထမ်းတချို့ ဒီအဖြစ်အပျက်ကို လှမ်းမြင်သွားကြသည်။

ရန့်ချိုချို နှုတ်ခမ်းကို ဖိကိုက်ရင်း မင်းဆန္ဒကို ခပ်စူးစူး စိုက်ကြည့်နေသည်။ sky မြင်ကွင်းက ပျောက်သွားတဲ့အထိ သူ ရပ်ကြည့်စရာ ဘာအကြောင်းရှိလဲ။

"မင်း ... နင် ငါ့ကို မျက်လုံးထဲရော ထည့်သေးရဲ့လား ဟင် ... ပြောစမ်း"





"ဖန်ဂေါ်လီလုံးလေး ... ငါ တောင်းပန်ပါတယ်၊ ငါအတိတ်မေ့နေတုန်းက သူနဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်၊ အခုအချိန်မှာ သူ ဘယ်လောက်ခံစားနေရမလဲ၊ နင် ကိုယ်ချင်းစာပေးပါ"

"ကိုယ်ချင်းတော့ စာနာနိုင်ပါတယ်၊ ဒါပေမဲ့ မင်းကို သူ့လက်ထဲ ထည့်ပေးဖို့အထိ မသဒ္ဓါနိုင်တာတော့ အမှန်ပဲ"

"ဖန်ဂေါ်လီလုံးလေး ... ငါ တောင်းပန်ပါတယ်"

"တော်တော့ မင်း၊ ဒီမိန်းမနဲ့ပတ်သက်ပြီး နင်တောင်းပန်တာ ငါ မကြားချင်ဘူး၊ နင့်မှာ ကိစ္စအထွေအထူးမရှိတော့ရင် ပြန်တော့ မင်း၊ ငါ စိတ်မကြည်ဘူး"

TT channel ဝန်ထမ်းတွေကတော့ ဒီသုံးပွင့်ဆိုင်ဇာတ်လမ်းမှာ ကျရှုံးနှုတ်ထွက်သူက ဘယ်သူဖြစ်မလဲ တိုးတိုးတိတ်တိတ်နှင့် လောင်းကြေးတွေ ထပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၈

"အန်ကယ်လ် ... ပင်ကို့ကို ပြောစရာရှိလို့ဆို"

အန်ကယ်လ်သက်ခိုင်ရဲ့ စာကြည့်ခန်းထဲ ရန့်ချိုချို ဝင်လာရင်း Laptop တစ်လုံးနဲ့ အလုပ်ရှုပ်နေတဲ့ ဦးလေးရှေ့မှာ ဝင်ထိုင်လိုက်သည်။ သူ့မိသားစုဝင်တွေရှေ့မှာ မပြောဘူးဆိုကတည်းက သူမကို ဆူဖို့ဆိုတာ ကြိုသိပြီးသား။





ကနေဒါက အန်တီမွန် ဆိုလည်း ဒီအတိုင်းပဲ၊ သူ့သမီး ကက်သရင်းနဲ့ အေမီတို့ရှေ့ဆို သူမကို စကားတောင်မှာမှာ မပြောခဲ့။ သူမ မြန်မာနိုင်ငံပြန်တော့မည်ဆိုတော့ အန်တီမွန်ရော၊ ညီအစ်မဝမ်းကွဲတွေပါ မျက်ရည်လေးတွေစို့လို့။ ညတိုင်း ဖုန်းဆက်ကြတာလည်း အမောပင်။

"နင် ဘာတွေလုပ်နေတာလဲ ပင်ကီ၊ ငါ့ကုမ္ပဏီကို ရိုက်ကွင်းတစ်ခုလို့ ထင်နေတာလား၊ ငါ့မိတ်ဆွေရဲ့သမီး ဆွေသုန္ဒြာနဲ့ ဟိုကောင်လေး မင်းဆန္ဒ၊ ပြီးတော့ နင်၊ ဒီသုံးပွင့်ဆိုင် ဇာတ်လမ်းက ဟိုးလေးတကျော် ဖြစ်နေပြီ၊ နင်က ဒီကုမ္ပဏီမှာ ဒါရိုက်တာတစ်ယောက်ဆိုတာ သတိထားဦးမှပေါ့၊ အနေအထိုင် ဆင်ခြင်ပါ ပင်ကီ၊ ငါ မျက်စိနောက်လာရင် နင် ကနေဒါ ပြန်ရလိမ့်မယ်"

ရန့်ချိုချို နှုတ်ဆိတ်နေသည်။ မင်းနဲ့ sky နဲ့ သူမရဲ့ပတ်သက်မှု အစအဆုံးကို အန်ကယ့်လ်ကို ဇာတ်စုံခင်းပြစရာမှ မလိုအပ်တာ။



www.burmeseclassic.com

www.burmeseclassic.com



"နင့်အမေ မမမြတ်လည်း မရှိတော့ဘူး၊ နင့်အဖေကလည်း အေးရာအေးကြောင်း သာသနာ့ဘောင်ထဲမှာ၊ အခုအချိန်မှာ နင့်အုပ်ထိန်းသူက ငါနဲ့ မမမွန်ပဲ၊ ငါ့အုပ်ထိန်းမှုအောက်မှာ နင် တစ်ခုခုဖြစ်ရင် ငါ့တာဝန်ပဲ ပင်ကီ၊ နင့်ကို သဘောကျလို့ ငါ့ကို လာစကားကမ်းလှမ်းထားတဲ့ သားရှင်တွေ အများကြီးပဲ၊ နင် အဲဒီထဲက တစ်ယောက်ကို ရွေးချယ်ပါ"

သူ့ပြောစကားတွေကို ခေါင်းမညိတ် ခေါင်းမခါ တုံဏှိဘာဝေ လုပ်နေသော ဘူမချောကို ဦးသက်ခိုင် အကဲခတ်ကြည့်လိုက်ရင်းက ...

"ပြီးတော့ ... မင်းဆန္ဒကို အလုပ်ကနေ ရပ်နားပေးလိုက်ပါ"

"ဘာလို့လဲ အန်ကယ်လ်"

"ဘာလို့လဲဆိုတာ ငါ ပြောပြရဦးမှာလား ပင်ကီ၊ ငါ့ကို ဘာမှမသိဘူးလို့ ထင်နေတာလား၊ မင်းဆန္ဒက နင်နဲ့ပတ်





သက်ခဲ့မှန်း သိခဲ့ရင်၊ ငါ သူ့ကို အလုပ်ခန့်ဖြစ်မှာ မဟုတ်ဘူး"

ရန့်ချိုချို စိတ်လှုပ်ရှားစွာ လက်ကလေးတွေ ဖြန့်ချည်ဆုပ်ချည် လုပ်နေသည်။ ဒီအတိုင်းဆိုရင် မလွယ်။ မင်းကို အရမယူနိုင်ခင်မှာပင် အန်ကယ်လ်ပေးစားတဲ့လူကို ယူလိုက်ရမယ့်ကိန်း။ ဒါမျိုးတော့ ရန့်ချိုချိုတို့ ဘယ်အဖြစ်ခံမှာလဲ။

ကနေ့ဒါကနေ မြန်မာပြည်ကို ပြန်လာခဲ့တာ မင်းကို ရယူခြင်းနဲ့ ဒေါ်တင်မမတို့ သားအမိနှစ်ယောက်အပေါ် မကြေပွဲနွှဲဖို့ပဲ။ ပြီးတော့ sky ဆိုတဲ့ ပြိုင်ဘက်တစ်ယောက်ကို အလဲထိုးပစ်နိုင်ဖို့လေ။



www.burmeseclassic.com

www.burmeseclassic.com



## ၂၉

"အိမ်က ငါ့ကို ရှေ့လထဲမှာ စေ့စပ်ပေးတော့မယ် မင်း"

ကော်ဖီခွက်ကိုင်ထားတဲ့ ဖန်ဂေါ်လီလုံးလေးရဲ့ ဖြူသွယ်တဲ့ လက်ချောင်းလေးတွေကို သူ ငေးကြည့်နေမိသည်။ သူ တစ်ခါက ပေးခဲ့ဖူးတဲ့ လက်စွပ်လေးကို ဖန်ဂေါ်လီလုံးလေး





အခုအချိန်အထိ စွဲမြဲစွာဝတ်ထားဆဲပဲလေ။ သူ့မှာရော လက်စွပ်လေး ချစ်သက်လက်ဆောင် ပေးခဲ့တုန်းက ခံစားမှုမျိုး ဖန်ဂေါ်လီလုံးလေးပေါ်မှာ ရှိသေးရဲ့လား။

သူမရဲ့မျက်လုံးလေးတွေဆီ အကြည့်အရောက် သူမကို ပေးစရာအကြွေး ရှိခဲ့သလို သူ ခံယူမိလိုက်သည်။

"နင် ဘာဖြစ်ချင်တာလဲပဲ ပြောပါ ဖန်ဂေါ်လီလုံးလေး"

"ငါပြောပြရမှာလား မင်းရယ်၊ နင်မဟုတ်တဲ့ ယောကျ်ား တစ်ယောက်နဲ့ ငါယူမှာကို နင် ခံနိုင်ရည်ရှိလား မင်း၊ နင် ငါ့ကို အရင်ကလို ချစ်သေးရဲ့လားဟင်"

"ဟင်း"

သူ့ရင်ထဲမှာ သက်မတွေ အကြိမ်ကြိမ်ချမိတာ ဖန်ဂေါ်လီလုံးလေးသာ ကြားရင် ဘယ်လောက်စိတ်ဆိုးလိုက်မလဲ။

"ပြောလေ မင်း"

"အရင်တုန်းကဖြစ်ခဲ့တဲ့ ကိစ္စကို ပြန်စဉ်းစားကြည့်လိုက်ရင် ငါတို့ရဲ့ ငယ်ရွယ်နုနယ်တဲ့ အသက်နဲ့ အတွေ့အကြုံ



www.burmeseclassic.com

www.burmeseclassic.com



မရင့်ကျက်မှုကြောင့်ပဲ ဖန်ဂေါ်လီလုံးလေး၊ အခုအသက်အရွယ်မှာ တစ်ခုခုလုပ်ချင်ရင်တောင် အမှားမရှိအောင် ငါတို့ ချိန်ဆနိုင်ရမယ်လေ”

“အဲဒါ ငါမေးတဲ့မေးခွန်းရဲ့ အဖြေမဟုတ်ဘူး မင်း၊ နင် ဘာလို့ စကားလမ်းကြောင်း ပြောင်းလိုက်တာလဲ၊ ငါသိသွားပါပြီ မင်းရယ်၊ နင် ငါ့ကိုမချစ်တော့ပါဘူး၊ ငါ နင့်ကိုနားလည်သွားပါပြီ၊ ငါ ... ငါ့ဦးလေးပေးစားတဲ့ယောကျာ်းပဲ ယူတော့မယ်၊ ငါလေ မျှော်လင့်ချက်အပြည့်နဲ့ မြန်မာနိုင်ငံကို ပြန်လာခဲ့တာ၊ နင့်တစ်ယောက်တည်းအတွက်နဲ့ပါ၊ အခုတော့ ...”

ပြောရင်း ဖန်ဂေါ်လီလုံးလေးရဲ့ အသံက တိမ်ဝင်သွားသည်။ မျက်ရည်လိုက်လာတာကိုး။ သူက ဖန်ဂေါ်လီလုံးလေးရဲ့လက်ကို ဆုပ်ကိုင်ထားလိုက်သည်။

သူမကို ဖြေသိမ့်စရာစကားတွေ သူ့ရင်ထဲမှာ ရှာမတွေ့သလိုပင်။





“ငါတို့နှစ်ယောက် ဘဝတစ်ခုထူထောင်ဖို့ အဆင်ပြေပါ့မလား ဖန်ဂေါ်လီလုံးလေး၊ နင်နဲ့ ငါသာ ယူလိုက်ရင် နင့်ဘက်က အမွေဖြတ်နိုင်သလို၊ ငါ့ဘက်ကလည်း နင်သိတဲ့အတိုင်းပဲ၊ ငါတို့ အဆင်ပြေပါ့မလား”

“ငါပြောပြီးပြီပဲ မင်း၊ နင်သာ ငါ့အနားမှာရှိရင် အစစအရာရာ အဆင်ပြေပါတယ်”

ဖန်ဂေါ်လီလုံးလေးဘက်က စကားက လမ်းဆုံးနေပြီ။ သူ့ဆုံးဖြတ်ချက်ချဖို့သာ ကျန်တော့သည်။

မျှော်လင့်ချက် ရောင်ခြည်တွေ သမ်းနေတဲ့ ဖန်ဂေါ်လီလုံးလေးရဲ့ မျက်ဝန်းလေးတွေကြောင့် သူ မျက်စိစုံမှိတ်ပြီး သူမလိုချင်တဲ့အဖြေကို ပေးလိုက်မိသည်။

“ကောင်းပြီလေ ဖန်ဂေါ်လီလုံးလေး၊ ငါတို့ နောက်တစ်ကြိမ် ခိုးပြေးကြတာပေါ့၊ နင့်ကို ဂုဏ်သိက္ခာရှိရှိ တောင်းရမ်းမယူနိုင်ခဲ့တဲ့အတွက် ငါ စိတ်မကောင်းပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တတ်နိုင်မလဲဟယ်၊ ငါတို့ကံကိုက ဒီလိုဖြစ်ဖို့ပါလာတယ် ထင်ပါရဲ့၊ ဒီတစ်ခါတော့ ဆိုင်ကယ်မစီးတော့ဘူး နော် မင်း"

ဖန်ဂေါ်လီလုံးလေး မျက်နှာက မှုန်မှိုင်းနေရာမှ ပြန်ကြည်လာသည်။ ဖန်ဂေါ်လီလုံးလေးကို ဥပေက္ခာပြုရက်တဲ့ နှလုံးသားမျိုး သူ့မှာရှိမနေပါ။

ဖန်ဂေါ်လီလုံးလေးက သူ့အပေါ်မှာ သစ္စာရှိသလို သူလည်း သစ္စာရှိပြချင်ပါသည်။

ဖန်ဂေါ်လီလုံးလေး ပြန်သွားတော့ သူ့ခြေထောက်တွေက တစ်နေရာကို အရောက်သွားဖို့ တာဆူနေသည်။ သူ့စိတ်ရဲ့ညွှန်ရာသွားမယ့် ခြေထောက်တွေကို သူ မဟန့်မိပါဘူး။ သူတို့သယ်ဆောင်ရာကိုသာ သူ လိုက်ပါမိသည်။ သူတို့သွားနေတာကတော့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာရှိတဲ့ အိမ်လေးတစ်အိမ်ဆီကို။ အဲဒီအိမ်လေးရှေ့မှာ အဖြူရောင်စက္ကူပန်းပင်ကြီးတစ်ပင် ရှိတယ်လေ။





မှိုင်းညို့နေတဲ့ မိုးသားတိမ်လိပ်တွေကိုကြည့်တော့ မကြာခင် မိုးရွာတော့မယ်လို့ ကြေငြာနေသလိုလို။ ထီးမပါတဲ့ သူ့အတွက်တော့ သူရွာမယ်ဆိုလည်း စိုရမယ့်သူပေါ့။ သူသွားလိုတဲ့ အိမ်ရှေ့ရောက်တာနဲ့ မိုးကတဖြောက်ဖြောက် ရွာလာသည်။ ပြီးတော့ ဒီဂရီတွေတိုးလို့ အငြိုးနဲ့ တအုန်းအုန်း ရွာချလာသည်။

မလှုပ်မယှက်နဲ့ သူ ထိုအိမ်ရှေ့မှာ ရပ်နေမိသည်။ မိုးသည်းသည်းကြားက သူမအရိပ်လေးများ တွေ့လေမလားလို့ မျှော်လင့်တကြီး ဖွေရှာနေမိသည်။ မိုးအပြင် လေကပါ အားဖြည့်လို့ သစ်ပင်ကြီးငယ်တွေ ယိမ်းထိုးလှုပ်ရှားနေကြသည်။ သူကတော့ ရာသီဥတုကို အံတုလို့ ရပ်နေရာမှ တစ်လက်မမှ မရွှေ့မိ။

"သြော် ... ဒုက္ခပါပဲ၊ အလုပ်သွားခါနီးမှ မိုးကရွာရတယ်လို့"

"နှင် အဲဒီအလုပ်က ထွက်လိုက်တာပဲ ကောင်းပါတယ် သမီးရယ်၊ နင့်အလုပ်ကြီးက ဘာကြီးမှန်းမသိဘူး၊ မနက်ဆိုင်းဆင်းရ ညဆိုင်းဆင်းရနဲ့၊ အခုလို မိုးနဲ့လေနဲ့ကျတော့ သွားရလာရတာ ဘယ်အဆင်ပြေမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သွားမှ ... သွားမှ ... မိုးစဲတဲ့အထိ စောင့်နေရှင် နောက်ကျသွားလိမ့်မယ်၊ ကားစောင့်ဖို့ အချိန်လည်းယူရဦးမှာ"

သုန္ဒြာ ထီးလေးကိုဖွင့်ပြီး အိမ်ရှေ့အုတ်လှေကားပေါ်က ဆင်းလာသည်။

"ဟင်"

အိမ်ရှေ့မှာ မိုးထဲလေထဲ တုန်တုန်ခိုက်ခိုက်နှင့် ရပ်နေသူတစ်ဦး။ သူ ... ကိုကို။ သူ ဘာလာလုပ်တာလဲ။ သူ ... သူ ... သုန္ဒြာကို ပြန်သတိရသွားပြီလား။

သုန္ဒြာ ကိုကို့ဆီ ကပျာကယာပြေးသွားပြီး သူ့အရပ်ကြီးကို အုပ်မိုးမိအောင် လက်ဆန့်တန်းပြီး သူ့ကိုလုံအောင် ထီးမိုးပေးလိုက်သည်။

"သုန္ဒြာ"

"ကိုကို"

ကိုကို့နှုတ်ခမ်းတွေက ပြာနေသည်။ ထီးကိုင်ထားတဲ့ သုန္ဒြာလက်တွေကို ဆုပ်ကိုင်လာတဲ့ ကိုကို့လက်တွေကလည်း ရေခဲတမျှ အေးစက်နေသည်။





"ကိုကို ... ဒီမှာ ဘာလုပ်နေတာလဲ၊ ဖျားတော့မှာပဲ"

"သုန္ဒြာ့ကို လာနှုတ်ဆက်တာပါ၊ ဖုန်းဆက်ရင် မကိုင်လို့လေ"

မိုးထဲမှာ ကိုကို့အသံက အက်ကွဲနေသလိုပင်။ ကြားရတဲ့ သုန္ဒြာရဲ့နှလုံးသားလည်း ဟက်ခနဲ အက်ကွဲသွားသည်။

"ကိုကို ဘယ်သွားမလို့လဲဟင်"

"သုန္ဒြာနဲ့ ပြန်မဆုံနိုင်တဲ့ အဝေးဆုံးကိုပေါ့၊ ကိုကို့ကို နားလည်ပေးပါလို့ မတောင်းဆိုရက်ပါဘူး သုန္ဒြာ"

"ကိုကို့ရယ်"

"သုန္ဒြာ ဟိုတစ်နေ့က ကိုကို့ရှေ့မှာ ငိုကတည်းက ကိုကို အားလုံးကို ပြန်သတိရခဲ့တာပါ၊ ဒါပေမဲ့ ..."

"ဟင့်အင်း ... မပြောပါနဲ့တော့ ကိုကို၊ သုန္ဒြာ သဘောပေါက်သွားပါပြီ၊ ကိုကို သွားပါ၊ သူ့ဆီကိုသွားပါ ကိုကို၊ သုန္ဒြာ့အတွက် ... သုန္ဒြာ့အတွက် ကိုကို နောင်ဆံမတင်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း တင်းထားတဲ့ကြားက သုန္ဒြာ မျက်ရည်ကျလာပြန်သည်။ ဒီမျက်ရည်စက်တွေကို ကိုကိုက တယုတယ သုတ်ပေးသည်။ ဒါ ကိုကို့ဆီကရခဲ့တဲ့ နောက်ဆုံးကြင်နာမှုလေးတစ်ခုပဲ ဖြစ်မှာပါ။

"သုန္ဒြာကို ကိုကို အရမ်းချစ်ပါတယ် ကလေးရယ်"

"ကိုကို့ကိုလည်း သုန္ဒြာ သိပ်ချစ်ပါတယ်"

နောက်ဆုံးအနေနဲ့ သုန္ဒြာတို့ တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ်တမ်း အတန်ကြာ ကြည့်နေမိကြသည်။ သုန္ဒြာက အရင့်စ,လို့ ရင်နာစွာနှင့် ကိုကို့ကို ကျောခိုင်းထွက်ခွာခဲ့သည်။ မိုးကလည်း စဲပြီ။ မှောင်ရီလည်းပျိုးပြီ။ သုန္ဒြာတို့ဇာတ်လမ်းလေးလည်း ဒီမှာတင်ပဲ ပြည်ဖုံးကားချလို့ နိဗ္ဗာန်တဲ့သွားပြီလေ။





## အခန်း ၁၀

"တောက်"

ရန့်ချိုချို အလိုမကျစွာ တက်ခေါက်လိုက်သည်။ ဒီနေ့တစ်နေ့လုံး မင်းကို ဖုန်းဆက်မရ။ စက်ပိတ်ထားပါသည်နှင့်သာ တိုးနေသည်။ ဘာဖြစ်တာလဲ။ နေဦး ... သူမတို့ရဲ့အကြံအစည်ကို သူ့အမေ ရိပ်မိသွားလို့များ သူ့သားကို ထိန်းချုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာလား။ အတိတ်ကဖြစ်ရပ်ကို ရန့်ချိုချို မျက်လုံးထဲ ပြေးမြင်လာသည်။ ဒါဖြစ်နိုင်တာပေါ့။ ဒေါ်တင်မမက သူ့သားကို သူမလက်ထဲမရောက်အောင် အစွမ်းကုန်ကာကွယ်တားဆီးမှာပဲ။

စိတ်မြန်သူပီပီ ရန့်ချိုချို သူတို့အိမ်ဖုန်းကို ခေါ်လိုက်သည်။ လာကိုင်တာက ဒေါ်တင်မမ။

"မင်းနဲ့ ပြောချင်လို့ပါ"

"ချိုချိုလားဟော့၊ မင်းဆန္ဒ ညည်းနဲ့စကားပြောနိုင်မှာမဟုတ်ဘူး၊ သူ ဖျားနေလို့၊ ဆရာဝန်တောင် အိမ်ပင့်ရတယ်"

"ဟုတ်လို့လားရှင်၊ တစ်နေ့က ကျွန်မနဲ့တွေ့တုန်းက အကောင်းပကတိကြီးပါ"

"မယုံလည်း မတတ်နိုင်ဘူးဟော့၊ ညည်းမျက်နှာကို မမြင်ချင်လို့ လာကြည့်ခွင့်တော့ မပေးနိုင်ဘူး၊ လာကြည့်ရင်လည်း ညည်း စိတ်ဆင်းရဲရမှာ အမှန်ပဲ"

ဒေါ်တင်မမ အသံက သူမနားထဲ ထော်လော်ကန့်လန့်ဝင်လာသည်။ မျက်နှာမမြင်ချင်လောက်အောင် မုန်းတယ်တဲ့လား။ အမုန်းချင်းပြိုင်ရင် သူမက ပိုတောင်သာမှာပါ။-





"စိတ်ဆင်းရဲရမယ်ဆိုတာ ဘာကိုဆိုလိုတာလဲ မသိဘူး"

"တစ်ချိန်လုံး သူ ကယောင်ကတမ်းခေါ်နေတာ 'ဆွေသုန္ဒြာ' ဆိုတဲ့ နာမည်မို့လို့လေ၊ ဒါပဲ ချိုချို၊ ငါ ဒီမှာအလုပ်ရှုပ်နေတယ်"

တကယ်ပဲ။ ဒါ တကယ်ပဲလား။ သုန္ဒြာနဲ့ပတ်သက်ခဲ့တဲ့ အတိတ်ကို ပြန်သတိရလာပြီလား။ ဒါမှမဟုတ် ဒေါ်တင်မမ တမင်လုပ်ကြံပြီး ပြောတာလား။ ဘာလုပ်လို့ လုပ်ရမှန်းမသိဖြစ်နေတုန်း လက်ခနဲ အတွေးတစ်ခု ရန့်ချိုချို ခေါင်းထဲ ဖြာသွားသည်။ sky ... ဟုတ်တယ်။ sky ဆီ ဖုန်းဆက်ကြည့်ရင် တစ်ခုခုတော့ သူမ သိနိုင်မှာ။

"ဟယ်လို ... sky လား"

"ဩော် ... ပင်ကီ၊ ဘာကိစ္စလဲ"

"ဒီရက်ထဲမှာ မင်းနဲ့ တွေ့သေးလား"

"ကျွန်မနဲ့ ဘာဆိုင်လို့ တွေ့ရမှာလဲ"

"သူ့ဆီ ဖုန်းခေါ်လို့မရဘူး၊ အိမ်ကိုဆက်ကြည့်တော့ အပြင်းဖျားနေလို့ အိမ်ကို ဆရာဝန်ပင့်ရတယ်ဆိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟုတ်လား၊ သူ ဟိုနေ့က မိုးမိသွားလို့ဖြစ်မယ်၊ ဒုက္ခပါပဲ"

"ယူ ဘယ်လိုသိလဲ sky "

sky ဘက်က နှုတ်ဆိတ်နေသည်။ သေချာပါသည်။ သူမ နောက်ကွယ်မှာ သင်းတို့နှစ်ယောက် တွေ့ကြသည်ပေါ့။

ဒီပုံအတိုင်းဆို sky ကို မင်း ပြန်မှတ်မိသွားတာ သေချာသွားပြီ။

"သူ ကျွန်မကို နောက်ဆုံးအနေနဲ့ လာနှုတ်ဆက်တာပါ ပင်ကီ၊ သူ ရှင့်ကိုပဲ ရွေးချယ်လိုက်တာပါ၊ အဲဒီအတွက်ကြောင့် ရှင် သောကမရောက်စေချင်ဘူး ပင်ကီ"

"ဆိုလိုတဲ့သဘောက အဲဒီနေ့က သူ ယူ့ကိုလာတွေ့ပြီး အလွမ်းသယ်သွားတယ်ပေါ့ ... ဟုတ်လား၊ ယူတို့နှစ်ယောက်အတွက် တို့က ငဲ့ညှာစရာ သနားစရာ သတ္တဝါမလား။ ဒါမှမဟုတ် ဗီလိန်မတစ်ယောက်ပေါ့ ဟုတ်လား"

"ဘာတွေပြောနေတာလဲ ပင်ကီ၊ ရှင်ချစ်တဲ့သူကို ပိုင်ဆိုင်ခွင့်ရတဲ့ အနေအထားမှာ ရှင် ဘာကိုမကျေမနပ် ဖြစ်နေ





တာလဲ၊ ရှင်က သိပ်စိတ်ပျက်စရာကောင်းတဲ့ မိန်းမတစ်ယောက်ပဲ"

"ဘာ"

sky က ပြောပြောဆိုဆိုနဲ့ ဖုန်းချပြီး ကစ်ခါတည်းစက်ပိတ်လိုက်သည်မို့ သူမ ဒေါသတွေက လက်ထဲက ကိုင်ထားသည့်ဖုန်းပေါ်ကျလို့ ဒေါသတကြီး ကြမ်းပြင်ပေါ်ကို ပစ်ပေါက်ချလိုက်သည်။

ပြီးတော့ လူက ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ်သွားသလို ပုံလျက်ထိုင်ကျသွားသည်။ သူမက တကယ်ပဲ စိတ်ပျက်စရာကောင်းတဲ့ မိန်းမတစ်ယောက် ဖြစ်နေပြီလား။ ချစ်တဲ့ယောကျ်ားရဲ့နှလုံးသားမှာ သူမ မရှိတော့ပါ။ တော်ရမယ့် ယောက္ခမရဲ့အမုန်းတရားကလည်း ကြောက်စရာ လန့်စရာ။ သူမလျှောက်နေတဲ့လမ်းက မှန်ရောမှန်ရဲ့လား။ ရန့်ချိုချိုဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝက ဒီလိုအဆင်မပြေမှု၊ မသာယာမှု၊ ပူလောင်မှုတွေနဲ့အဆုံးသတ်သွားရမှာလား။



www.burmeseclassic.com

www.burmeseclassic.com



၃၁

ဖန်ဂေါ်လီလုံးလေးက သူ့ရဲ့အချစ်ဦး ဖြစ်ခဲ့သလို သုန္ဒြာကလည်း သူ့ရဲ့အချစ်ဆုံး ဖြစ်ခဲ့ပါသည်။ ဦးနှောက်က ရွေးချယ်ဖို့ အမိန့်ပေးသူကတစ်ယောက်၊ နှလုံးသားကတောင့်တ မိသူကတစ်ယောက်ပေါ့။





"နင် မှိုင်နေသလိုပဲ မင်း၊ နင့်ကိုကြည့်ရတာ စိတ်နဲ့လူနဲ့ မကပ်သလိုပဲ"

သူ့လက်တစ်ဖက်ကို ကြင်နာစွာ ဆုပ်ကိုင်လာတဲ့ ဖန်ဂေါ်လီလုံးလေးရဲ့ လက်ကလေးကို လွှတ်ချပစ်ဖို့ သူ မဝံ့ရဲခဲ့ပါဘူး။

"အရမ်းချစ်တယ်"လို့ သူပြောခဲ့ဖူးသူ တစ်ယောက်ပဲလေ။

"နင့်အမေနဲ့ ပြဿနာတက်မှာ စိုးရိမ်နေတာလား မင်း၊ ငါ ကတိပေးပါတယ်၊ နင်နဲ့လက်ထပ်ပြီးရင် ငါ နင့်အမေကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါ့မယ်၊ ငါ့ရိုင်းပျမှုအတွက်လည်း တောင်းပန်ပါ့မယ်၊ အခုတော့ အဆင်မပြေဘူးလေ၊ နင်သိတဲ့အတိုင်းပဲ၊ သူ ငါ့မျက်နှာကိုတောင် မြင်ချင်တာ မဟုတ်ဘူး၊ နောက်တော့မှ ဒီလိုပဲ ဖြည်းဖြည်းချင်း ဝင်ရမှာပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



သူ အားယူပြီး ခပ်ဖွဖွ ပြုံးပြလိုက်သည်။ ဖန်ဂေါ်လီလုံးလေးဘက်က အများကြီး လျှော့ပေးနေပြီပဲ။ သူ အတိတ်မေ့စဉ်က သူနဲ့ ချစ်ခဲ့တဲ့ကိစ္စကိုလည်း သူမက သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ပေးပါတယ်တဲ့လေ။

"ငါတို့ လက်ထပ်ပြီးရင်လေ ကွန်ပျူတာသင်တန်းတစ်ခု ဖွင့်ရအောင်၊ နင်က thesis ပြီးရင် မာစတာဘွဲ့ရမှာ မဟုတ်လား၊ အဲဒီသင်တန်းမှာ နင် ဦးစီးပေါ့၊ ဘဏ်ထဲမှာ ငါ့ငွေစာရင်းရှိတယ်၊ မေမေ ငါ့ကို သူ့အမွေလွှဲပေးခဲ့တာလေ"

"ငါနဲ့ အတူနေရမှာ နင် သိပ်ပျော်တာပဲလားဟင် ဖန်ဂေါ်လီလုံးလေး"

ဖန်ဂေါ်လီလုံးလေးက သူ့စကားကို သဘောကျသွားသည်ထင့် . တိုးညင်းညင်းရယ်သည်။

"မေးစရာလား မင်း၊ ငါ နင်နဲ့နီးချင်လို့ ဟိုးအဝေးကြီးကတောင် လာခဲ့ရတာ"





ဦးနှောက်က အမိန့်တွေက နှလုံးသားရဲ့ဆန္ဒကို ကြီးမားတဲ့အင်အားတစ်ခုနဲ့ အနိုင်ယူလိုက်သလိုပါပဲ။ သူ့နှလုံးသားက ဒဏ်ရာအနာတရနဲ့ နာကျင်စွာ အရှုံးပေးလိုက်ရတယ်၊ ကံကြမ္မာကို ယိုးမယ်မဖွဲ့ချင်ပေမယ့် တစ်ဆိတ်တော့ သူ ကိုယ့်အပေါ် ရက်စက်လွန်းပါတယ်။

"အချိန်မရှိတော့ဘူး မင်း၊ ငါ့ဦးလေး ခြေလှမ်းထက်ဦးအောင် ငါတို့ လှမ်းမှဖြစ်တော့မယ်"

ရက်တစ်ခုကို ဖန်ဂေါ်လီလုံးလေးက သတ်မှတ်ပေးလိုက်သည်။ သူ့မှာ ခေါင်းညိတ်သဘောတူရုံအပြင် ဘာမှလုပ်စရာမရှိ။ သူ မဟုတ်တဲ့ ရင်ခွင်တစ်ခုကို မသွားချင်တဲ့ အခုအချိန်အထိ သူ့ကိုချစ်ဆဲ ဖန်ဂေါ်လီလုံးလေးရဲ့ဆန္ဒကို သူ အသည်းကွဲခံပြီး ဖြည့်ဆည်းပေးလိုက်ပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၂၁

မေမေနဲ့ဖေဖေကို သူ့ကိုခွင့်လွှတ်ဖို့ တောင်းပန်စာရေးအပြီး မစွန့်ပစ်ရက်တဲ့ သုန္ဒြာရဲ့ဓာတ်ပုံလေးတွေကို သူ မျက်နှာအပ်ထားလိုက်သည်။ ပူနွေးတဲ့ သူ့မျက်ရည်စ,တွေ သုန္ဒြာပုံလေးပေါ်မှာ စွန်းထင်းသွားသည်။





နောက်ဘ၀ ပြန်ဆုံကြရင် ငါ မင်းကို အကြွေးဆပ်ပါ့မယ် သုန္ဒြာ။ အတိုးပါပေါင်းပြီးတော့ပေါ့။ မင်းစိတ်ထဲမှာ ငါ့ကို တွေဝေတတ်တဲ့၊ မပြတ်သားတတ်တဲ့ ယောကျ်ားတစ်ယောက်လို့ ထင်ကောင်း ထင်နေမှာပါ။

ပြတ်သားတယ်ဆိုတဲ့ စကားရပ်မှာ သနားညှာတာခြင်း၊ ထောက်ထားငဲ့ညှာခြင်းဆိုတဲ့ လူမှုရေးကျင့်ဝတ်တွေ မရှိရိုးအမှန်ပါ။ ဖန်ဂေါ်လီလုံးလေးနဲ့ လူမှုရေးအရ ပတ်သက်ခဲ့ဖူးသူမို့ "ပြတ်သားခြင်း"ဆိုတဲ့ စကားမျိုး ဖန်ဂေါ်လီလုံးလေးနဲ့ ပတ်သက်ပြီး မသုံးနိုင်ခဲ့တာ သုန္ဒြာ နားလည်စေချင်ပါတယ်။

အတူနေရင် လုပ်ဖို့အလုပ်တွေ၊ နေစရာနေရာကအစ ဦးဆောင်ပြီး တက်ကြွစွာ စီမံနေတဲ့ ဖန်ဂေါ်လီလုံးလေးနဲ့ ပျော်ရွှင်မှုကို သူ မဖျက်ဆီးရက်ပါဘူး။

လက်ကနာရီကိုကြည့်တော့ နေ့လယ် ဆယ့်နှစ်နာရီ။ သူတို့ချိန်းထားတာ မထင်ရှားတဲ့ ဟိုတယ်တစ်ခုမှာ။ ရှေ့နေရှေ့ရပ်ကိုပါချိန်းပြီး နေ့လယ်စာကျွေးပြီးမှ လက်ထပ်စာချုပ်မှာ လက်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထိုးကြမည်ဟု ဖန်ဂေါ်လီလုံးလေး စီစဉ်သည်။ သူကတော့ ဖန်ဂေါ်လီလုံးလေး စီစဉ်သမျှကို ခေါင်းညိတ်ပြီး သူမ စိတ်ချမ်းသာသလို စီမံစေခဲ့သည်။

မှုမပျက်တဲ့ မျက်နှာထားနဲ့ သူ အိမ်ကထွက်ခဲ့သည်။ မေမေ့မျက်နှာကြည့်ရင် ဝမ်းနည်းရမှာစိုးလို့ သူ မကြည့်ခဲ့။

"အပြင်မှာ အကြာကြီးမနေနဲ့နော် မင်းဆန္ဒ"

မေမေ့စကားက သူ့နောက်ပါးမှာ ကပ်ပါလာသည်။ ဝဲလာတဲ့မျက်ရည်ကို မကျအောင် သူမနဲ့ထိန်းလိုက်ရသည်။ အခန်းထဲမှာ သူထားခဲ့တဲ့စာကို မေမေ့တွေ့ရင် သားမိုက်ကို စိတ်အနာကြီး နာသွားမှာပါ။

သူ့မှာလည်း ရွေးစရာလမ်းမှ မရှိတာ။ ဖန်ဂေါ်လီလုံးလေးကို နောက်တစ်ကြိမ် မနာကျင်စေချင်ပါဘူး။

ဟိုတယ်ရောက်တော့ reception မှာ ဖန်ဂေါ်လီလုံးလေး ရောက်မရောက် သူ စုံစမ်းကြည့်သည်။ အိမ်က ထွက်လာကတည်းက သူ ဖုန်းလှမ်းဆက်တော့ သူမဖုန်းက ပိတ်ထားသည်။





"ဩော် ... ရှင်က မင်းဆန္ဒ ဆိုတာလား၊ ဆယ်တစ်နာရီလောက်က မရှန်ချိုချို ရောက်လာပါတယ်။ ရှင် ရောက်လာရင် ဒီစာပေးဖို့ ပြောသွားပါတယ်၊ ဒီနေ့တစ်နာရီမှာ သူ ဈေးစပ်ပွဲရှိလို့ ရှင်လာတဲ့အထိ မစောင့်နိုင်ဘူးလို့ ပြောပါတယ်၊ ကြိုတင်မှာထားတဲ့ ဝမ်းတေဘယ်လ်လည်း အဆင်သင့် ဖြစ်နေပါပြီ၊ ကျွန်မနောက်ကို လိုက်ခဲ့ပါ"

"ဗျာ"

မင်းဆန္ဒ ကိုယ့်နားတောင် ကိုယ်မယုံနိုင်။ ဘာတွေဖြစ်ကုန်တာလဲ။

ဖန်ဂေါ်လီလုံးလေး ပေးခဲ့တဲ့စာလေးကို ကိုင်ပြီး ယောင်နနနဲ့ ဟိုတယ်ဝန်ထမ်းမလေးနောက် လိုက်သွားမိသည်။

စားကောင်းသောက်ဖွယ်များစွာနှင့် ခင်းကျင်းထားတဲ့ စားပွဲတစ်ခုက သူ့ကို ဆီးကြိုနေသည်။ သို့သော် စားမည့်သူက သူတစ်ယောက်တည်း။ သူ ထိုင်ခုံတစ်ခုံမှာ ဝင်ထိုင်ရင်း ဖန်ဂေါ်လီလုံးလေးပေးတဲ့စာကို ဖောက်ဖတ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ...

ဒီစာ မဖတ်ရသေးခင်တော့ နင် အရမ်းအံ့သြပြီး နားမလည်နိုင်အောင် ဖြစ်နေမှာပါ၊ အတိတ်က တို့နှစ်ယောက်တူညီတဲ့အချစ်တွေနဲ့ (အချစ်လို့ နင်ထင်ခဲ့တာပေါ့နော်) ချစ်ခဲ့ကြပေမယ့် အခုအချိန်မှာ နင့်နှလုံးသားကို ဆွေသုန္ဒြာကို ပေးလိုက်ရလို့ ငါ့အတွက် အချစ်မရှိတဲ့ ဗလာသက်သက်ပဲ ကျန်ခဲ့တော့တယ်။

တစ်ချိန်က ငါ့အပေါ်မှာ နင့်အမေနဲ့ အစ်မရဲ့ ငွေဂုဏ်မောက်ပြီး ရိုင်းပျခဲ့မှုအပေါ်မှာ ငါ အငြိုးထားခဲ့တယ်ဆိုတာ ဝန်ခံပါတယ် မင်း။ အဲဒီအတွက်ကြောင့်လည်း နင့်ကို အရယူဖို့ ငါ ကြိုးစားခဲ့တယ်။ ပထမအကြိမ်တုန်းက ငါ့မျက်လုံးလေးတွေရဲ့ လှပမှု ပျက်စီးခဲ့ရတယ်။ အခု ဒုတိယအကြိမ် ငါကြိုးစားတော့လည်း ငါ့နှလုံးသားပျက်စီးခဲ့ရပြန်တယ်။



BURMESE CLASSIC .com



ငါနဲ့ပတ်သက်ပြီး နှလုံးသားမရှိတော့တဲ့လူကိုယူပြီး ငါ့ကိုမလိုလားတဲ့အသိုင်းအဝိုင်းထဲမှာ ငါပျော်နိုင်မယ်လို့ မထင်ပါဘူး၊ နှလုံးသားကို စတေးပြီးပြခဲ့တဲ့ နင့်ရဲ့ယောကျ်ားပီသတဲ့ တာဝန်ယူချင်တဲ့စိတ်ထားလေးကို ငါ လေးစားပါတယ် မင်း။ ဒါပေမဲ့ ငါ့မျှော်လင့်ချက်တွေကို နင်မရည်ရွယ်ဘဲ ရိုက်ချိုးပစ်ခဲ့တဲ့အတွက် နင့်ကို စိတ်အနှောင့်အယှက်ပေးခြင်းနဲ့ ဒီလောက်တော့ ပညာပြခွင့်ပြုပါ။

ငါ ဒီနေ့ SUN & MOON ကုမ္ပဏီက ဒါရိုက်တာတစ်ယောက်နဲ့ စေ့စပ်တော့မယ်လေ။ သူက ငါ့ကိုတန်ဖိုးထား ချစ်ခင်ပါတယ်။ သူ့မိသားစု အသိုင်းအဝိုင်းကလည်း ငါ့ကို လိုလားကြတယ်။ နင်ပြောခဲ့သလိုပဲ ကိုယ့်ဘဝအတွက် ဖြစ်သင့်တာကို စဉ်းစားချင့်ချိန်ရတော့မယ်လေ။ ဆွေသုန္ဒြာနဲ့အတူ သာယာပျော်ရွှင်တဲ့ ဘဝလမ်းကို လျှောက်လှမ်းနိုင်ပါစေလို့ ငါ ဆုတောင်းလိုက်ပါတယ် မင်း။



www.burmeseclassic.com

www.burmeseclassic.com



P.S ဆွေသုန္ဒြာ ဒီလကစ,ပြီး အလုပ်ထွက်သွားပါပြီ။ နင့်ကိုလည်း ငါ့ဦးလေးအမိန့်အရ ပျက်ကွက်နဲ့ အလုပ်ထုတ်ပစ်လိုက်ပြီ"

သူ ဖန်ဂေါ်လီလုံးလေးရဲ့ စာလေးကို လေးခေါက်ချိုးပြီး အင်္ကျီအိတ်ကပ်ထဲထည့်လို့ ဟိုတယ်ထဲက ပြေးထွက်လာခဲ့သည်။ သူ့စိတ်တွေက လှောင်ချိုင့်ထဲက လွတ်လာတဲ့ ငှက်ငယ်တစ်ကောင်ရဲ့ စိတ်ခံစားမှုလို လွတ်လပ်ပေါ့ပါးလွန်းနေသည်။ သွက်လက်တဲ့ သူ့ခြေလှမ်းတွေ ဦးတည်နေတာက သူ့ရဲ့အချစ်ဆုံး မိန်းကလေး ... ဆွေသုန္ဒြာဆီကိုလေ ...။

**အသင်**

၂-၉-၁၂

ပေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အသင်

အကြင်နာ တကယ်စစ်ရင်



www.burmeseclassic.com